ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူ နေရခြင်းသည် ရန်သူနှင့်အတူ နေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၀ ပြည့်နှစ် တန်ခူးလဆန်း ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 11 April 2019 ၉၆၁၈

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟွန်းဆန် ကမ်ဒါလာဗွန်က သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ ဟွန်းဆန် ကမ်ဒါလာဗွန်သည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး(ဗဟို)တို့မှ အဖွဲ့ဝင်များ မိတ်ဆုံညစာစားပွဲကျင်းပ




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးတင်နွယ်(ဆြာနွယ်)က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပုံတူပန်းချီကား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၁၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး(ဗဟို)တို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ မိတ်ဆုံညစာစားပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

မိတ်ဆုံညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ သူရဦးအောင်ကို၊ ဦးသောင်းထွန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး(ဗဟို)တို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့**

ကြေးမုံ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

**ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပို ပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ တတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၄) မျက်နှာဖြင့် ဖော်ပြထားပါသည်။

**ကြေးမုံ သ တင်း အ ညွှန်း**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန www.tourism.gov.mm ဝက်ဘ်ဆိုက်လွှင့်တင်

စာမျက်နှာ » ၂

......................

တိုင်းရင်းသားများ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်

စာမျက်နှာ » ၁၀

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကြေးမုံ

# မိုးလေပက်ဖျန်း တန်ခူးလအေးချမ်း

တန်ခူးလသည် နွေလဖြစ်သည်။ သင်္ကြန်ကျသောလ ဖြစ်သည်။ တန်ခူးလ၌ ရွာသောမိုးသည် အထူးအဆန်းမဟုတ်၊ ပုံမှန်သင်္ကြန်မိုး၊ ဖက်ဆွတ်မိုးသာ ဖြစ်သည်။ တန်ခူးလသည် နွေလဖြစ်သဖြင့် အလွန်ပူပြင်းလှသည်။ ဥတုရာသီပုံမှန်ဖြစ်သော ရှေးရှေးကာလက သင်္ကြန်မိုး၊ ဖက်ဆွတ်မိုးသာ ဆိုနိုင်သော်လည်း ဥတုရာသီဖောက်ပြန်သော ယခုလိုကာလ၌ ပုံမှန်မဟုတ်သည့် မိုးလေကိုလည်း သတိပြုရမည်ဖြစ်သည်။

ဤတန်ခူးလအခါတွင် ပူပြင်းသော အသူရိန်နေမင်း၏ ပြင်းပြသော အပူဒဏ်သက်ဆင်းမှုကြောင့် လူသတ္တဝါနှင့် သစ်ပင်ပန်းမန်များ ညှိုးနွမ်းကြသည်။ သစ်ပင်ပန်းမန်တို့ ရင့်ရော်ခြောက်သွေ့ ကြွေလွင့်ကြရသည်။ လူသတ္တဝါတို့အနေဖြင့် အပူဒဏ်ကို ပြင်းစွာခံစားကြရသည်သာမက ရာသီဥတုဖောက်ပြန်မှုကြောင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကိုလည်း သတိမူရသည်။ လက်ရှိတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအနှံ့၌ ထစ်ချုန်းမိုးရွာသွန်းမည်ဟု အသိပေးထားသည်။ မြန်မာပြည်အထက်ပိုင်း အချို့ဒေသများတွင် မိုးသက်လေပြင်းတိုက်ခတ်မှုနှင့် ကြုံနေရသည်။

မည်သို့ပင်ဖြစ်စေ တန်ခူးလမိုးသည် ပူပြင်းသောရာသီဥတု၏ဒဏ်ကို အတိုင်းအတာတစ်ခုမျှ လျော့ပါးသက်သာစေလျှင်မှု အကျိုးများသည်ဟု ဆိုနိုင်သည်။ တန်ခူးလ၏ ပုံမှန်သဘာဝအရလည်း တန်ခူးမိုးဖြင့် ကောင်းခြင်းကို ဆောင်ပေးသည့်သဘာဝရှိသည်။ ရိုးရိုးမိုးအသွင်မျိုးထက် အထူးအဆန်း မိုးထူးဆန်း ဖြစ်သည်။ တန်ခူးလတွင် ရွာသောမိုးသည် သည်းသည်းထန်ထန် ရွာသွန်းသောမိုးမဟုတ်၊ ဖက်ရွက်များ စွတ်စိုရုံလောက်သာ ရွာသွန်းသောမိုးဖြစ်သည်။

ရော်ရင့်ရွက်ဝါတို့သည် ဤတန်ခူးလတွင် နွေအပူ၏ နင်းခြေမှုကြောင့် ပင်ထက်မှ မြေသို့လျှော့သက် ကြွေကျရသည်။ ရွက်ခြောက်တို့သည် အမှိုက်အဖြစ် စုပုံပျံ့နှံ့ကြသည်။ တပေါင်း၊ တန်ခူးလေရူး၏ တိုက်ခိုက်မှုကြောင့် ဝန်းကျင်တစ်ခွင်မှ အမှိုက်သရိုက်တို့ကို သင်္ကြန်မိုးက ဆေးကြောသန့်စင်ပေးသည်။ သင်္ကြန်မိုးကြောင့် တန်ခူးလ၌ ကြွေကျသက်ဆင်းသော ရွက်ဟောင်းတို့နေရာတွင် ရွက်သစ်တို့ ဖူးငုံပွင့်စီလာကြသည်။ တန်ခူးလ၌ ဖက်ဆွတ်ပန်းတို့သာမက ပိတောက်ပန်း၊ ကံ့ကော်ပန်း၊ ရင်ခတ်ပန်းတို့လည်း ဖူးပွင့်ကြသည်။

ထို့ကြောင့် တန်ခူးလသည် အပူရှိန်ပြင်းလွန်းသဖြင့် လူတို့အနေဖြင့် ညစ်ညူးခြင်းကို ဖြစ်ကြသော်လည်း သင်္ကြန်မိုး၊ ဖက်ဆွတ်မိုးကြောင့် လောကတစ်ခွင်တွင် လန်းဆန်းသစ်လွင်ဝေဆာလာပြန်ရာ စိတ်ကြည်နူးမှုကို ဖြစ်စေပြန်သည်။ နောက်တစ်မျိုးတွင် တန်ခူးလသည် မြန်မာသက္ကရာဇ်အားဖြင့် နှစ်တစ်နှစ်မှ နှစ်တစ်နှစ်သို့ ကူးပြောင်းမည့်လဖြစ်သည်။ နှစ်ဟောင်းမှ ကိုယ်စိတ်နှလုံး စွန်းထင်းပေကျံမှုများကို နှစ်သစ်တွင် ဆေးကြောသန့်စင်ရမည့်ကာလဖြစ်သည်။

တန်ခူးလတွင် ကြွေကျသက်ဆင်းသော အမှိုက်ခြောက်တို့သည် ဒုစရိုက်အမှုများနှင့်တူပြီး လူတို့၏ နှစ်ဟောင်းမှ ပြုလုပ်ခဲ့ကြသော မကောင်းမှုများသည်လည်း အမှိုက်ခြောက်များကဲ့သို့ ဒုစရိုက်အမှုများပင် ဖြစ်သည်။ ယင်းဒုစရိုက်အမှိုက်များကို သင်္ကြန်မိုး၊ သင်္ကြန်ရေဖြင့် ပက်ဖျန်းဆေးကြောခြင်းဖြင့် ကမ္ဘာမြေတစ်ပြင်လုံး သန့်ရှင်းသွားသကဲ့သို့ အချိန်အခါသင့်သော တန်ခူးလသင်္ကြန်ကာလတွင် လူတို့အနေဖြင့် သင်္ကြန်မိုး၊ သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်ကြရမည်ဖြစ်သည်။ မိမိတို့၏ ကိုယ်စိတ်နှစ်ပါး သန့်စင်ပြီး လောကတစ်ခွင်လုံး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံအောင်၊ အမိမြန်မာနိုင်ငံတော်ကြီး တိုးတက်စည်ပင်ဖွံ့ဖြိုးသာယာအောင် ဆောင်ကြဉ်းပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဤတန်ခူးလအခါသမယသည် ကောင်းခြင်းမင်္ဂလာတို့ကို ဆောင်ကြဉ်းမည့်လဖြစ်၍ တန်ခူးလတွင် ရွာသွန်းသောမိုး၊ တန်ခူးလတွင် ပက်ဖျန်းမည့်ရေဖြင့် မိမိတို့၏ မကောင်းမှုအညစ်အကြေးများ၊ လောကတစ်ခွင်မှ အမှိုက်အညစ်အကြေးများကို ဆေးကြောသန့်စင်ကာ ကောင်းကျိုးဝေဆာအောင် ဆောက်တည်ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန www.tourism.gov.mm ဝက်ဘ်ဆိုက်လွှင့်တင်

**နေပြည်တော် မေ ၁၀**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ www.tourism.gov.mm ဝက်ဘ်ဆိုက်လွှင့်တင်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မိမိတို့နိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားများ ပိုမိုအဆင်ပြေစွာလည်ပတ်နိုင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖော်ထုတ်ခြင်း မပြုရသေးသည့် ခရီးစဉ်ဒေသများစွာကျန်ရှိနေသေးကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းတွင် မြန်မာနိုင်ငံသည် အခြားနိုင်ငံများထက် အလားအလာကောင်း များစွာရှိကြောင်း၊ အသုံးမပြုရသေးသည့် သစ်တောသစ်ပင်များမှ နှင်းဖုံးလွှမ်းနေသည့် တောင်တန်းများအထိ လူသားတို့ ထိတွေ့အသုံးပြုရခြင်း မရှိသေးသည့် သဘာဝပတ်ဝန်းကျင်ကောင်းများစွာ ကျန်ရှိနေကြောင်း၊ ကမ္ဘာပေါ်တွင် ခရီးသွားဆိုင်ရာ မှုခင်းဖြစ်ပွားမှုအနည်းဆုံးနိုင်ငံတစ်နိုင်ငံလည်းဖြစ်ကြောင်း။

**ထိထိရောက်ရောက် ဆောင်ရွက်နိုင်**

Look East Policy ကို ချမှတ်ဖော်ဆောင်ခြင်းကြောင့် တရုတ်ခရီးသွားဧည့်သည်အရေအတွက် ၃၇ ရာခိုင်နှုန်းနှင့် ထိုင်းခရီးသွားဧည့်သည် အရေအတွက် ကိုးရာခိုင်နှုန်းအထိ ယခင်နှစ်ကထက် ပိုမိုတိုးတက်လာခဲ့သည်ကိုတွေ့ရကြောင်း၊ ယခုအချိန်သည် မိမိတို့နိုင်ငံအနေဖြင့် Look West Policy ကို ခရီးသွားလုပ်ငန်းအတွက် ပြန်လည်သုံးသပ်ဆောင်ရွက်ရမည့်အချိန်ဖြစ်ကြောင်း၊ ဝက်ဘ်ဆိုက်ကတစ်ဆင့် ကြော်ငြာများ၊ လူမှုကွန်ရက်များ၊ သတင်းဆောင်းပါးများ၊ ရုပ်သံခတ်ပုံများ ထုတ်လွှင့်ဖော်ပြပြီး မြန်မာနိုင်ငံ၏ပုံရိပ်ကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အနောက်ဥရောပမှ ခရီးသွားဧည့်သည်များ တိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ အရေးအကြီးဆုံး ရည်မှန်းချက်မှာ မြန်မာ၏ ကောင်းမွန်သောပုံရိပ်ကို ကမ္ဘာက ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်ဖြစ်ကြောင်း။

ကမ္ဘာ့ခရီးသွားပြပွဲများတွင် မိမိတို့နိုင်ငံအကြောင်းကို ပါဝင်ပြသရုံမကဘဲ နိုင်ငံ၏ အဓိကခရီးစဉ် ဒေသများကို လေကြောင်းတိုက်ရိုက်ဆိုက်ရောက်ပျံသန်းနိုင်ရေး၊ ဗီဇာကင်းလွတ်ခွင့်နှင့် ဆိုက်ရောက်ဗီဇာများ ခွင့်ပြုပေးရေး၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ပေးရေးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ပြည့်စုံကောင်းမွန်ရေးတို့ကို ဟန်ချက်ညီဆက်စပ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ဝန်ကြီးဌာန တစ်ခုနှင့်တစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုသည် အင်မတန်အရေးကြီးကြောင်း၊ ဆက်စပ်သည့်ဝန်ကြီးဌာနများ၏ ကူညီပံ့ပိုးမှုပါဝင်မှုသာ ရည်မှန်းချက်များကို ထိထိရောက်ရောက် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဇရက်ဆင်းက www.tourism.gov.mm ဝက်ဘ်ဆိုက်အကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံအတွင်းရှိ အထင်ကရနေရာများ၊ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ခရီးစဉ်ဒေသများကို ရိုက်ကူးထားသည့် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က www.tourism.gov.mm ဝက်ဘ်ဆိုက်ကို လွှင့်တင်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်လှထွန်းနှင့် ဦးမောင်မောင်ဝင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဝက်ဘ်ဆိုက်ထူထောင်ခြင်း**

မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို ကမ္ဘာက သိရှိစေရန်၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည် အရေအတွက် ပိုမိုတိုးတက်လာရန်၊ မြန်မာနိုင်ငံ၏ ထူးခြားလှပသည့် ခရီးစဉ်ဒေသများ၊ ပွဲတော်များ၏အကြောင်းကို ပိုမိုသိရှိနိုင်ရန်၊ ဖုံးကွယ်တိမ်မြုပ်နေသည့် နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သမားရိုးကျ ဈေးကွက်မြှင့်တင်ရေးနည်းလမ်းများအပြင် (၂၁)ရာစုခေတ်နှင့် လိုက်လျောညီထွေစွာ Online အသုံးပြုဈေးကွက် မြှင့်တင်နိုင်ရန် www.tourism.gov.mm ဝက်ဘ်ဆိုက်ထူထောင်ခြင်း ဖြစ်ကြောင်း သိရသည်။

**ထည့်သွင်းပေးသွားမည်ဖြစ်**

ယခုလွှင့်တင်သည့် ဝက်ဘ်ဆိုက်သည် ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံကို ကမ္ဘာ့ခရီးစဉ်ဒေသတစ်ခုအဖြစ် ကမ္ဘာက ပိုမိုသိရှိလာစေရန် Digital Marketing Strategy တစ်ခုအဖြစ် အသုံးပြုပြီး မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ခရီးစဉ်ဒေသများနှင့် ပတ်သက်သည့် ဗီဒီယိုဖိုင်များ၊ သတင်းဓာတ်ပုံများ၊ တွေ့ဆုံမေးမြန်းခန်းများ စသည့် သတင်းမီဒီယာပုံစံ အကြောင်းအရာအမျိုးမျိုးကို ထည့်သွင်းဖော်ပြပေးမည်ဖြစ်ကြောင်း၊ ပြည်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် Tourism ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုသူများအတွက် ပြည့်စုံမှန်ကန်သည့် သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ အချိန်နှင့်တစ်ပြေးညီ လိုအပ်သည့် သတင်းအချက်အလက်များဖြစ်သည့် လေယာဉ်ခရီးစဉ်များ၊ ကုန်ကျစရိတ်များ၊ ဗီဇာကိစ္စများသည် ခရီးစဉ်ရေးဆွဲရာတွင် အရေးကြီးသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းအားလုံးနှင့်ပူးပေါင်းပြီး www.tourism.gov.mm ဝက်ဘ်ဆိုက်တွင် ထည့်သွင်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၁၀**

ရန်ကုန်(ရွှေဈေး) ၁၀၅၃၅၀၀ - ၁၀၅၃၅၀၀ မန္တလေး(ရွှေဈေး) ၁၀၅၃၅၀၀ - ၁၀၅၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၄၀/၉၈၅ ကျပ် | ၁၀၀၅/၁၀၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၇၀/၉၂၀ ကျပ် | ၉၆၅/၉၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၉၀/၈၅၀ ကျပ် | ၈၈၅/၉၀၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၅၀/၉၉၅ ကျပ် | ၁၀၁၅/၁၀၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၁၅/၉၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၂၅/၉၃၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၄၃/၈၅၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၀၈.၆ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၀၀.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၄.၅၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၄၄၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၇.၆၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၈၁၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၅၇.၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၂.၄၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၈.၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၄.၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ညှ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း



# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ထိုင်းနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စစ်ဆူဖတ်သရာဆီမိုင်းသရီဖိတပ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စစ်ဆူဖတ်သရာ ဆီမိုင်းသရီဖိတပ်က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။**

**❖ ရခိုင်ပြည်နယ်မှ**

ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပထမအကြိမ် အစည်းအဝေးကျင်းပခဲ့**

အစည်းအဝေးတွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ယခုတွေ့ဆုံပွဲသည် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုအဖွဲ့နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွေ့ဆုံသည့် အခမ်းအနားဖြစ်ပါကြောင်း၊ မိမိတို့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီကို နိုင်ငံတော်သမ္မတရုံးက မတ် ၁၄ ရက်တွင် ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ကော်မတီဖွဲ့စည်းပြီးနောက် ပထမအကြိမ် အစည်းအဝေးကျင်းပခဲ့ပါကြောင်း။

ကော်မတီအနေဖြင့် ယခုပထမအကြိမ် ရခိုင်ပြည်နယ်သို့ လာရောက်ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်မြို့၌လည်း ရခိုင်အသင်းအဖွဲ့များနှင့် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံပွဲတစ်ကြိမ် ပြုလုပ်ခဲ့ပါကြောင်း၊ ထိုသို့တွေ့ဆုံပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီက တွေ့သင့်တွေ့ထိုက်သည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ကော်မတီအနေဖြင့် ပြည်ထောင်စုအစိုးရသို့ အစီရင်ခံစာတစ်ခု တင်သွင်းရမည်ဖြစ်ပါကြောင်း၊ ရေတိုရေရှည်အတွက် လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အစီရင်ခံစာတစ်ခုတင်သွင်းရမည်ဖြစ်ပါကြောင်း၊ ယခု ဆွေးနွေးပွဲမှ အကြံပြုဆွေးနွေးတင်ပြချက်များကို မှတ်တမ်းရယူပြီး အဆိုပါ အချက်အလက်များအပေါ်တွင် မူတည်၍ အစီရင်ခံစာတွင် ထည့်သွင်းရေးသားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပျက်ခဲ့သည့် ပဋိပက္ခ အခြေအနေများကို သုံးသပ်ဆွေးနွေးပေးစေလိုပါကြောင်း၊ ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် ကော်မတီ နောက်ဆက်တွဲအစည်းအဝေးတစ်ခု ဆက်လက်ကျင်းပသွားမည်ဖြစ်ပါကြောင်း၊

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ၏ ရုံးတစ်ရုံးကို ရခိုင်ပြည်နယ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါရုံးနှင့် ပတ်သက်သည့် ကိစ္စများကိုလည်း ဖွဲ့စည်းရန် ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လုပ်ငန်းကော်မတီတစ်ခုကိုလည်း ဖွဲ့စည်းသွားမည်ဖြစ်ပြီး အဆိုပါ လုပ်ငန်းကော်မတီ ဖွဲ့စည်းရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးသွားမည်ဖြစ်ပါကြောင်းစသည်ဖြင့် ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီဒုတိယဥက္ကဋ္ဌများ၊ ကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့်ပဋိပက္ခများ အမြန်ဆုံးလျော့ကျ၍ ရခိုင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည် ဆောင်ရွက်ရမည့်စီမံချက်များ၊ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။



**ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။**

ယင်းနောက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲ ၁ နာရီခွဲတွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာကော်မတီများမှဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ရခိုင်ပြည်နယ်လွှတ်တော်ရုံး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရုံးခန်း၌ ပြုလုပ်သည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီအဖွဲ့ဝင်များက ရခိုင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ညနေ ၄ နာရီတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီနှင့် စစ်တွေမြို့ရှိ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။

**ကူညီပံ့ပိုးပေးသွားမည်**

အစည်းအဝေးတွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက ကျောက်တော်မြို့နယ်နှင့် မြောက်ဦးမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများအတွက် ငွေကျပ်သိန်းတစ်ထောင်ကို ကျောက်တော်နှင့် မြောက်ဦးမြို့ရှိ လူမှုကူညီရေးအဖွဲ့များမှတစ်ဆင့် ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ရသေ့တောင်၊ မင်းပြားနှင့် ကျွန်မြို့နယ်များအတွက်လည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဒုတိယဥက္ကဋ္ဌများက ဆွေးနွေးပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**



# ကွယ်လွန်သွားပြီဖြစ်သော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်ကြီး H.E. Mr.Kim Il Sung ၏ (၁၀၇)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁၀**

ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ကွယ်လွန်သွားပြီဖြစ်သော ခေါင်းဆောင်ကြီး H.E. Mr.Kim Il Sung ၏(၁၀၇) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ ညပိုင်းက ရန်ကုန်မြို့ရှိ Chatrium Hotel ၌ကျင်းပရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့်ဇနီးတို့ တက်ရောက်ကြသည်။ **(ဝဲပုံ)**

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jong Ho Bom နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့က တက်ရောက်လာကြသူများနှင့် အတူစုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

## ပြုပြင်ပြောင်းလဲရေးဟာ ရန်သူမဟုတ်၊ မိတ်ဆွေကောင်းတစ်ဦးသာဖြစ်

မိမိတို့နိုင်ငံဟာ ခေတ်ဟောင်းစနစ်ဟောင်းကနေ ခေတ်သစ်စနစ်သစ် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလကို စတင်ပြီး ခြေလှမ်းနေကြတာ ဖြစ်ပါတယ်။ တချို့က ပြုပြင်ပြောင်းလဲရေးအတွက် စိုးရိမ်တာတွေရှိပါတယ်။ ပြုပြင်ပြောင်းလဲရေးဟာ ရန်သူမဟုတ်ပါဘူး။ မိတ်ဆွေကောင်းတစ်ဦးဖြစ်ပါတယ်။ မိမိတို့နိုင်ငံနဲ့ နိုင်ငံသူ နိုင်ငံသားများအတွက် အခွင့်အခါကောင်း၊ အခွင့်အလမ်းကောင်းဖြစ်တာကို ဌာနဆိုင်ရာအသီးသီးက သိရှိစေလိုပါတယ်။

*(၂၁-၂-၂၀၁၉ ရက်နေ့တွင် ဟားခါးမြို့၌ပြုလုပ်သည့် ချင်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*

## တစ်ယောက်နဲ့တစ်ယောက် နားလည်ဖို့၊ လေးစားဖို့ အရေးကြီး

ကျွန်မတို့အစိုးရဟာ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုကြီးကို ထူထောင်ချင်ပါတယ်လို့ ကျွန်မတို့ပြောပါတယ်။ ကျွန်မတို့နိုင်ငံနဲ့ အသင့်တော်ဆုံးဖြစ်မယ်လို့ ယူဆလို့ပဲဖြစ်ပါတယ်။ ဒီနိုင်ငံလို တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့၊ မတူကွဲပြားမှုတွေအပေါ်မှာ ညီညွတ်မှုကို တည်ဆောက်ရမယ့် နိုင်ငံအတွက်ဆိုရင် ကျွန်မတို့ဟာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိဖို့လိုတယ်။ တစ်ယောက်နဲ့တစ်ယောက် လေးစားဖို့ဆိုတာ အင်မတန်မှအရေးကြီးပါတယ်။

*(၅-၂-၂၀၁၉ ရက်နေ့တွင် ရှမ်းပြည်နယ် တာချီလိတ်မြို့၌ပြုလုပ်သည့် တာချီလိတ်နှင့် မိုင်းယောင်းမြို့နယ်တို့မှ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)မှ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ

မိတ်ဆုံညစာစားပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့သည် မြန်မာနိုင်ငံပြကွဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) နှင့် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို)တို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံပြကွဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)တို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

### ရှင်းလင်းဖြေကြား

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြန်မာနိုင်ငံပြကွဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)တို့၏ သမိုင်းကြောင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ပြကွဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)တို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ ယခုကဲ့သို့ နေပြည်တော်တွင် စုဝေးရောက်ရှိပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လာရောက်တွေ့ဆုံကြခြင်းသည် အဖွဲ့အစည်းအလိုက် နိုင်ငံနှင့် လူမျိုး၊ ရိုးရာ ဓလေ့ထုံးစံ အမွေအနှစ်များနှင့် မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအနုသုခုမပညာရပ်များအတွက် တစ်ဖက်တစ်လမ်းက အားကြိုးမာန်တက်သယ်ပိုးဆောင်ရွက်လျက်ရှိကြသည့်အတိုင်း ယခုထက် ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ဆန္ဒရှိနေကြသည်ကို တင်ပြရန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် အဖွဲ့အစည်းတစ်ခုချင်းစီ၏ ဆောင်ရွက်မှုများ၊ ရည်မှန်းချက်များနှင့် ဆက်စပ်ပြီး ထပ်မံသိရှိလိုသည်များကို သက်ဆိုင်ရာအဖွဲ့အစည်းများက ပြန်လည်ရှင်းလင်းဖြေကြားပေးနိုင်ရန်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်စွက်မှာကြားလိုသည်များကို ဆောင်ရွက်သွားနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ကြောင်း တင်ပြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးတင်နွယ်(ဆြာနွယ်)က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပုံတူပန်းချီကားကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မိတ်ဆုံညစာစားပွဲသို့ တက်ရောက်လာကြသည့် အဖွဲ့အစည်း သုံးခုမှ ပုဂ္ဂိုလ်များနှင့် ပြကွဒိန်ရေးဆွဲတွက်ချက်ခြင်း၊ ပန်းချီပန်းပုဆိုင်ရာ၊ သဘင်ဆိုင်ရာနှင့် ရိုးရာယဉ်ကျေးမှု အနုသုခုမဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီး မိတ်ဆုံညစာကို အတူတကွ သုံးဆောင်သည်။

**သတင်းစဉ်**

»»» ကျောဖုံးမှ
အတူတကွ ညှိနှိုင်းဖြေရှင်းသွားရန်နှင့် နှစ်နိုင်ငံအကျိုးရှိစေမည့် ကိစ္စရပ်များတွင် Win - Win အနေအထားရအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများအပေါ်စေတနာထားပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရပ်ဝန်းနှင့် လမ်းကြောင်း စီမံကိန်းဆောင်ရွက်မှုသည် အောင်မြင်မှုရရှိမည်ဟု ယုံကြည်ကြောင်း၊ အဆိုပါစီမံကိန်းတွင် မြန်မာနိုင်ငံအတွက် အကျိုးပြုမည့် စီမံကိန်းလုပ်ငန်းများစွာပါဝင်ပြီး မြန်မာနိုင်ငံအတွက် အကျိုးဖြစ်ထွန်းမည့် စီမံကိန်းများကို တပ်မတော်အနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ကျေးလက်ဒေသတွင် နေထိုင်သူများပြားပြီး ၎င်းတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏စီးပွားရေးအခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ယင်းနောက် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Tiananmen ရင်ပြင်သို့ သွားရောက်၍ အာဇာနည်ကျောက်တိုင်၌ ပန်းခွေချအလေးပြုကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကြည်းတပ် သံချပ်ကာလေ့ကျင့်ရေးသင်တန်းကျောင်းသို့ ရောက်ရှိကြပြီး သင်တန်းကျောင်းအတွင်းရှိ Simulated Training Center များအတွင်း သင်တန်းသားများကို လေ့ကျင့်သင်ကြားပေးမှု အခြေအနေများနှင့် Experimental Center of Equipment Support Technology အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သူ Gen. Wei Fenghe က ပေကျင်းမြို့ ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာရှိ Wan Liu Tang ခန်းမ၌ တွေ့ဆုံဆွေးနွေးပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံမှ ယန်း သန်း ၃၂၀၀ ကျော် အကူအညီပေးမည့် စာချွန်လွှာ (၂) စောင် လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ(၂) စောင်လက်မှတ်ရေးထိုးလဲလှယ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ သက်ဆိုင်ရာဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Ichiro Maruyama နှင့် ဂျပန်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျေးလက်ဒေသများ၌ စိုက်ပျိုးရေးစက်ပစ္စည်းနှင့် ဆောက်လုပ်ရေးပစ္စည်းကိရိယာများထောက်ပံ့ခြင်းစီမံချက်အတွက် ဂျပန်ယန်း ၄၄၄ သန်းနှင့် လေယာဉ်စောင့်ကြပ်ကြည့်ရှုစနစ်မြှင့်တင်ခြင်း စီမံချက်အတွက် ဂျပန်ယန်း ၂၈၂၈ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Ichiro Maruyama တို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။ **(ယာပုံ)**

အဆိုပါစာချွန်လွှာများပါ အကူအညီပေးမည့် စီမံချက်များအား အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပြီး မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# သင်္ကြန်ပိတ်ရက်တွင် ထိုင်းမှပြန်လာသည့် မြန်မာလုပ်သား ခြောက်ရက်အတွင်း တစ်သိန်းကျော်ခန့်ရှိပြီဖြစ်

**မြဝတီ မေ ၁၀**

မြန်မာသင်္ကြန်ပွဲတော်ဆင်နွှဲရန် ထိုင်းမှနေရပ်ပြန်လာသူ မြန်မာလုပ်သားဦးရေမှာ ခြောက်ရက်အတွင်း တစ်သိန်းကျော်ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံအစိုးရမှ အဝင်အထွက် အိမ်ပြန်တုံးထုခ အခမဲ့ဖြင့် မေ ၅ ရက်မှ ၃၀ ရက်အထိ ကင်းလွတ်ခွင့်ပြုထားပြီး ပထမသုံးရက်တာကာလဖြစ်သည့် မေ ၅ ရက်မှ ၁၀ ရက်အထိ ပြန်လည်ဝင်ရောက်သူဦးရေ တစ်သိန်းကျော်ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

**အခမဲ့ခွင့်ပြု**

"အခု ပြန်လာတဲ့သူတွေက သင်္ကြန်အမီ ပြန်လာကြတာပါ။ မြန်မာလုပ်သားတွေအားလုံး ပြည်ဝင်တံဆိပ်တုံးထုရပါတယ်။ အရင်က မြန်မာဘက်ကလည်း ဘတ် ၂၀ ယူပေမယ့် အခုအခမဲ့ခွင့်ပြုတာကြောင့် မယူပါဘူး။ ပြီးတော့အရင်က ကောင်တာတစ်ခုတည်းနဲ့ ဆောင်ရွက်ပေးပေမယ့် အခုပြန်တဲ့သူတွေကများတာကြောင့် အချိန်ကြန့်ကြာမှုမရှိရလေအောင် ကောင်တာသုံးခုဖွင့်ပြီး ဆောင်ရွက်ပေးနေပါတယ်" ဟု မဲဆောက်-မြဝတီ ချစ်ကြည်ရေးအမှတ်(၁)တံတားမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နေရပ်ပြန်လာသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထိုင်းဘတ်ငွေကို မြန်မာငွေလဲလှယ်ရာတွင် ကူညီဆောင်ရွက်ပေးခြင်းများကိုပါ လုပ်ဆောင်ပေးလျက်ရှိသည်။



နေရပ်ပြန်မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့၏ စာရွက်စာတမ်းများအား ကိုယ်နှင့်တစ်ပါတည်း ယူဆောင်သွားကြရန်နှင့် မိမိတို့၏စာရွက်စာတမ်းများ ပျောက်ဆုံး၊ ပျက်စီးခဲ့ပါက ပြန်လည်လျှောက်ထားနိုင်ရန်အတွက် အထောက်အထားစာရွက်စာတမ်းများကို မိတ္တူကူးယူထားခြင်း၊ လက်ကိုင်ဖုန်းများဖြင့် စနစ်တကျ ဓာတ်ပုံရိုက်သိမ်းထားခြင်း၊ လဝက ထွက်ပေါက်၊ ဝင်ပေါက်များမှ အထွက်တုံးများအား ဓာတ်ပုံရိုက်သိမ်းထားခြင်းများ ဆောင်ရွက်ကြရန်လည်း အလုပ်သမားသံအရာရှိရုံးမှ သတိပေးထားသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# မန္တလေးမြို့ ကျုံးအရှေ့ဘက်ခြမ်းတွင် လူထုအပန်းဖြေနေရာနှင့် ပလက်ဖောင်းပြုပြင်တည်ဆောက်နေမှု သင်္ကြန်မတိုင်မီ ဖွင့်လှစ်သွားမည်

**မန္တလေး မေ ၁၀**

မန္တလေးမြို့ ကျုံးအရှေ့ဘက်ခြမ်းတွင် လူထုအပန်းဖြေနေရာနှင့် ပလက်ဖောင်းများ တည်ဆောက်နေမှု သင်္ကြန်မတိုင်မီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းကို Eden Group Construction Co.,Ltd. က တည်ဆောက်လှူဒါန်းခြင်းဖြစ်ပြီး မန္တလေးမြို့ ကျုံးအရှေ့ဘက်ခြမ်း ၆၆ လမ်းကို ၁၂ လမ်း မှ ၂၆လမ်းအထိ အရှည်ပေ ၇၃၀၀ ကို ဂရင်းနိုက်ကျောက်ပြားများခင်းခြင်း၊ Handrail များ တပ်ဆင်ခြင်း၊အနားယူအပန်းဖြေခုံတန်းများ ထားရှိခြင်း၊ မျက်စိပသာဒဖြစ်စေနိုင်သည့် အရိပ်ရပင်များနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ အလှမီးတိုင်များ၊ ရေပိုက်လိုင်း၊ လျှပ်စစ်မီးလိုင်းများ၊ ထရန်စဖော်မာများ တပ်ဆင်ခြင်း၊ ရေနုတ်မြောင်းများ ဖောက်လုပ်ခြင်း၊ လမ်းကပ်တုံးများ လဲလှယ်တပ်ဆင်ခြင်းနှင့် ကိုယ်လက်ကျန်းမာရေးအတွက် လေ့ကျင့်ခန်းပြုလုပ်နိုင်သည့် အားကစားပစ္စည်းများပါဝင်ကြောင်း သိရသည်။

အဆိုပါ ကျုံးအရှေ့ဘက်ဘေးလမ်းတစ်လျှောက်တွင် အရိပ်ရအပင်ကြီး ၁၄၇ ပင်၊ ပုဏ္ဏရိက်ပင် ၆၀၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီး မေ ၁၃ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# ညိုမြတို့ပွဲ

ခင်မေခ

**“သင်္ကြန်ခါတော် ရေကစားကြတာ ပျော်ရွှင်စရာ လောင်းကာပက်ကာ မောင်ရင်းနှမပမာ ကြည်လင်စွာ အို… ရေကစားမှာ ရေကစားမှာ ညိုမြတော့ အခေါ်မခံနိုင်ဘူးဆရာ”**

ရာသီစက်ဝန်းသည် တရွေ့ရွေ့ ပြောင်းနေပြီ ။ အတာကူးတော့မည်။

ဟိုနားက တူးပို့ တူးပို့၊ ဒီနားက တုန်ချမ်းချမ်း တုန်ချမ်းချမ်း နှစ်ကျိပ်ရှစ်ဆူ မဏ္ဍပ်များမှ သီချင်းသံတွေ တိုးတိုးဝှေ့ဝှေ့ ပျံ့လွင့်လာကြသည် ။

သင်္ကြန်ကျတော့မည်။ ပိတောက်ဖူးတွေ အစီအရီ ဖူးကြပြီ၊ ငုဝါတွေကတော့ ထိန်ထိန်ဝါနေကြပြီ ။

မောင်တို့ မယ်တို့ လှုပ်လှုပ်ရှားရှားဖြစ်ကုန်ပြီ။ သင်္ကြန်တွင် ပျော်ရွှင်ဖို့အတွက် ကြိုတင်ပြင်ဆင်ကြပြီ။ ရေပက်ခံထွက်မယ်၊ မဏ္ဍပ်ထိုင်မယ်၊ သူငယ်ချင်းတွေနဲ့ တီးတိုးတီးတိုးလုပ်ကြပြီ ။

နှစ်စဉ် သင်္ကြန်ပွဲတော်သည် မြန်မာလူမျိုးတို့၏ ပျော်ရွှင်စရာ အကောင်းဆုံး ပွဲတော်ဖြစ်သည်။ လူကြီး၊ လူငယ်မရွေး ပျော်ကြသည်။ “တရား”နှင့်ပျော်ကြသည်၊ “ကစား” နှင့်ပျော်ကြသည်။ သင်္ကြန်နီးလာတာနှင့်အမျှ သင်္ကြန်ပိုးရှိသူတွေမနေနိုင်တော့ပြီ ။

နှစ်စဉ်ကျင်းပကြသည့် သင်္ကြန်ပွဲတော်တွေမှာ နှစ်တွေပြောင်း၊ ခေတ်တွေ ပြောင်းလာတာနှင့်အမျှ ပျော်ပုံပျော်နည်းစနစ်တွေ ပြောင်းကုန်ကြသည်။ ယခင်က သင်္ကြန်ကာလ ငွေဖလားဖြင့် ရေလောင်းကြသည်။ အမျိုးသမီးတွေ ဝတ်စုံဆင်တူဝတ်၍ ရေကစားကြသည်။ သပြေခက်နှင့် ရေပက်ကြသည်။ နောက် ရေပိုက်ဖြင့်၊ မီးသတ်ပိုက်ဖြင့် ပက်ကြသည်။ ကားပေါ်မှာ အမျိုးသားကြီးတွေက မိန်းမလိုဝတ်ပြီး ဟာသနှောကြတာတွေလည်း တွေ့ဖူးသည်။ နို့ဆီခွက်တွေဖြင့် ခွက်စောင်းခုတ်ပက်ကြသည်။ ရေပူဖောင်းနှင့် ပစ်ပေါက်ကြသလို ရေခဲထုပ်ဖြင့် ပစ်ပေါက်သည့် နှစ်တွေလည်း ရှိခဲ့သည်။

ဟိုတုန်းက ရေအားကို တအားသုံးပြီး ရေပက်ခံသူတွေ မွန်းအောင် ပက်သည်။ အခုခေတ်တော့ ပိုက်သေးသေး လေးထိပ်မှာ နော်ဇယ်ခေါင်းတပ်ပြီး အသားနာအောင် ခါးကြား၊ လည်ပင်းကြား၊ အကြိုအကြား ထိုးကြသည်။ ရေအားပြင်းပြင်းဖြင့် ပိုက်ကြီးတွေ ပခုံးပေါ် ထမ်းပြီး ထိုးကြသည်။ ပျော်ရွှင်ဖို့အတွက် တစ်ပါးသူနာအောင် စကြသည်။ အပျော်လွန်သည့် အဆင့် ဖြစ်သည်။

ဟိုတုန်းက လုံလုံခြုံခြုံဝတ်ကြသည်။ ရေပက်တာခံနိုင်ဖို့အတွက် ဘောင်းဘီအထူ၊ ဂျာကင်အထူတွေ ဝတ်သည်။ တဘက်စောင်ကြီးတွေ ခြုံကြသည်။ ရေပက်မဏ္ဍပ်ရောက်လျှင် သူ့ထက်ငါ ကားခေါင်းသို့ တိုးဝှေ့ကပ်ကြသည်။ ရေပက်တဲ့ဒဏ်ကို ပျော်ရွှင်ကြောက်ရွံ့စွာ ခံကြသည်။ အရသာ တစ်မျိုးပေါ့။

အခုခေတ်တော့ ဝတ်စားဆင်ယင်မှုတွေ ပြောင်းကုန်ပြီ။ အမျိုးသမီးများ တစ်ကိုယ်လုံး ဖော်ရသလောက် ဖော်ကြသည်။ အသားဆိုင်များ ပြလို့ရသလောက် ပြကြသည်။ တချို့ဆို တစ်ကိုယ်လုံးမချွတ်ရုံတမယ် ဝတ်ရဲလာကြသည်။ ဤဝတ်ဆင်မှုဖြင့် ရေပက်ခံထွက်ကြသည်။ မြင်လို့လည်း မကောင်း၊ ရေပက်ခံတော့လည်း တစ်ကိုယ်လုံးဒဏ်ရာ အနာတရ၊ နောက်ဆုံးတော့ ရေပက်ခံနိုင်ဖို့ အရက်၊ ဘီယာ၊ မူးယစ်ဆေးသောက်သုံးလာကြသည်။ မလုပ်ချင်လည်း လုပ်ချင်လာသည်။ မလုပ်ရဲလည်း လုပ်ရဲလာသည်။ စိတ်အသိမရှိတော့ ရဲတင်းစွာ လှုပ်ရှားတော့သည်။ “ငါသည် အမျိုးသမီးတစ်ယောက်ပါလား” ဆိုတဲ့ ထိန်းချုပ်နိုင်တဲ့ အသိစိတ်မရှိတော့။

ဒါကရေပက်ခံသည့်အဖွဲ့။

ရေပက်သည့် မဏ္ဍပ်ပေါ်ကအဖွဲ့တွေကကော ဆူဝေပွက်လောညံသည့် နိုင်ငံခြားသီချင်းများနှင့် စည်းချက်ညီစွာလှုပ်ယမ်းကတော့သည်။ မြန်မာမျက်စိဖြင့် အမြင်မတင့်တော့၊ တစ်ကိုယ်လုံးမှာရှိသော အသားဆိုင်တွေ လှုပ်ယမ်းကုန်သည်။ “ကော့ကော်ကန်ကား”ကတဲ့ အကတွေလည်း အမြင်ဆိုးလှသည်၊ တီးလုံးကြမ်းကြမ်းဖြင့် ကဖို့အတွက် စည်းချက်ညီဖို့ သွေးရဲဖို့လိုသည်။ အဲဒီတော့ အယ်လ်ကိုဟောအားကိုးပြီး စိတ်ကြွဆေးတွေ မှီဝဲမည်။

ဒါ.....မြန်မာ့သင်္ကြန်တဲ့လား။

ခေတ်ကိုမီသည်၊ ခေတ်ကိုကျော်သည်၊ ခေတ်ကိုလွန်ပြီ၊ “ယဉ်ကျေးမှု ရေချိန်မျဉ်း” ပျက်သွားသည်။ ဘာပဲလုပ်လုပ်“ငါဟာမြန်မာ”ဆိုတာအမြဲ အသိရှိဖို့လိုသည်။ ဗုဒ္ဓဘာသာတရားရဲ့ အဆုံးအမအောက်မှာ “ဟိရိဩတ္တပ္ပ” တရားကိုလိုက်နာဖို့လိုသည်။ မောင်နှင့်နမ၊ သားနှင့်အမိ ကြည့်ဝံ့၊ မြင်ဝံ့ဖို့လိုသည်။ Celebrities များကလည်း အဝတ်အစားတွေချွတ်ပြီး အတွင်းခံတွေဖြင့် ရိုက်ပြကြတဲ့ ပြကွက်များသည် “အမှားသရုပ်ပြ ” သရုပ်ဖော်မှုများဖြစ်ကြသည်။ အထိန်းအကွပ်မရှိ၊ စည်းကမ်းမလိုက်နာ၊ ဘောင်ကိုကျော်ရုံမက ဘောင်ပါနင်းပြသွားသည်။ စကားဖြင့် သဘောပေါက်အောင် စည်းရုံးပြောဆို၍ မရ။ လူမှုမီဒီယာတွေမှာ ကြားမိ၊ မြင်မိသည်။ အခြားတစ်နိုင်ငံက ဆယ်လီတစ်ယောက် မတော်တရော် ဝတ်ပြ၍ အပြစ်ဒဏ်ပေးခံရသည်ဟု ဖတ်ရသည်။ အားကျမိသည်။ ငါတို့နိုင်ငံလည်း ဤသို့ ဥပဒေပြဋ္ဌာန်းနိုင်လျှင် ကောင်းလေစွ၊ ပြောလေကဲလေ၊ မန်းလေ ‘ဆိုး’လေဆိုတဲ့ မြန်မာ့စကားပုံကဲ့သို့ ဖြစ်ကုန်ကြပြီ။

တစ်လောကလုံးက ပြောလို့မနိုင်တော့၊ တစ်ယောက်မှအစ တစ်ရာ အဆုံးဆိုသလို ကူးစက်ကုန်ပြီ။ ဗိုင်းရပ်စ် ထက်ဆိုးသည်၊ ပြင်းသည်။ နည်းနည်းဖော်နှင့် များများဖော်သာ ကွာတော့သည်။ အသပြာသည် အရှက်နှင့် သိက္ခာကိုခွာချနိုင်သည်။ တန်ဖိုးကြီးလေစွ။ ဖော်နိုင်မှ၊ ချွတ်နိုင်မှ ဆယ်လီဖြစ်မည်။ နာမည်ကျော်မည်။ ဝေဖန် တာတွေ ဂရုမစိုက်တော့၊ ထင်ရာစိုင်းတော့သည်။

“ယဉ်ကျေးမှု၊ ယဉ်ကျေးမှု” ဟု တွင်တွင်သုံးနေကြသော်လည်း ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံး ယဉ်ကျေး သိမ်မွေ့ဖို့ အင်မတန်ခက်ခဲကြသည်။ အတုမြင်အတတ်သင်တဲ့နေရာတွေ လွဲမှားနေကြသည်။ ပြောတော့ လွယ်သည်။ လိုက်နာဖို့ခက်ကြသည်။ မြန်မာလူမျိုးတို့၏ ဝတ်စားဆင်ယင်မှု ဓလေ့ထုံးစံကို သွေးသားထဲက အမှန်တကယ်မြတ်နိုးဖို့ လိုသည်။ မြန်မာစိတ်ရှိမှ မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုးထားစောင့်ရှောက်နိုင်မည်။ ပွဲတော်ကို အကြောင်းပြုလို့ ဖျော်ဖြေစရာ၊ ပျော်ရွှင်စရာများ စည်းဘောင်လွတ်ကြသည်။ စည်းနှင့်ကမ်းနှင့် ပျော်ရွှင်သူများ နည်းပါးကုန်သည်။

နှစ်ဟောင်းမှ နှစ်သစ်ကူးလို့ မကောင်းတဲ့ အညစ်အကြေးတွေ ဆေးကြောကြတဲ့ မဟာသင်္ကြန် မင်္ဂလာပွဲမှာ အရက်ပွဲတော်၊ ဘီယာပွဲတော်၊ အဖော်အချွတ် ပွဲတော်များ မဖြစ်ကြဖို့ ဖိုးညိုမြ၊ မညိုမြလေးများ သတိပြုဆင်ခြင်နိုင်ကြဖို့ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။





## ပူတာအိုဒေသသို့ ခရီးသွားများလာရောက်မှု သုံးဆကျော်မြင့်တက်

**ရန်ကုန် ဧပြီ ၁၀**

မြန်မာပြည်မြောက်ဖျား ပူတာအိုဒေသသို့ တောင်တက်ခရီးသွားများ လာရောက်မှုမှာ ပြီးခဲ့သောနှစ်များကထက် သုံးဆကျော်မြင့်တက်ခဲ့ကြောင်း ပူတာအိုတောင်တက် ခရီးသွားလမ်းပြလုပ်ငန်းလုပ်ကိုင်နေသူများထံမှ သိရသည်။

“ကျွန်တော်တို့ ပူတာအိုဒေသကိုလာရောက်ကြတဲ့ ခရီးသွားတွေ အများစုကတော့ ပြည်တွင်းခရီးသွားတွေများပါတယ်။ တောင်တက် ခရီးသွားအနေနဲ့ကတော့ လွန်ခဲ့တဲ့ နှစ်နှစ်ကနဲ့နှိုင်းယှဉ်မယ်ဆိုရင် သုံးဆလောက်မြင့်တက်လာပါတယ်။ အရင်က တောင်တက်ပြီး လေ့လာရေးလုပ်သူတွေ ၁၀၀ ကျော်လောက်ရှိတယ်ဆိုရင် အခု ၃၀၀ ကျော်လောက်ရှိနေပါပြီ။ တောင်တက်ခရီးသွားတွေ လာရောက်ကြတဲ့ ရာသီကတော့ နိုဝင်ဘာလကနေ မတ်လအကုန်လောက်အထိ ဖြစ်ပါတယ်”ဟု တောင်တက်ခရီးသွား လမ်းပြလုပ်ငန်း လုပ်ဆောင်နေသူ ဦးယောဆက်က ကြေးမုံသို့ပြောသည်။

ပူတာအိုဒေသတွင် ထင်ရှားသော တောင်များမှာ ဖုန်ကန်ရာဇီ၊ ဖန်ကရန်ရာဇီ၊ ဖုန်ရင်ရာဇီ၊ မသွေရာဇီ၊ မလိခွေ၊ ဂန်လန်ရာဇီနှင့် ခါကာဘိုရာဇီတို့ဖြစ်ကြပြီး တောင်တက်ခရီးသွား အများဆုံးတောင်မှာ ဖုန်ကန်ရာဇီတောင်ဖြစ်ပြီး အမြင့်ပေ ၁၁၉၀၀ ရှိကြောင်း ၊ တောင်တက်ခရီးကြာမြင့်မှုမှာလည်း ဖုန်ကန်ရာဇီ ၈ ရက်၊ ဖန်ကရန် ၁၂ ရက်၊ ဖုန်ရင် ၁၁ ရက်၊ မသွေရာဇီ ၁၅ ရက် ၊ခါကာဘိုရာဇီ တစ်လခန့်ကြာမြင့်ကြောင်း သိရသည်။

“ကျွန်တော်တို့ ပူတာအိုဒေသကို ရေခဲတောင်တွေနဲ့လှပနေတဲ့ ဒေသတစ်ခုဖြစ်တာကြောင့် ခရီးသွားတွေက ဒုတိယဆွစ်ဇာလန်လို့တင်စားပြောဆိုကြပါတယ်။ အမှန်တကယ်လည်း ဖြူဖွေးလှပနေတဲ့ ရေခဲတောင်ကြီးတွေ၊ ရှားပါးသားငှက်တိရစ္ဆာန်တွေ၊ သစ်ပင်တွေကြောင့် အလွန်ပဲလှပတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ခရီးသွားတွေအနေနဲ့ ပိုမိုလာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်”ဟု ဦးယောဆက်က ထပ်လောင်းပြောကြားသည်။

ပူတာအိုဒေသတွင် အဓိကအားဖြင့် ကချင်၊ ရဝမ်၊ လီဆူနှင့် ရှမ်းလူမျိုးများနေထိုင်ကြောင်း၊ ဒေသနေလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကိုလည်း ခရီးသွားများ လေ့လာစိတ်ဝင်စားမှုမြင့်တက်လျက်ရှိကြောင်း၊ ပူတာအိုဒေသသို့ ယခင်က လေကြောင်းခရီးဖြင့်သာ လာရောက်နိုင်ကြသော်လည်း ယခုအခါ ကားလမ်းခရီးဖြင့်ပါ လာရောက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာပြည်မြောက်ဖျားတွင် ရေခဲတောင် ခုနစ်လုံးဖြင့် လှပနေသော ပူတာအိုဒေသကို ယခုအခါ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခု ဖြစ်လာစေရန်လည်း ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**



# နေပြည်တော်တွင် ဖွင့်လှစ်မည့် အမေရိကန်သံရုံးဆက်ဆံရေးရုံး ပန္နက်တင်အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၀**

နေပြည်တော်တွင် ဖွင့်လှစ်မည့် အမေရိကန်သံရုံးဆက်ဆံရေးရုံး ပန္နက်တင် အခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Scot Marciel တို့က အမှာစကားပြောကြားခဲ့ကြသည်။

**အခွင့်အလမ်းကောင်းဖြစ်**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ပြောကြားရာတွင် မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်တွင် ဖွင့်လှစ်မည့် အမေရိကန်သံရုံးဆက်ဆံရေးရုံး၏ ပန္နက်တင်အခမ်းအနား ကျင်းပခြင်းအတွက် အမေရိကန်သံအမတ်ကြီး Mr. Scot Marciel အား ဂုဏ်ပြုဝမ်းမြောက်ကြောင်းနှင့် ယင်းမှာ အမေရိကန်သံရုံး နေပြည်တော်သို့ ပြောင်းရွှေ့မည့်လုပ်ငန်းစဉ်၏ အဓိကကျသော ပထမခြေလှမ်းတစ်ခုအဖြစ် ကြိုဆိုကြောင်း ပြောကြားခဲ့သည်။ ယခုကဲ့သို့ ဆက်ဆံရေးရုံး ဖွင့်လှစ်မည့် အစီအစဉ်မှာ နေပြည်တော်တွင် မြန်မာနိုင်ငံအစိုးရအဖွဲ့အစည်းများနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လိုသည့် အမေရိကန်သံရုံး၏ဆန္ဒကို ဖော်ပြနေကြောင်း၊ နိုင်ငံ၏မြို့တော်တွင် ဆက်ဆံရေးရုံးရှိနေခြင်းအားဖြင့် သံရုံးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ထိတွေ့ဆက်ဆံနိုင်မည့် အခွင့်အရေးများ ပိုမိုရရှိလာပြီး နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် အခွင့်အလမ်းကောင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအားလုံးကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် အုပ်ချုပ်ရေးမြို့တော်သို့ ၎င်းတို့၏ရုံးများကို ပြောင်းရွှေ့နိုင်ရေး အလားတူဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပြောကြားသည်။



အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ အမေရိကန်သံရုံးမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

လက်ရှိတွင် နေပြည်တော်သံတမန်ဇုန်ရှိ မြေကွက် ၈၈ ကွက်အနက် သံရုံးစုစုပေါင်း ၁၆ ရုံးမှ မြေကွက် ၂၉ ကွက် ရွေးချယ်အဆိုပြုထားပြီးဖြစ်ကြောင်း၊ သံရုံးနှစ်ရုံးမှ မြေကွက်များ ငှားရမ်းစာချုပ် ချုပ်ဆိုထားပြီး သံရုံးသုံးရုံးအနေဖြင့် နှစ်နိုင်ငံသံတမန် မြေလဲလှယ်ရေး စာချုပ်များချုပ်ဆိုခြင်း၊ ညှိနှိုင်းခြင်းများပြုလုပ်လျက်ရှိကြောင်း၊ နေပြည်တော်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးအနေဖြင့် ၎င်းတို့၏ ဆက်ဆံရေးရုံးကို ၂၀၁၇ ခုနှစ် စက်တင်ဘာလကတည်းက ဖွင့်လှစ်ထားခဲ့ကြောင်းနှင့် ကုလသမဂ္ဂအေဂျင်စီ အများအပြားပါဝင်သည့် ကုလသမဂ္ဂရုံးကိုလည်း ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်နိုင်ရန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ တွေ့ဆုံမည်

**ရန်ကုန် မေ ၁၀**

ဆွေးနွေးပွဲများ စတင်နိုင်ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်နိုင်ရန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)နှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (KNU) သည် မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ အလွတ်သဘော တွေ့ဆုံကြမည်ဖြစ်သည်။

**ပါဝင်တက်ရောက်**

အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရာတွင် KNU အဖွဲ့ကိုယ်စားလှယ်ခေါင်းဆောင်အဖြစ် KNU အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူး ပါဝင်ပြီး ပဒိုစောလှထွန်း (တွဲဖက်အတွင်းရေးမှူး-၂)၊ ပဒိုစောဆဲဂေ (ဗဟိုအမြဲတမ်းကော်မတီဝင်)၊ တပ်ပိုင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ဝင်များဖြစ်သော စောတာမလာသောနှင့် စောတာမူလာတို့ ပါဝင်တက်ရောက်သွားကြမည်ဟု KNU ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အလွတ်သဘောတွေ့ဆုံဆွေးနွေးရာတွင် အစိုးရကိုယ်စားလှယ်အဖြစ် NRPC ကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်တို့ ပါဝင်မည်ဖြစ်ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေထံမှ သိရသည်။

ဦးလှမောင်ရွှေက "KNU က ဆွေးနွေးမယ့် ကိုယ်စားလှယ်စာရင်း မနေ့ညနေပိုင်းကမှ လက်ခံရရှိတယ်။ ကိုယ်စားလှယ်စာရင်း လက်ခံရရှိပြီးမှ ဆွေးနွေးဖို့အတွက် အစိုးရကိုယ်စားလှယ်ကို ကျွန်တော်တို့က ပြန်ပြီး စုဖွဲ့ဆွေးနွေးခဲ့တာရှိတယ်။ NRPC အဖွဲ့ဝင် လူကြီးတွေ အဓိကပါပါမယ်။ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနဲ့ အချို့ပုဂ္ဂိုလ်တွေပါမယ်။ NRPC အဖွဲ့ဝင်ထဲမှာ တပ်မတော်က ဒုတိယဗိုလ်ချုပ်ကြီးနှစ်ဦးလည်းပါတော့ သူတို့လည်း တက်မှာပါ" ဟု ပြောသည်။

**ယာယီရပ်ဆိုင်းခဲ့**

ကရင်အမျိုးသားအစည်းအရုံး(KNU) သည် ၂၀၁၈ အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်က နေပြည်တော်တွင် ကျင်းပခဲ့သည့် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များ၏ သီးသန့်အစည်းအဝေး အပြီးတွင် တွေ့ဆုံဆွေးနွေးသည့်အစည်းအဝေးများကို တက်ရောက်ရန်အတွက် ယာယီရပ်ဆိုင်းခဲ့သည်။

မေ ၁၁ ရက်တွင် အစိုးရနှင့်တွေ့ဆုံမည့် အလွတ်သဘောဆွေးနွေးမှု၌ KNU အနေဖြင့် တရားဝင်ဆွေးနွေးပွဲတွေမှာပါဝင်ခြင်းကို ယာယီရပ်ဆိုင်းထားရသည့် အခြေခံအကြောင်းတရားများအပြင် ရှေ့ဆက်လုပ်ဆောင်သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များကို မည်သည့်ပုံစံဖြင့် သွားလိုသည်ဆိုသည့် သဘောထားများအား ချပြဆွေးနွေးသွားမည်ဖြစ်ကြောင်း Karen National Union Headquarters ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ပြဋ္ဌာန်းချက်အတိုင်း ဆက်လက်ဆောင်ရွက်**

ဦးလှမောင်ရွှေက "ကျွန်တော်တို့ နှစ်ဖက်စလုံးအနေနဲ့ကတော့ NCA လက်မှတ်ရေးထိုးထားတာရှိတယ်။ NCA လက်မှတ်ရေးထိုးတဲ့အထဲမှာလည်း NCA ပြဋ္ဌာန်းချက်တွေကို အောင်မြင်တဲ့အထိဆောင်ရွက်ဖို့ ကတိပြုထားတာရှိတယ်။ အဲဒီမှာ နိုင်ငံရေးဆွေးနွေးပွဲတွေကနေပြီးတော့ ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) ရအောင် ဆောင်ရွက်ဖို့ပါတဲ့အတွက် နိုင်ငံရေးဆွေးနွေးပွဲတွေရဲ့ သဘောထားပါမှပဲ စုစည်းလို့ရမယ်။ အဲဒီမှာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွေ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (UPC) အစည်းအဝေးတွေ ပြဋ္ဌာန်းတာပါတယ်။ ပြီးရင် ကျွန်တော်တို့ နှစ်ဖက် ညှိနှိုင်းဆွေးနွေးပြီးတော့ မပြေလည်ဘူးဆိုရင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး( JICM ) လိုမျိုး ပြဋ္ဌာန်းတာတွေပါတယ်။ အခုတော့ ကျွန်တော်တို့ ဒီအရှည်အတိုင်းဆက်ပြီးဆောင်ရွက်နိုင်ဖို့ဆိုရင် တရားဝင်ဆွေးနွေးပွဲတွေ ဖြစ်ဖို့လိုတယ်။ ဒါကြောင့် လိုအပ်တဲ့ဆွေးနွေးမှုတွေကို မနက်ဖြန်မှာ ဆောင်ရွက်မှာပါ။ ကျွန်တော်တို့ဘက်က အဓိကတော့ တရားဝင်ဆွေးနွေးပွဲတွေမှာ ပါဝင်ပြီးတော့ NCA ပြဋ္ဌာန်းချက်နဲ့အညီ နိုင်ငံရေးသဘောတူညီချက်တွေရအောင် ပြဋ္ဌာန်းချက်အတိုင်း ဆက်လက်ဆောင်ရွက်ဖို့ပါပဲ"ဟု ပြောသည်။

**အဆိုပြုထား**

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး(KNU)ရဲ့ အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူး ဦးဆောင်သော တွေ့ဆုံဆွေးနွေးရေးအဖွဲ့သည် လက်ရှိမြေပြင်တွင် ဖြစ်ပွားနေသည့် တပ်ပိုင်းဆိုင်ရာ အငြင်းပွားမှုများ၏ အခြေခံအကြောင်းတရားများကို အဖြေရှာ၍ တပ်ပိုင်းဆိုင်ရာ ဆွေးနွေးပွဲများ ဖြစ်ပေါ်လာနိုင်ရေးကိုရည်ရွယ်ကာ တပ်မတော်ဘက်မှ တပ်ပိုင်းဆိုင်ရာညှိနှိုင်းရေးအဖွဲ့နှင့် မေ ၁၂ ရက်တွင် တွေ့ဆုံသွားရန် အဆိုပြုထားကြောင်း သိရသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သော မူဝါဒများချမှတ်ပေးခြင်းနှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးအမိန့်အမှတ် ၅၀/၂၀၁၆ ဖြင့် ၂၀၁၆ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

**ရဲခေါင်ညွန့်**



# ရမ်းဗြဲမြို့နယ်၌ စိတ်ကြိုက်ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**ရမ်းဗြဲ မေ ၁၀**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လူငယ်များစာကြည့်တိုက်သို့လာရောက်ပြီး စာအုပ်စာစောင်များ လေ့လာဖတ်ရှုသည့် အလေ့အထကောင်းများ တိုးပွားလာစေရန်နှင့် စဉ်းစားတွေးခေါ်မှုမြင့်မားလာရန် ရည်ရွယ်လျက် ယနေ့ မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ လူငယ်များ စိတ်ကြိုက်ဆေးရောင်ခြယ်ပြိုင်ပွဲကို ကျင်းပကြသည်။

ရှေးဦးစွာ ရမ်းဗြဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အောင်တင်ကြည်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် ပတ်သက်ပြီး လူငယ်များ ဆေးရောင်အသုံးပြုတတ်စေရန်၊ ပန်းချီ၏ အခြေခံသဘောတရားများကိုနားလည်ပြီး စာကြည့်တိုက်သို့ လာရောက်သည့် အလေ့အထကောင်းများ ဖြစ်ပေါ်လာစေရန် စသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် စာကြည့်တိုက်သို့ လာရောက်သည့် လူငယ်များက ကာတွန်းပုံများတွင် လိုက်ဖက်မည့် ဆေးရောင်သုံးကာ စိတ်ကြိုက်ဆေးရောင်များခြယ်ပြီး ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အောင်နိုင်(ပြန်/ဆက်)**

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၁၀**

လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့် ခွင့်ပြုမိန့်မရရှိမီစည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းချမှုများနှင့် စိုက်ပျိုးမြေများအကြောင်းမဲ့ လျော့နည်းလာခြင်း မရှိစေရန် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ဆက်လက်၍ နိုင်ငံ၏ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် စက်ရုံ အလုပ်ရုံများ တိုးတက်တည်ဆောက်ရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် မြေယာများ အသုံးပြုရန် လိုအပ်မည်ဖြစ်သော်လည်း စားနပ်ရိက္ခာဖူလုံပြည့်ဝရေး၏ အရင်းအမြစ်တစ်ခုဖြစ်သော လယ်ယာမြေများ မလျော့ပါးစေရေးကိုပါ ထည့်သွင်းသုံးသပ်ပြီး သဟဇာတရှိစွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြပြီး အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက နိုင်ငံတော်စီမံကိန်းများ ဆောင်ရွက်ရာတွင် သိမ်းယူခံရသည့် လယ်ယာမြေများအတွက် နစ်နာကြေးနှင့် လျော်ကြေးပေးချေရန်ကိစ္စရပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လျှောက်ထားလာမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြသည်။

ယနေ့ အစည်းအဝေးတွင် လယ်ယာမြေဆိုင်ရာဥပဒေပါ အခွင့်အရေးများကို ပြည်သူများ အပြည့်အဝခံစားခွင့်ရရှိရေး၊ တရားမဝင် ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်းများကြောင့် စာရင်းဇယား၊ ကိန်းဂဏန်း အချက်အလက်များ ကောက်ယူရာတွင် လယ်ယာမြေပိုင်ဆိုင် လုပ်ကိုင်သူအမည် ကွဲလွဲမှုများဖြစ်ပေါ်နေမှုအပေါ် လယ်ယာမြေများ စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်နိုင်ရေးအတွက် တည်ဆဲစည်းမျဉ်းစည်းကမ်းဥပဒေများနှင့်အညီ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် လည်းကောင်း၊ နိုင်ငံတော်စီမံကိန်းများအတွက် သိမ်းယူထားသည့် လယ်ယာမြေများနှင့် ပတ်သက်၍ နစ်နာကြေးနှင့် လျော်ကြေးပေးချေရန်ကိစ္စများကို လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ခွင့်ပြုချက်မရှိဘဲ အခြားနည်းကျူးလွန်အသုံးပြုထားမှုများကို ပုဒ်မ(၁၉)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်ပါအတိုင်း ခွင့်ပြုချက်မရရှိမီ လယ်မြေများအပေါ်၌ ဆောင်ရွက်ပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှလည်းကောင်း၊ ကျန်လယ်ယာမြေများအပေါ် အသုံးပြုပါက နေပြည်တော်ကောင်စီ၊တိုင်းဒေသကြီး၊ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လည်းကောင်း ဒဏ်ကြေးသတ်မှတ်ရန် ကိစ္စရပ်များကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ



**နေပြည်တော် မေ ၁၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြန်မာ-သီရိလင်္ကာ ပူးတွဲကော်မရှင်အစည်းအဝေးသို့ တက်ရောက်ရန် သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Tilak Marapana ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၆ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေး၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် မေ ၁၀**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျ ထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ဧပြီ ၁၆၊ ၁၇ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

**ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်**

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ (စနေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မန္တလေးစာမျက်နှာကို ဧပြီလ ၁၃ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)မှ (စနေနေ့)တိုင်း ကချင်ဘာသာဖြင့် ထုတ်ဝေသည့် တိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီလ ၁၃ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း မွန်ဘာသာဖြင့် ထုတ်ဝေသည့် တိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီလ ၁၄ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ထုတ်ဝေသည့် ရှိုပြည်ရခိုင်ပုံရိပ် အချပ်ပိုစာမျက်နှာကို ဧပြီလ ၁၇ ရက်နေ့တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီလ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

# ကမ်းလွန်လုပ်ကွက်အမှတ် M-9 Geophysical Site Investigation(GSI) and Pipeline Survey လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 Geophysical Site Investigation(GSI) and Pipeline Survey လုပ်ငန်းများကို R/V PTSC Researcher (Call Sign: 3WJZ) ရေယာဉ်ဖြင့် M9 west well#1 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၀ မိနစ် ၁၄ ဒသမ ၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၆ မိနစ် ၁၃ ဒသမ ၇၄ စက္ကန့်၊ M9 west well#2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၉ မိနစ် ၅၅ ဒသမ ၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၇ မိနစ် ၅၃ ဒသမ ၇၇ စက္ကန့်၊ M9 west well#3 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၃ မိနစ် ၀၈ ဒသမ ၁၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၁ မိနစ် ၅၄ ဒသမ ၂၂ စက္ကန့်၊ M9 west well#4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၀ မိနစ် ၂၆ ဒသမ ၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၃ မိနစ် ၅၅ ဒသမ ၉၆ စက္ကန့်၊ Zawtika-14 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၇ မိနစ် ၀၀ ဒသမ ၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၀၅ ဒသမ ၅၂ စက္ကန့်၊ Zawtika-15 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၄ ဒသမ ၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၅ ဒသမ ၄၁ စက္ကန့်၊ Zawtika-17 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၅၂ ဒသမ ၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၄၃ ဒသမ ၅၈ စက္ကန့်၊ Zawtika-20A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၂၇ ဒသမ ၀၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၅ မိနစ် ၁၂ ဒသမ ၉၅ စက္ကန့် တွင် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ဆုံးအပတ်မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ ပထမအပတ်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း (၁၉.၂.၂၀၁၉) ရက်စွဲဖြင့် ရေကြောင်းသတိပေးချက်အား သတင်းစာတွင် ကြော်ငြာထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါလုပ်ငန်းများ မပြီးပြတ်သေးပါသဖြင့် (၁၂.၄.၂၀၁၉) ရက်နေ့မှ (၁၅.၆.၂၀၁၉) ရက်နေ့အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

# မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# သင်္ကြန်ပွဲတော်ကို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းပြီး ပျော်ရွှင်စွာဆင်နွှဲနိုင်ဖို့ ပြည်သူလူထုအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုပါတယ်

ရဲမှူး ဝင်းနိုင်ဦး

အမေး၊ အရေး - အောင်ရဲသွင်
ဓာတ်ပုံ - ထန်ဖုန်း

မကြာမီကာလအတွင်း မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ကြီးကျရောက်တော့မည်ဖြစ်ရာ ပြည်သူလူထုအနေဖြင့် သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုများ လျော့ပါး၍ ဘေးအန္တရာယ်ကင်းရှင်းစွာ နှစ်သစ်ကိုကြိုဆိုနိုင်စေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် ဆောင်ရွက်ထားရှိသည့် အစီအမံများကို ပြည်သူများ သိရှိနိုင်စေရန် အမှတ်(၁)ယာဉ်ထိန်းရဲ ဒု-တပ်ဖွဲ့ခွဲ(နေပြည်တော်)မှ ဒု-တပ်ဖွဲ့ခွဲမှူး ရဲမှူး ဝင်းနိုင်ဦးနှင့် တွေ့ဆုံမေးမြန်းထားပါသည်။

**မေး။ ။ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ သင်္ကြန်ကာလမှာ ယာဉ်မတော်တဆမှုတွေ လျော့ပါးစေဖို့ ဘယ်လိုအစီအမံတွေ ချမှတ်ဆောင်ရွက်ထားသလဲဆိုတာ ပြောပြပေးပါ။**

**ဖြေ။** ။ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ မဟာသင်္ကြန်ပွဲတော် ကျင်းပစဉ်ကာလအတွင်း ယာဉ်မတော်တဆဖြစ်မှုတွေလျော့နည်းစေဖို့အတွက် ရေကစားမဏ္ဍပ်တွေမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး တာဝန်ချထားခြင်း၊ နေပြည်တော်မှာရှိတဲ့ အဝိုင်း၊ မီးပွိုင့်၊ လမ်းဆုံ၊ လမ်းခွတွေမှာ ယာဉ်လမ်းရှင်းလင်းရေးတာဝန် ချထားခြင်း၊ ရှေ့ပြေးဆိုင်ကယ်တွေနဲ့ ယာဉ်လမ်းရှင်းလင်းရေး တာဝန်ချထားခြင်းနှင့် ဆယ်တင်ယာဉ် (ကရိန်းယာဉ်)တွေနဲ့ ယာဉ်ကြောပိတ်ဆို့တဲ့အခါမှာ ရှင်းလင်းဖို့ အသင့်တာဝန်ချထားခြင်းတွေကို စီမံဆောင်ရွက်သွားပါမယ်။

**မေး။ ။ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ သင်္ကြန်ကာလအတွင်းမှာ အရက်သေစာသောက်စားပြီး ယာဉ်မောင်းနှင်မှုတွေကို ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာ ပြောပြပေးပါ။**

**ဖြေ။** ။သင်္ကြန်ကာလအတွင်း မူးယစ်သောက်စားပြီး မောင်းနှင်ခြင်းမပြုစေရန်အတွက် သင်္ကြန်ကာလမတိုင်ခင် အကြိုကာလတွေမှာ သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းတွေဖြစ်တဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ NGO အဖွဲ့အစည်းတွေနဲ့ ယာဉ်၊ လမ်းရှင်းလင်းရေးပညာပေးဆောင်ရွက်သွားပါမယ်။ သင်္ကြန်ကာလအတွင်း အရက်သေစာသောက်စားပြီး ယာဉ်မောင်းနှင်ခြင်းမပြုဖို့နဲ့ လိုင်စင်မဲ့ယာဉ်တွေအသုံးပြုပြီး ရေပက်ခံမထွက်ဖို့ကို ကြိုတင်ပညာပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်ပြီး အရက်သေစာသောက်စားပြီး မောင်းနှင်ခြင်းမရှိစေဖို့ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး Alcohol Tester နဲ့ စစ်ဆေးအရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုစစ်ဆေးတဲ့အခါမှာလည်း ယာဉ်မောင်းဟာ ယာဉ်မောင်းနှင်ဖို့ မသင့်တော်တဲ့အခြေအနေမှာရှိနေမယ်ဆိုရင် အခြားယာဉ်မောင်းနှင်တတ်သူတစ်ဦးနဲ့ အစားထိုးလဲလှယ်ပြီး မောင်းနှင်စေမှာဖြစ်ပါတယ်။ သင်္ကြန်ကာလအတွင်းမှာ ရေပက်ခံထွက်တဲ့ပြည်သူတွေ ယာဉ်အန္တရာယ်မဖြစ်စေဖို့အတွက် ဒီလိုစီမံဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

**မေး။ ။ သင်္ကြန်ကာလမှာ အပျော်ကျူးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာဘဲ ထင်သလိုမောင်းနှင်မှုတွေကို ဘယ်လိုကိုင်တွယ်သွားမလဲဆိုတာ သိလိုပါတယ်။**

**ဖြေ။** ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာဘဲ ထင်သလိုမောင်းနှင်မှု မရှိစေဖို့အတွက် စည်းကမ်းပျက်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေကို ပူးပေါင်းအဖွဲ့တွေနဲ့ ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောမှုတွေကို မြို့ပေါ်မှာသာမက ကျေးရွာတွေအထိ အရှိန်အဟုန်မြှင့်အသိပညာပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီလိုအသိပေးလုပ်ဆောင်ခြင်းတွေကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေဖို့အတွက် သတင်းမီဒီယာတွေကနေတစ်ဆင့် အသိပညာပေးခြင်းတွေကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်ပြီး ယာဉ်အန္တရာယ်ဆိုးကျိုးကို ပြည်သူလူထု သိရှိလက်ခံနိုင်ရေးအတွက် ဥပဒေစည်းကမ်းများနဲ့ ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်းတွေအပြင် လူထုအခြေပြုပညာပေးစနစ်ကိုလည်း ထိရောက်စွာအသုံးပြုပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာပါက သက်ဆိုင်ရာ လုံခြုံရေးမိတ်ဖက်ပူးပေါင်းအဖွဲ့တွေနဲ့ပူးပေါင်းပြီး ယာဉ်မောင်းကို ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ယခင်နှစ်သင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ယာဉ်မတော်တဆဖြစ်ပွားခဲ့မှုအခြေအနေနဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှာ ဖြစ်ပွားခဲ့တဲ့ ယာဉ်မတော်တဆမှုအခြေအနေများကို သိလိုပါတယ်။**

**ဖြေ။** ။ ယာဉ်ထိန်းရဲတပ်ဖွဲ့ရဲ့ တစ်နိုင်ငံလုံး စာရင်းဇယားများအရ ၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်းမှာ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ယာဉ်မတော်တဆမှု ၃၅၀ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၆၉၀ ဦး၊ သေဆုံးသူ ၁၃၃ ဦးရှိခဲ့ကာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတွေမှာ ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့တာကိုတွေ့ရှိရပါတယ်။ နောက်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှာ ယာဉ်မတော်တဆမှု ရှစ်မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ရှစ်ဦးနဲ့ ဒဏ်ရာရရှိသူ တစ်ဦး ရှိခဲ့ပါတယ်။

**မေး။ ။ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ သင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူတွေကို ဘယ်လိုအကြံပြုချင်ပါသလဲ။**

**ဖြေ။** ။ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ သင်္ကြန်ကာလအတွင်းမှာ ရေပက်ခံထွက်လာတဲ့ ပြည်သူလူထု ဘေးအန္တရာယ်ကင်းစေဖို့အတွက် ယာဉ်မောင်းသူတွေကို အကြံပြုလိုတာက အရက်သေစာသောက်စားပြီး ယာဉ်မောင်းနှင်ခြင်းမပြုဖို့ ပြောကြားလိုပါတယ်။ နောက်ပြီး မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေ များပြားလာတာနဲ့အမျှ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတိုင်း စနစ်တကျမောင်းနှင်သွားဖို့နဲ့ ယာဉ်ရဲ့သတ်မှတ်အလေးချိန်ထက် ပိုပြီးတင်ဆောင်မောင်းနှင်ခြင်းမပြုဖို့ အကြံပြုလိုပါတယ်။ တစ်စီးနဲ့တစ်စီး အပြိုင်အဆိုင် မဆင်မခြင် အရှိန်ပြင်းမောင်းနှင်ခြင်း၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်း၊ ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်ပြီးမောင်းနှင်ခြင်း၊ ဆိုင်ကယ်များတွင် ပါဝါအိတ်ဇောတပ်၍ မောင်းနှင်ခြင်းနဲ့ နံပါတ်မရရှိသေးတဲ့ယာဉ်အသစ်တွေနဲ့ ရေပက်ခံထွက်ခြင်း မပြုလုပ်ဖို့ အကြံပြုပြောကြားလိုပါတယ်။



ရဲမှူး ဝင်းနိုင်ဦး

**မေး။ ။ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ ပြည်သူလူထုအတွက် ဖြည့်စွက်ပြောကြားလိုတာများ ရှိရင် ပြောကြားပေးပါ။**

**ဖြေ။** ။ မဟာသင်္ကြန်ဆိုတာ မြန်မာ့ရိုးရာယဉ်ကျေးမှုနှစ်သစ်ကူးပွဲတော်ဖြစ်တဲ့အတွက် ဒီအချိန်မှာ အားလုံးက စိတ်လက်ပေါ့ပါးစွာနဲ့ ပျော်ရွှင်ကြည်နူးစွာ နှစ်သစ်ကူးပွဲတော်ကို ဆင်နွှဲကြပါတယ်။ ဒီလိုဆင်နွှဲတဲ့အခါမှာ အားလုံးက ဘေးအန္တရာယ်ကင်းကင်းနဲ့ နှစ်သစ်ကူးပွဲတော်ကိုဆင်နွှဲပြီး နှစ်သစ်ကို စိတ်သစ်လူသစ်နဲ့ ကြိုဆိုဖို့ လိုအပ်ပါတယ်။ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့လည်း ပြည်သူလူထု ပျော်ရွှင်စွာဆင်နွှဲတဲ့အခါမှာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းဖို့အတွက် တစ်ဖက်တစ်လမ်းက ဆောင်ရွက်တာကို ပြည်သူလူထုအားလုံးကလည်း ဝိုင်းဝန်းပူးပေါင်းပြီး ပါဝင်ဆောင်ရွက်ပေးကြစေလိုပါတယ်။ ဒီလို ကူညီဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူလူထုအားလုံး ဘေးအန္တရာယ်ကင်းရှင်းပြီး နှစ်သစ်ကူးပွဲတော်ကို ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲနိုင်မှာဖြစ်တဲ့အကြောင်း အသိပညာပေးပြောကြားလိုပါတယ်။ ။



ရန်ကုန်မြို့ပြည်လမ်းအင်းလျားကန်ပေါင်တွင် လမ်းလျှောက်သင်္ကြန်အတွက် ပုသိမ်ထီးများဖြင့်လှပစွာ အလှဆင်ထားသည့်မြင်ကွင်းကို ဧပြီ ၁၀ ရက်က တွေ့ရစဉ်။ ဓာတ်ပုံ ရွှေအင်းသားခင်မောင်ဝင်း

## မြန်အောင်မြို့တွင် ပထမအကြိမ် လမ်းလျှောက်သင်္ကြန်ပွဲတော်ကျင်းပမည်

**မြန်အောင် ဧပြီ ၁၀**

မြန်အောင်မြို့တွင် ပထမအကြိမ် လမ်းလျှောက်သင်္ကြန်ကို သင်္ကြန်အကျနေ့ နံနက် ၈ နာရီတွင် ပရိက္ခရာလမ်း AYA Bank ရှေ့တွင် ဖွင့်ပွဲကျင်းပပြီး ပြည်သူ့ရင်ပြင်ရှေ့ ဗဟိုမဏ္ဍပ်အထိ ဌာနဆိုင်ရာများ၊ အလှူရှင်များစုပေါင်း၍ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ရေကစားခြင်းတို့ကို သင်္ကြန်အတက်နေ့အထိ စည်ကားသိုက်မြိုက်စွာ နေ့စဉ်ကျင်းပသွားမည်ဖြစ်ကြောင်း လမ်းလျှောက်သင်္ကြန်ပွဲတော်ဖြစ်မြောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးညွန့်က ပြောသည်။ **ဝင်းဗိုလ် (မြန်/ဆက်)**

## သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်

၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၅၀ မှု ဖြစ်ပွားခဲ့ကာ ဒဏ်ရာရသူ ၆၉၀ ဦး၊ သေဆုံးသူ ၁၃၃ ဦးရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၉ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ် မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။
၄။ ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်းမပြုရ။
၆။ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်း မပြုရ။
၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်းမပြုရ။
၈။ မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍ စီးခြင်း၊ ရှေ့နောက်နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍ စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများမပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာ အသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြား မသင့်လျော်သော ပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

# တိုင်းရင်းသားများ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်

**ဒီးမော့ဆို မေ ၁၀**

(၁၉) ကြိမ်မြောက် ကယန်းအမျိုးသားနေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်၌ ကျင်းပသည်။ **(ယာပုံ)**



**အမှာစကားပြောကြား**

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကယန်းအမျိုးသားအလံတို့ကို အလေးပြုကြပြီး(၁၉) ကြိမ်မြောက် ကယန်းအမျိုးသားနေ့ဖြစ်မြောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ခွန်းဖရန်စစ္စကိုက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ကယန်းအမျိုးသားတစ်ရပ်လုံး၏ ကယန်းအမျိုးသားနေ့ကို ၂၀၀၁ ခုနှစ်မှစတင်၍ ကျင်းပခဲ့သည်ဟု သိရှိရပါကြောင်း၊ အမျိုးသားနေ့အခမ်းအနားကို စည်စည်ကားကား ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုကိုကြည့်ခြင်းအားဖြင့် ကယန်းလူမျိုးများ၏ မျိုးချစ်စိတ်ဓာတ်ခိုင်မာမှုနှင့် စည်းလုံးညီညွတ်မှုစွမ်းပကားကို အသိအမှတ်ပြုပါကြောင်း၊ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများသည် မိမိတို့၏ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းများကို မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း။

**အခွင့်အရေးများ အပြည့်အဝရရှိစေရန်ဆောင်ရွက်**

လူနည်းစုဖြစ်သော တိုင်းရင်းသားများ၏ စာပေများ၊ ယဉ်ကျေးမှု၊ အနုပညာအမွေအနှစ်များ မပပျောက်စေရန်နှင့် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ကိုးကွယ်သည့်ဘာသာ၊ သာသနာ၊ ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ်အကိုင်ရပိုင်ခွင့်၊ စီးပွားရေးလုပ်ငန်းများတွင်လည်း တန်းတူညီမျှသော အခွင့်အရေးများရရှိစေရန် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ထည့်သွင်းပြဋ္ဌာန်းပေးခဲ့ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကလည်း တိုင်းရင်းသားများအခွင့်အရေး နစ်နာဆုံးရှုံးမှုမရှိစေရန်အတွက် တိုင်းရင်းသားများအားလုံး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိစေရန် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယခုအချိန်တွင် မိမိတို့ပြည်ထောင်စုသားအားလုံးသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်ခရီးတည်းသွား အေးအတူပူအမျှနေထိုင်သွားရမည့် လူမျိုးများဖြစ်သည်ကို သက်သေပြရမည်ဖြစ်ပါကြောင်း၊ စည်းလုံးညီညွတ်ခြင်းသည် မိမိတို့၏ အဓိကအင်အားများဖြစ်စေပြီး မတူကွဲပြားမှုများရှိသော်လည်း အင်အားများသည့် အခြေခံတစ်ခုဖြစ်၍ လျစ်လျူရှုခြင်းမပြုရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းဒေသအနှံ့အပြားတွင် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပွဲတော်၊ အခမ်းအနားများကိုလည်း လွတ်လွတ်လပ်လပ် ကျင်းပခွင့်ပေးခဲ့ပြီး နိုင်ငံတော်မှကူညီထောက်ပံ့မှုများ ပြုလုပ်ပေးနေခြင်းသည် ထိုပွဲတော်၊ အခမ်းအနားမှတစ်ဆင့် မိမိတို့၏မျိုးနွယ်စုများ တစုတစည်းတည်း တွေ့ဆုံခွင့်ရရှိစေခြင်း၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်း အခြားတိုင်းရင်းသားများသိရှိစေရန် ဖော်ထုတ်ချပြခွင့်ရရှိစေခြင်းအားဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်ပါကြောင်း။

**အချိန်ကာလတစ်ခုလိုအပ်**

ထိုအခွင့်အရေးကို ကယန်းတိုင်းရင်းသားများအနေဖြင့် မိမိရရဆုပ်ကိုင်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အခါတွင် ကယန်းတိုင်းရင်းသားများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြီးကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ်ပြောင်းလဲဖြစ်ပေါ်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အပြောင်းအလဲတိုင်းသည် အချိန်ကာလတစ်ခု လိုအပ်စမြဲဖြစ်သည့်အတွက် မိမိတို့အားလုံးသည် သံသယကင်းသည့် အကြွင်းမဲ့ယုံကြည်မှု၊ ခိုင်မာသည့်စည်းလုံးမှု၊ ပြတ်သားသည့် သန္နိဋ္ဌာန်စိတ်ရှိမှုတို့နှင့်အတူ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

**ဂုဏ်ပြုဆုများချီးမြှင့်**

ဆက်လက်၍ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အားပေးအမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ကိုယ်စားလှယ်တစ်ဦးနှင့် ရှမ်းပြည်နယ် ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ခွန်အေးမောင်တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ခဲ့ပြီး ကယန်းအမျိုးသားညီညွတ်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ ခွန်းရှမူအေးလာက နိဂုံးချုပ်အမှာစကားပြောကြားကာ သဘာပတိက ကျေးဇူးတင်စကားပြောကြားသည်။ အခမ်းအနားအပြီးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကြပြီး ကယန်းရိုးရာ ဘုံအကဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# Physical Education Seminar ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၀**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် Physical Education Seminar ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**ပြန်လည်ဆန်းစစ်အတည်ပြုသွားမည်**

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က National PE Seminar ၌ ပြောကြားမည့်ခေါင်းစဉ်နှင့် ဆွေးနွေးပြောကြားမည့်သူများကို အတည်ပြုဆုံးဖြတ်မည်ဖြစ်ပါကြောင်း၊ ယခုပြုလုပ်မည့် National PE Seminar ဖြစ်သောကြောင့် ကောင်းမွန်သည့်ရလဒ်များ မျှော်မှန်းထားကြောင်း၊ ထွက်ပေါ်လာသည့်ရလဒ်များကို သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးသို့ ပေးပို့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး သုံးလတစ်ကြိမ် အကောင်အထည်ဖော်ကာ ပြန်လည်ဆန်းစစ်အတည်ပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အဆင့်မြင့်ပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချစ်စိန်က စာတမ်းခေါင်းစဉ်များ ပြောကြားနိုင်ရေးအတွက် တစ်နိုင်ငံလုံးရှိ တက္ကသိုလ်များအား ပေးပို့အကြောင်းကြားခဲ့ရာ ထွက်ပေါ်လာသော စာတမ်းများအနက် National PE Seminar နှင့် သင့်လျော်သော စာတမ်းခေါင်းစဉ်လေးခုနှင့် စာတမ်းရှင်အမည်များအား အတည်ပြုပေးနိုင်ရေး တင်ပြဆွေးနွေးသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်မောင်ဝင်းက အားကစားနှင့်ပညာရေး ပေါင်းစပ်ဆောင်ရွက်ခြင်းကြောင့် ပိုမိုကောင်းမွန်သောရလဒ်များ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ ကာယပညာရေးအတွက် အားကစားကို အမှန်တကယ် တာဝန်ယူသောပုဂ္ဂိုလ်များ၊ အားကစားသမားများကို လိုအပ်နေပါကြောင်း၊ National PE Seminar တွင် ဆွေးနွေးကြမည့် ပညာရှင်များ၏ ဆွေးနွေးမည့်ခေါင်းစဉ်များအား အတည်ပြုပေးနိုင်ရေး ဆွေးနွေးတင်ပြသည်။

**ဝိုင်းဝန်းအကြံပေးဆွေးနွေး**

ထို့နောက် အစည်းအဝေးတက်ရောက်ကြသူများက National PE Seminar ဖြစ်မြောက်ရေးအတွက် စာတမ်းခေါင်းစဉ်၊ ဆွေးနွေးမည့်သူများ၊ ဆွေးနွေးမည့်အကြောင်းအရာများကို အတည်ပြုပေးနိုင်ရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ကျောင်းသားအားကစားပွဲတော်ဖြစ်မြောက်ရေး၊ ကျောင်းကျန်းမာရေးအတွက် ကာယချိန်များတွင် ကျောင်းသားများအား ကြီးကြပ်ပေးနိုင်ရေး၊ ကျောင်းကျန်းမာရေးအတွက် ကျောင်းသားများ အာဟာရမှန်ကန်မှုများကို စစ်ဆေးနိုင်ရေးဆွေးနွေးမှုများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးသွားကြောင်း၊ PE သင်တန်းပို့ချရန်လိုအပ်သော အားကစားအထောက်အကူပြုပစ္စည်းများကို အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားအဖွဲ့ချုပ်များက ကူညီပံ့ပိုးပေးနိုင်ပါရန် လိုအပ်သည့် အကြံပြုချက်များကို ဝိုင်းဝန်းအကြံပေးဆွေးနွေးကြသည်။

ယင်းနောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးအောင်က National PE Seminar ကျင်းပနိုင်ရေး လုပ်ငန်းလိုအပ်ချက်များ ထပ်မံဖြည့်စွက်ဆွေးနွေးတင်ပြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**



# ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာဆောင်ရွက်မည့် တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**ကဝ မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ဘူးကုန်းကျေးရွာ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို မေ ၈ ရက်တွင် အမက(လွှန်) ဘူးကုန်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးဦးစီးမှူးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ မြေစာရင်းဝန်ထမ်းများနှင့် ဘက်စုံဆောင်ရွက်မည့် တောင်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်တို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းဝင်းက ဘက်စုံစံပြကျေးရွာ ရွေးချယ်ဆောင်ရွက်သည့် ရည်ရွယ်ချက်နှင့်လုပ်ငန်းများ ရှင်းလင်းဆွေးနွေးကာ တောင်သူများနှင့်အတူ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက pH meter များဖြင့် ဘက်စုံစိုက်ပျိုးမည့်တောင်သူများ၏ လယ်မြေများအား pH တိုင်းတာခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထာဝရငြိမ်းချမ်းရေးစေတီတော်၌ တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ရွှေတိဂုံစေတီတော်ရင်ပြင်သို့ ပင့်ဆောင်ပူဇော်

**ရန်ကုန် မေ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်၌ တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များအား ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ချမ်းသာကြီးတန်ဆောင်းသို့ ပင့်ဆောင်ပူဇော်သည့် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကမ္ဘာအေးစေတီတော်အရှေ့ဘက်မုခ် မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်**

ရှေးဦးစွာ ကမ္ဘာအေးစေတီတော် မင်္ဂလာမဏ္ဍပ်တွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဉက္ကဋ္ဌဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ကြပြီး ဆရာတော်၊ သံဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မိုးမိုးစုကြည်၊ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဆရာတော်၊ သံဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များက ကမ္ဘာအေးစေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်သည်။

**ရင်ငွေ့ခိုလှုံကာ အပူဇော်ခံထားရှိ**

ယင်းနောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ဆရာတော်၊ သံဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ဘာအေးဘုရားလမ်း၊ ဓမ္မစေတီလမ်း၊ အာဇာနည်ဗိမာန်လမ်းမှတစ်ဆင့် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်သို့ ပင့်ဆောင်ကြသည်။ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်တွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဒေဝါဝင်၊ ရာဇာဝင်၊ နရီအဖွဲ့များဖြင့် ကြိုဆိုပင့်ဆောင်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကာ ချမ်းသာကြီးတန်ဆောင်းတွင် တိုင်းဒေသကြီးသံဃနာယကဉက္ကဋ္ဌနှင့် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာဆောင်ရွက်ကြပြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ငွေ့ခိုလှုံကာ အပူဇော်ခံထားရှိသည်။



**ဟန်လင်းနိုင်**

# ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုဦး (ယခု ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ အကြံပေး)၊ ညွှန်ကြားရေးမှူး ဦးသောင်းလွင် (ယခု ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မှူး(ယခုညွှန်ကြားရေးမှူး)နှင့် ညွှန်ကြားရေးမှူး ဦးထွန်းနိုင်ဝင်းတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် မေ ၁၀**

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၏ အဂတိတရားများအား သိရှိနိုင်ပါရန်နှင့် စုံစမ်းဖော်ထုတ်ပေးပါရန် တိုင်ကြားခဲ့ခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးခဲ့သည်။

**စစ်ဆေးပေါ်ပေါက်**

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုဦး(ယခု ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ အကြံပေး)၊ ညွှန်ကြားရေးမှူး ဦးသောင်းလွင်(ယခု ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မှူး (ယခု ညွှန်ကြားရေးမှူး)နှင့် ညွှန်ကြားရေးမှူး ဦးထွန်းနိုင်ဝင်းတို့သည် ပြည်ထောင်စုဘတ်ဂျက်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်များမှ ခွဲဝေချထားပေးသည့် လုပ်ငန်းရန်ပုံငွေများကိုသုံးစွဲ၍ လုပ်ငန်းများဆောင်ရွက်ခဲ့ခြင်းမှ ရုံးချုပ်သို့ ပံ့ပိုးငွေအဖြစ် ၂၀၁၄ ခုနှစ်အတွင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးတို့မှ ငွေကျပ် ၂၃၇၆၉၇၇၈၀ ဒသမ ၂၂ ကို လည်းကောင်း၊ ၂၀၁၅ ခုနှစ်အတွင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးတို့မှ ငွေကျပ် ၈၉၉၇၆၂၁၅ ဒသမ ၆၄ ကို လည်းကောင်း၊ ၂၀၁၇ ခုနှစ်အတွင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးတို့မှ ငွေကျပ် ၁၂၉၅ သိန်းကို လည်းကောင်း၊ ၂၀၁၈ ခုနှစ်အတွင်းက တိုင်းဒေသကြီးရုံးတို့မှ ငွေကျပ် သိန်း ၈၁၀ ကို လည်းကောင်း လွှဲပြောင်းပေးပို့စေခြင်းဖြင့် လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုဦး(ယခု ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ အကြံပေး)၊ ညွှန်ကြားရေးမှူး ဦးသောင်းလွင် (ယခု ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မှူး (ယခု ညွှန်ကြားရေးမှူး)နှင့် ညွှန်ကြားရေးမှူး ဦးထွန်းနိုင်ဝင်းတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**



# မအူပင်မြို့၌ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေး

**မအူပင် မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ မေ ၈ ရက်က စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)က ဒေါက်တာမတင်ဝင်း၏ အလုပ်ဆိုတာအင်အားပါ စာအုပ်ကို စာဖတ်ဝိုင်းပြုလုပ်၍ အတွေးအမြင်များကို ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေး**

စာဖတ်ဝိုင်းတွင် Book Club ဥက္ကဋ္ဌ ဦးစောမောင်က စာဖတ်ဝိုင်းတွင် ပါဝင်ဆွေးနွေးမည့် ဆရာများ၏ အတ္ထုပ္ပတ္တိကို မိတ်ဆက်ပြီး Book Club အဖွဲ့ဝင်ဦးစိုးက ဒေါက်တာ မတင်ဝင်း၏ မျက်နှာဖုံးပါစာသားမှ အလုပ်ဆိုတာ မိမိကိုယ်ကိုတည်ဆောက်ဖို့ မိမိဘဝကို ခိုင်ခံ့စွာတည်ဆောက်ဖို့အတွက် အလိုအပ်ဆုံးအင်အားဖြစ်ပြီး မိမိကိုယ်ကို တည်ဆောက်နိုင်သောအင်အားက အလုပ်လုပ်ရင်းရလာနိုင်ကြောင်း၊ ဘာအလုပ်ပဲလုပ်လုပ် အလုပ်တစ်ခုကိုလုပ်၊ အလုပ်မရှိရင် တန်ဖိုးမရှိ၊ တန်ဖိုးရှိအောင် အလုပ်လုပ်ရကြောင်း ဆွေးနွေးခဲ့ပြီး Book Club အဖွဲ့ဝင် ဦးဘိုထွေးက အလုပ်လုပ်ရာမှာ အောင်မြင်စေလိုလျှင် အများနှင့်ပြေလည်အောင် ဆက်ဆံတတ်ပါမှ အလုပ်တစ်ခုမှာ ကိုယ်လုပ်ချင်သည့်အလုပ်ကို အများက လုပ်ချင်လာအောင် စည်းရုံးနိုင်သည့်လူဖြစ်ရမည်ဆိုသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

**ပူးပေါင်းဆောင်ရွက်သွားရန်လို**

ထို့နောက် Book Club အဖွဲ့ဝင်များက စာအုပ်မှ ရရှိသည့် အတွေးအမြင်များအား အသီးသီးဆွေးနွေးကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်တင်သူဇာလှိုင်က လူငယ်၊ လူရွယ်များ စာပေဖတ်ရှုသည့် အလေ့အထများရရှိ၍ တွေးခေါ်တတ်စေရန် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

**အောင်ခိုင်၊ အောင်မြင့်မြတ် (မအူပင်)**

# သောင်းကျန်းသူ ရာနှင့်ချီပြီး ဘင်္ဂလားဒေ့ရှ်အစိုးရထံ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်

**ဒါကာ ဧပြီ ၁၀**

ဧပြီ ၉ ရက်တွင် ဘင်္ဂလားဒေ့ရှ် လက်ဝဲနိုင်ငံရေးအစွန်းရောက် လက်နက်ကိုင်တပ်ဖွဲ့ဝင်ရာနှင့်ချီပြီး လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် ရဲအရာရှိများက ပြောကြားခဲ့သည်ဟု အေအက်ဖ်ပီသတင်းဌာနက သတင်းဖော်ပြသည်။

အစွန်းရောက်လက်နက်ကိုင်တပ်ဖွဲ့ဝင် ၆၀၀ ကျော်သည် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြောင်းနှင့် ယခုအကြိမ် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်မှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အရေအတွက်အများဆုံး ဖြစ်ကြောင်း သိရသည်။

အဆိုပါလက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့် အခမ်းအနားကို ဒါကာမြို့ရှိ အားကစားကွင်းတစ်ခုတွင် ပြုလုပ်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်ပြည်ထဲရေးဝန်ကြီးနှင့် ရဲချုပ်တို့ တက်ရောက်ခဲ့သည်။

၁၉၇၀ ပြည့်နှစ်ကစပြီး နိုင်ငံ၏အနောက်ဘက်ဒေသများသည် လက်ဝဲနိုင်ငံရေးလှုပ်ရှားမှုများနှင့် ပြည့်နှက်နေခဲ့ပြီး မော်စီတုံးဝါဒလက်ကိုင်ထားသော တပ်ဖွဲ့များ အပါအဝင် တောခိုသောင်းကျန်းသူများနှင့် ဘင်္ဂလားဒေ့ရှ်တပ်ဖွဲ့တို့အကြား ပဋိပက္ခ ဖြစ်ပွားလျက်ရှိခဲ့သည်။ အဆိုပါအဖွဲ့များက နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် သတင်းထောက်များအား လုပ်ကြံသတ်ဖြတ်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်တပ်ဖွဲ့များနှင့် မကြာခဏ တိုက်ပွဲများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

၁၉၉၇ ခုနှစ်က မြန်မာနိုင်ငံနှင့်နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည့် စစ်တကောင်းတောင်တန်းဒေသများမှ သောင်းကျန်းသူထောင်ပေါင်းများစွာသည် မြန်မာအစိုးရအဖွဲ့ထံ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့သည်။ ယခု လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်မှုသည် ၁၉၉၇ ခုနှစ်ကစပြီး သောင်းကျန်းသူအများဆုံးပါဝင်သော ငြိမ်းချမ်းရေးလဲလှယ်မှုဖြစ်သည်ဟု ရဲချုပ် ရာဇီဂယ် အစ္စလာမ်က ဆိုသည်။

လွန်ခဲ့သောနှစ်နှစ်က သောင်းကျန်းသူ ၄၀၀ ခန့်သည် ဘင်္ဂလားဒေ့ရှ်အစိုးရထံ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့ပြီး ၎င်းတို့အား ဘင်္ဂလားဒေ့ရှ်အရန်ရဲတပ်ဖွဲ့အဖြစ် ခန့်အပ်တာဝန်ပေးအပ်ထားသည်။ **အေအက်ဖ်ပီ**

# ဘရာဇီးနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူခုနစ်ဦးထက်မနည်းသေဆုံး

**ရီယိုဒီဂျနေရိုး ဧပြီ ၁၀**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့တွင် ဧပြီ ၈ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် လူခုနစ်ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ဘရာဇီးအစိုးရ မြို့ပြကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

ရီယိုဒီဂျနေးရိုးမြို့သည် ဘရာဇီးနိုင်ငံတွင် ဆော်ပိုလိုမြို့ပြီးလျှင် ဒုတိယမြောက်လူဦးရေအထူထပ်ဆုံးမြို့ဖြစ်သည်။ ရီယိုဒီဂျနေရိုးမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အရေးပေါ်အခြေအနေနှင့် အမြင့်မားဆုံးရင်ဆိုင်နေရကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုများသည် လာမည့်နာရီအတော်အတန်ကြာအတွင်း ဆက်လက်ဖြစ်ပွားနေဦးမည်ဟု မှန်းဆတွက်ချက်မှုများရှိနေခဲ့သည်။

ဧပြီ ၈ ရက် ညနေပိုင်းကတည်းက ရွာသွန်းခဲ့သည့် မိုးမှာ ရီယိုဒီဂျနေရိုးမြို့တွင် ဧပြီလအတွင်းရွာသွန်းရန် မျှော်မှန်းခဲ့သည့် မိုးရေချိန်ပမာဏ၏ နှစ်ဆနီးပါးရှိခဲ့သည်။

ရီယိုဒီဂျနေရိုးမြို့၏မှတ်ပုံတင်စာရင်းဝင်ဒေသအချို့တွင် မိုးရွာသွန်းမှုကြောင့် ပြင်းထန်သော ပျက်စီးမှုများဖြစ်ပွားခဲ့ရပြီး ယင်းဒေသများ၌ ရွှံ့နွံများ ပြိုကျစီးဆင်းမှု၊ လျှပ်တစ်ပြက်ရေလွှမ်းမိုးမှုများနှင့် သစ်ပင်များပြိုလဲမှုများဖြစ်ပေါ်ခဲ့သည်။

ရီယိုဒီဂျနေရိုးမြို့၏တောင်ပိုင်းနှင့် အနောက်ပိုင်းဒေသများ၌ ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ပေါ်ခဲ့ပြီး ယင်းဒေသများ၏အနီးဝန်းကျင်ဒေသများမှာ ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည်။ ယင်းဒေသရှိ အပန်းဖြေနေရာများ၌ရှိနေသူ ဒေသခံများအား ဘေးကင်းလုံခြုံသည့်ကုန်းမြေများသို့ ရွှေ့ပြောင်းနေထိုင်ကြရန် မော်တော်ဘုတ်များဖြင့် အမိန့်များထုတ်ပြန်ခဲ့ရသည်။

မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် အရေးပေါ်ဆိုင်ရာကိစ္စ ၁၇၀၀ ကျော်ဖြစ်ပေါ်သည်ကို လက်ခံရရှိခဲ့ကြောင်း မြို့ပြကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

ဘရာဇီးမိုးလေဝသဌာနက ယင်းမိုးသည်းထန်စွာရွာသွန်းမှုနှင့်ပတ်သက်၍ ခန့်မှန်းချက်ထုတ်ပြန်ရာတွင် ဧပြီ ၁၀ ရက် ညနေပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်မည်ဟု ပြောကြားခဲ့ပြီး ယင်းသို့မိုးရွာသွန်းမှုများကြောင့် ထိခိုက်ပျက်စီးမှုများနှင့် လူသေဆုံးမှုများဖြစ်ပေါ်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ**



# ဂျပန်ငွေစက္ကူအချို့ပုံစံသစ်ဖြင့် ပြောင်းလဲထုတ်ဝေမည်

**ကျိုတို ဧပြီ ၁၀**

ဂျပန်နိုင်ငံအစိုးရက နိုင်ငံအတွင်းသုံးစွဲလျက်ရှိသော ငွေစက္ကူအချို့၏ပုံစံများကို ပုံစံသစ်အသွင်ပြောင်းလဲ သုံးစွဲမည်ဖြစ်ကြောင်းကြေညာခဲ့သည်။

ဂျပန်ငွေစက္ကူအတုများ သုံးစွဲမှုမှ ကာကွယ်ရန်ရည်ရွယ်ပြီး ပုံစံသစ်အသွင်ကို ပြောင်းလဲထုတ်လုပ်မည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့က ဆိုသည်။

အဆိုပါငွေစက္ကူပုံစံများ ပြောင်းလဲသုံးစွဲမှုကို ၂၀၂၄ ခုနှစ် ဧပြီလမတိုင်မီ စတင်ထုတ်ဝေသွားမည်ဖြစ်ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနကဆိုသည်။

ပြောင်းလဲသုံးစွဲမည့် ငွေစက္ကူများတွင် ရေစာမှတ်များပါဝင်မည်ဖြစ်သည့်အပြင် သုံးဖက်မြင် (3D) ဒီဇိုင်းများဖြင့် ပုံဖော်ထားမည်ဖြစ်သည်။

ဘဏ္ဍာရေး ဝန်ကြီးဌာနက ပြောင်းလဲသုံးစွဲမည့် ယန်း ၁၀၀၀ တန်၊ ယန်း ၅၀၀၀တန်နှင့် ယန်း ၁၀၀၀၀ တန် ငွေစက္ကူပုံစံဒီဇိုင်းများကို ဂျပန်နိုင်ငံ၏သမိုင်းတစ်လျှောက်တွင် မော်ကွန်းတင်ခဲ့သော အထင်ကရ ပုဂ္ဂိုလ်များဖြင့် ရုပ်ပုံများဖြင့် ပုံဖော်ထားကြောင်း သိရသည်။




ငွေစက္ကူ ယန်း ၁၀၀၀၀ တန်တွင် ၁၉ ရာစုနှောင်းပိုင်းက တိုကျို စတော့အိတ်ချိန်းကို စတင်ခဲ့သူ စက်မှုလုပ်ငန်းရှင် အီချီ ရှီဘူဆာဝါ၏ ရုပ်ပုံကို ဖော်ပြရန် စီစဉ်ထားပြီး ငွေစက္ကူ ယန်း ၅၀၀၀ တန်တွင် ပထမဆုံးနိုင်ငံခြားသို့ ပညာတော်သင်သွားခဲ့သော အမျိုးသမီး ယူမီကို ဆူဒါ၏ ရုပ်ပုံနှင့် ယန်း ၁၀၀၀ တန်တွင် မေးခိုင်ရောဂါ ကာကွယ်ဆေး ရှာဖွေတွေ့ရှိခဲ့သူ သမားတော်ကြီး ရှီဘာဆာဘူရို ကီတာဆာတို၏ရုပ်ပုံကို ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ငွေစက္ကူများ ပုံစံပြောင်းလဲသုံးစွဲခြင်းသည် နိုင်ငံအတွင်း စီးပွားရေးအခြေအနေကို ပြောင်းလဲလှုံ့ဆော်ရန် ရည်ရွယ်ခြင်းမရှိပါကြောင်းနှင့် အခါအားလျော်စွာ ငွေစက္ကူဒီဇိုင်းပြောင်းလဲသုံးစွဲခြင်းသာဖြစ်ပါကြောင်း ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုက ဆိုသည်။

သတ်မှတ်ထားသည့်အတိုင်း ငွေစက္ကူများပုံစံပြောင်းလဲသုံးစွဲနိုင်မည်ဆိုပါက နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံး ငွေစက္ကူအနုသုခုမလက်ရာများ ပြောင်းလဲမှုဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်တစ်စင်းပျက်ကျ

**တိုကျို ဧပြီ ၁၀**

ဂျပန်နိုင်ငံမြောက်ပိုင်းဒေသတွင် ဧပြီ ၉ ရက် ညနေပိုင်းက ပျက်ကျသွားခဲ့သည့် အက်ဖ်-၃၅ အမျိုးအစား ရေဒါရှောင်ကွင်းနိုင်သည့် ဂျက်တိုက်လေယာဉ်နှင့် လေယာဉ်မှူးတို့ကို ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

အဆိုပါ အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်သည် မီဆာဝါလေတပ်အခြေစိုက်စခန်း၏ရေဒါမြင်ကွင်းမှ ဧပြီ ၉ ရက် ညဒေသစံတော်ချိန် ၇ နာရီ မိနစ် ၃၀ ခန့်တွင် ပျောက်ဆုံးသွားခဲ့ကြောင်း ဂျပန်တိုင်းမ်သတင်းစာ၌ ဖော်ပြသည်။

ယင်းလေတပ်အခြေစိုက်စခန်း၏ အရှေ့ဘက်ပင်လယ်ပြင်အတွင်းတွင် ပျက်ကျသွားသည့် ဂျက်တိုက်လေယာဉ်မှ အပျက်အစီးအပိုင်းအစများကို ရှာဖွေတွေ့ရှိရသည်ဟု သတင်းများ၌ ဖော်ပြသည်။ ပျက်ကျသွားသည့် ဂျက်တိုက်လေယာဉ်အား ရှာဖွေကယ်ဆယ်မှုများပြုလုပ်ရန်အတွက် လေယာဉ်များနှင့်ရေယာဉ်များကို အဆိုပါလေယာဉ်ပျက်ကျရာ ဒေသအနီးသို့ စေလွှတ်ထားသည်။

ပျက်ကျသွားသည့် အက်ဖ်-၃၅ အမျိုးအစားဂျက်တိုက်လေယာဉ်သည် ၎င်းနှင့်အမျိုးအစားတူ လေယာဉ်သုံးစင်းနှင့်အတူ လေ့ကျင့်ပျံသန်းမှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း၊ ယင်းလေယာဉ်၏လေယာဉ်မှူးမှာ ဗိုလ်မှူးအဆင့်ရှိသူဖြစ်ပြီး အသက် ၄၀ ကျော်အရွယ်ရှိကာ ယင်းလေ့ကျင့်ပျံသန်းမှုကို ဦးဆောင်သူဖြစ်ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်ဟု ဂျပန်ကိုယ်ပိုင်လေကြောင်းကာကွယ်ရေးတပ်ဖွဲ့က ပြောကြားသည်။

ပျက်ကျသွားသည့် လေယာဉ်နှင့်အတူ လေ့ကျင့်ပျံသန်းခဲ့ကြသည့် အခြားလေယာဉ်မှူးများအနေဖြင့် အဆိုပါလေယာဉ်မည်သို့ ဖြစ်ပျက်သွားပုံကို မြင်တွေ့ခြင်းမရှိခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် လေ့ကျင့်ပျံသန်းချိန်မှာ ညဘက်ပိုင်းဖြစ်ပြီး လေယာဉ်များမှာလည်း တစ်စင်းနှင့်တစ်စင်း နီးကပ်စွာပျံသန်းမှုမရှိခြင်းကြောင့် ဖြစ်ကြောင်း ပြောကြားသည်။

အက်ဖ်-၃၅ အမျိုးအစားဂျက်တိုက်လေယာဉ်များကို ကမ္ဘာပေါ်ရှိ နိုင်ငံအချို့တွင် အသုံးပြုလျက်ရှိနေသော်လည်း ယခုလေယာဉ်ပျက်ကျမှုမှာ ယင်းအမျိုးအစားလေယာဉ်များထဲ၌ ပထမဆုံးအကြိမ် ပျက်ကျမှုဖြစ်ကြောင်း ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးလေတပ်ဖွဲ့က ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# နယူးယောက်မြို့၌ ဝက်သက်ရောဂါကူးစက်မှု အရေးပေါ်အခြေအနေထုတ်ပြန်ထား

**နယူးယောက်စီးတီး ဧပြီ ၁၀**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် ကျန်းမာရေးအရေးပေါ်အခြေအနေတစ်ရပ် ကြေညာထားကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

နယူးယောက်မြို့နေပြည်သူများအား ၄၈ နာရီအတွင်း ဝက်သက်ရောဂါကာကွယ်ဆေးထိုးကြရန် ကျန်းမာရေးတာဝန်ရှိသူများက အမိန့်တစ်ရပ်ထုတ်ပြန်ထားသည်။ အသက်ခြောက်လအရွယ်နှင့်အထက် ကလေးငယ်နှင့်လူကြီးများအနေဖြင့် ဝက်သက်ရောဂါကာကွယ်ဆေးထိုးထားရန်လိုအပ်သည်။ ကာကွယ်ဆေးထိုးနှံမှုပျက်ကွက်ပါက အမေရိကန်ဒေါ်လာ ၁၀၀၀ ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာလကစပြီး နယူးယောက်မြို့တော်၌ ဝက်သက်ရောဂါကူးစက်ခံရသူဦးရေ ၂၈၅ ဦးခန့် ရှိခဲ့သည်။ အဆိုပါရောဂါကူးစက်ခံရသူများ၏ ၉၀ ရာခိုင်နှုန်းနီးပါးသည် ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းမရှိသည့် အသက် ၁၈ နှစ်အောက် ကလေးငယ်များ ဖြစ်ကြောင်း စစ်တမ်းတစ်ရပ်အရ သိရသည်။ ဝက်သက်ရောဂါသည် လေထုထဲမှတစ်ဆင့် ကူးစက်တက်သော ရောဂါဖြစ်ပြီး ကလေးငယ်များ၏ အသက်အန္တရာယ်ကိုပါ ခြိမ်းခြောက်နိုင်သည့်အပြင် ကိုယ်ဝန်ဆောင်မိခင်များအတွက် ကိုယ်ဝန်ပျက်ကျခြင်းကိုပါ ဖြစ်ပွား နိုင်သည်။

၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စုအတွင်း အဆိုပါရောဂါ စတင်ပျံ့နှံ့ခဲ့ပြီး ယခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကူးစက်သူဦးရေ ၄၆၅ ဦးခန့်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# မြန်မာအသင်းယှဉ်ပြိုင်ခွင့်ရထားသည့် အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ တတိယအဆင့်ခြေစစ်ပွဲ ၂၀၂၀ နှစ်ဆန်းပိုင်းတွင် ကျင်းပမည်

**ရန်ကုန် မေ ၁၀**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံး တတိယအဆင့်ခြေစစ်ပွဲကို ၂၀၂၀ နှစ်ဆန်းပိုင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

တတိယအဆင့်ခြေစစ်ပွဲကို လေးသင်းနှစ်အုပ်စု ခွဲ၍ ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ဒုတိယအဆင့်မှ တက်ရောက်လာသည့် မြန်မာ၊ ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ)၊ တတိယအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့် ရထားသည့် တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ တရုတ်၊ ဩစတြေးလျ၊ ထိုင်းအသင်းတို့ ရှစ်သင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံး နှစ်သင်းစီသာ Play-off အဆင့်သို့ တက်ရောက်ခွင့် ရမည်ဖြစ်သည်။ Play-off အဆင့်တွင် အနိုင်ရသည့် နှစ်သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲကို ဧပြီ ၃ ရက်မှ ၉ ရက် အထိ အုပ်စုသုံးခုခွဲ၍ ကျင်းပခဲ့ပြီး အုပ်စု (ဂ) ပွဲစဉ်များမှာ ဧပြီ ၁၀ ရက် မြန်မာစံတော်ချိန် နံနက်အစောပိုင်းမှသာ ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲကျင်းပသည့် ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခြင်းဖြစ်ပြီး ဒုတိယအဆင့်အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က)မှ မြန်မာ၊ အုပ်စု (ခ)မှ ဗီယက်နမ်၊ အုပ်စု (ဂ) မှ တရုတ်(တိုင်ပေ) အသင်းတို့ တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စု (က) တွင် အိန္ဒိယနှင့် ခုနစ်မှတ်စီတူသော်လည်း ဂိုးကွာခြားချက်အသာကြောင့် အုပ်စုပထမရခဲ့ခြင်းဖြစ်သည်။



အိုလံပစ် ဒုတိယအဆင့်ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာအမျိုးသမီးအသင်း။

မြန်မာအသင်းသည် နီပေါအသင်းကို သုံးဂိုး-တစ်ဂိုး၊ အင်ဒိုနီးရှားအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အိန္ဒိယအသင်းနှင့် သုံးဂိုးစီသရေကျခဲ့သည်။ အုပ်စု(ခ) တွင် ပထမနေရာရခဲ့သည့် ဗီယက်နမ်အသင်းသည် ဥဇဘက်ကစ္စတန်ကို နှစ်ဂိုး-တစ်ဂိုး၊ ဟောင်ကောင်ကို နှစ်ဂိုး-တစ်ဂိုး၊ ဂျော်ဒန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ တရုတ်(တိုင်ပေ)အသင်းသည် အုပ်စု (ဂ)တွင် ပါဝင်ခဲ့ပြီး ပါလက်စတိုင်းကို သုံးဂိုးပြတ်၊ ဖိလစ်ပိုင်ကို လေးဂိုး-နှစ်ဂိုး၊ အီရန်ကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တတိယအဆင့်ခြေစစ်ပွဲအပါအဝင် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် အချိန်ယူပြင်ဆင်သွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်တွင် အာဆီယံအမျိုးသမီးပြိုင်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# တရုတ် ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ ယူ-၁၅ အသင်း နိုင်ပွဲနှင့်လွဲချော်

**ရန်ကုန် မေ ၁၀**

တရုတ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် တရုတ် ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာ ယူ-၁၅ အသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ယနေ့ညနေပိုင်းက ကာဂျစ္စတန် ယူ-၁၆ အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး နိုင်ပွဲနှင့်လွဲချော်ခဲ့သည်။

**ရှုံးပွဲဖြင့်သာ ရင်ဆိုင်ခဲ့ရ**

ပြိုင်ပွဲနောက်ဆုံးနေ့တွင် ကာဂျစ္စတန် ယူ-၁၆ အသင်းက မြန်မာ ယူ-၁၅ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး တာဂျစ်ကစ္စတန် ယူ-၁၆ အသင်းနှင့် အိမ်ရှင်တရုတ် ယူ-၁၆ အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ မြန်မာ ယူ-၁၅ အသင်းသည် နောက်ဆုံးပွဲတွင် ရလဒ်ကောင်းရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲဖြင့်သာ ရင်ဆိုင်ခဲ့ရသည်။

**အဆင့် (၄) နေရာတွင် ရပ်တည်**

ကာဂျစ္စတန်အသင်းအတွက် ဂိုးများကို မိနစ် ၅၀၊ ၇၇ မိနစ်တွင် သွင်းယူပြီး မြန်မာအသင်းအတွက် ချေပဂိုးကို ၆၃ မိနစ်တွင် ထက်မြတ်လွင်က သွင်းယူခဲ့သည်။ ပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့် ကျင်းပခဲ့ပြီး တာဂျစ်ကစ္စတန်နှင့် တရုတ်အသင်းတို့ နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ခုနစ်မှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်အသာဖြင့် တာဂျစ်ကစ္စတန်အသင်းက ပထမ၊ တရုတ်အသင်းက ဒုတိယရခဲ့သည်။ သုံးမှတ်ရခဲ့သည့် ကာဂျစ္စတန်အသင်းက တတိယနှင့် အုပ်စုသုံးပွဲစလုံးရှုံးသည့် မြန်မာအသင်းက အဆင့် (၄) နေရာတွင် ရပ်တည်ခဲ့သည်။

**ဖိုးသော်ဇင်**



# ရွှေဘိုမြို့၌ မီးလောင်မှုဖြစ်ပွား

**ရွှေဘို မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ် ၁၀ ရပ်ကွက် မြတောင်ရပ် ၁၀ လမ်းတွင် အိမ်ငှား နေထိုင်သည့် ဒေါ်နီလာစမ်း၏နေအိမ်တွင် ယနေ့နံနက် ၃ နာရီ ၁၅ မိနစ်က ပန်ကာဖွင့်ထားရာမှ အပူလွန်ကဲပြီး နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရသဖြင့် ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ နံနက် ၃ နာရီ ၅၅ မိနစ်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဒေါ်နီလာစမ်းအား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# YBS ယာဉ်မောင်းအား ယာဉ်အကူက ဓားဖြင့်ထိုးသဖြင့် သေဆုံး

**ရန်ကုန် မေ ၁၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် ၆၁ ရပ်ကွက် စက်မှုဇုန်ရှိ YBS အမှတ် ၉ ယာဉ်ဂိတ်တွင် မေ ၇ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်က ယာဉ်မောင်းအား ယာဉ်အကူက ဓားဖြင့် ထိုးသဖြင့် သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်အား ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းမှ ဒုရဲမှူး ကျော်ဝင်းမောင်(စခန်းမှူး)နှင့် ရဲတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေရာအား သွားရောက်စစ်ဆေးရာ ယာဉ်မောင်း ကိုကိုအောင် (ခ)ကြွက်မီးသည် ဂိတ်တဲအနီးရှိ ကွပ်ပျစ်ပေါ်တွင် သေဆုံးလျက်ရှိပြီး ၎င်း၏ခန္ဓာကိုယ်အားစစ်ဆေးရာ ဝဲနံအောက် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ယာရင်အုံ ထိုးသွင်းဒဏ်ရာတစ်ချက်၊ ယာပခုံးအပေါ် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ယာနောက်ကျော ထိုးသွင်းဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးလျက်ရှိကြောင်း တွေ့ရှိရသည်။ ဖြစ်စဉ်နှင့် စပ်လျဉ်း၍ မျက်မြင်တွေ့ရှိသူ ဂိတ်မှူး ဦးခင်ဇော်အား မေးမြန်းရာ သေဆုံးသူမှာ YBS အမှတ် ၉ မောင်းနှင်သူ ကိုကိုအောင်(ခ)ကြွက်မီးဖြစ်ပြီး ရွှေအုပ်ဂူ ၃ လမ်း ၈ ရပ်ကွက် သာကေတမြို့နယ်နေသူဖြစ်ကြောင်း၊ ဓားဖြင့်ထိုးသူမှာ ယာဉ်နောက်လိုက် ကျော်ကိုကိုရှိန်း(ခ) တောက်တက်ဖြစ်ပြီး ဆီဖြည့်ခြင်းနှင့်ပတ်သက်၍ စကားများရန်ဖြစ်ကြရာမှ ကျော်ကိုကိုရှိန်း(ခ)တောက်တက်က ကိုကိုအောင်အား ဓားဖြင့်ထိုးကာ ထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်ကိုကိုရှိန်း(ခ)တောက်တက်အား ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

# ဗန်းမောက်၌ အမျိုးသားတစ်ဦးနှင့် နွားတစ်ကောင် ဓာတ်လိုက်သေဆုံး

**ဗန်းမောက် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့၌ မေ ၁၀ ရက် နံနက် ၄ နာရီ မိနစ် ၅၀ က အမျိုးသားတစ်ဦးနှင့် နွားတစ်ကောင် ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည် ။

ဖြစ်စဉ်မှာ ဦးသိန်းမြင့်(ခ)မောင်မြင့်သည် ထင်းတိုက်ရန်အတွက် နေအိမ်မှနွားလှည်းဖြင့် ထွက်ခွာ လာစဉ် မြနန္ဒာရပ်ကွက်အထွက် ပန်းပျိုးလက် ကိုယ်ပိုင်အထက်တန်းကျောင်းအနီး လမ်းမပေါ်ရှိ ရေအိုင်ငယ်အား ဖြတ်ကျော်ရာ ရေအိုင်အတွင်းသို့ပြတ်ကျနေသော ဓာတ်ကြိုးကြောင့် နွားတစ်ကောင်နှင့်အတူ ဓာတ်လိုက်၍သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဗန်းမောက်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဝ၆၃**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၀**

သစ်တောဦးစီးဌာန ဝန်ထမ်းများအဖွဲ့၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၇ ရက်မှ ၉ ရက်အတွင်း တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် အင်ကြင်းမြိုင်ရပ်ကွက် နေအိမ်ခြံဝင်းအတွင်းမှ တရားမဝင် ကျွန်း၊ ကညင်ခွဲသား ၂၁ ဒသမ ၆၂၈ တန်နှင့် ပြစ်မှုကျူးလွန်သူတစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် နန်းကြီးကြိုးဝိုင်း အကွက်အမှတ်(၂၂)အတွင်း (နန့်သတ်ရွာ၏ အနောက်ဘက် နှစ်မိုင်ခန့်အကွာ)၌ တရားမဝင်ကျွန်းနှင့် သစ်မာသစ်/ခွဲသား ၂၃ ဒသမ ၉၈၂၆ တန်ကိုလည်းကောင်း၊ ကချင်ပြည်နယ် ပူတာအိုမြို့နယ် ပမ္မတီးကျေးရွာ အနောက်ဘက် တစ်မိုင်ခန့်အကွာမှ တရားမဝင် ကြေးလံသစ်လုံး/ခြမ်း တန် ၉၀ ခန့်နှင့် သစ်စက်တစ်လုံးကို လည်းကောင်း၊ မြစ်ကြီးနားမြို့နယ် ပလန(၅)ကျေးရွာအနီး




နန်ကျင်ချောင်းဘေးတွင် တရားမဝင် ကြေးလံ၊ ကညင်၊ သပြေသစ်လုံး ၇၅ ဒသမ ၇၄၄ တန်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဒုဋ္ဌဝတီမြစ်ကြောင်းတစ်လျှောက် နယ်မြေရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်ရာ ရဲရမန်းကြိုးဝိုင်း အကွက်အမှတ် (၁၂၁)အတွင်း ပန်းပုချောင်းရိုးတစ်လျှောက်တွင် တရားမဝင် ကျွန်း၊ အင်ကြင်းသစ် ၉ ဒသမ ၅၅၇၄ တန်ကို လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နယ် မဲပလဲသောင်ရင်း ကြိုးဝိုင်းအကွက်အမှတ် (၇)အတွင်း တရားမဝင်အခြားသစ်လုံး ၂၅ တန်ခန့်ကိုလည်းကောင်း ပိုင်ရှင်မဲ့သိမ်းဆည်းရမိပြီး ဆက်စပ်ပတ်သက်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်လူမော်**

# မြောက်ဦးမြို့ရှိ အမှတ် (၃၁) လုံခြုံရေးရဲတပ်ဖွဲ့ဌာနချုပ်အား AA အဖွဲ့က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်၊ တိုက်ပွဲနှင့် မသက်ဆိုင်သည့် မိသားစုဝင်များအား သတ်ဖြတ်ခြင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအား ဖမ်းဆီးခေါ်ဆောင်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်

**နေပြည်တော် မေ ၁၀**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ အမှတ် (၃၁) လုံခြုံရေးရဲတပ်ဖွဲ့ဌာနချုပ်အား မေ ၉ ရက် ညပိုင်းတွင် AA အဖွဲ့က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ပြီး တိုက်ပွဲနှင့်မသက်ဆိုင်သည့် မိသားစုဝင်များအား သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်းများ ကျူးလွန်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၉ ရက် ည ၁၀ နာရီခွဲခန့်တွင် AA အဖွဲ့မှ အင်အား ၂၀၀ ခန့်က အမှတ် (၃၁) လုံခြုံရေးရဲတပ်ဖွဲ့ဌာနချုပ်အား မြောက်ဘက်မျက်နှာစာမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ပြီး အကြိမ်ကြိမ် လုံးထွေးတိုက်ခိုက်ခဲ့ကြောင်း၊ သို့ရာတွင် မိမိတပ်ဖွဲ့ဝင်များ၏ ကြံ့ကြံ့ခံ ပြန်လည်ခုခံတိုက်ခိုက်မှုကြောင့် ပင်မဌာနချုပ်၏ အရေးကြီးနေရာများ ကျဆုံးမှုမရှိဘဲ လုံခြုံရေးရဲတပ်ဖွဲ့၏ အိမ်ထောင်သည်လိုင်းများအထိသာ ဝင်ရောက်နိုင်ခဲ့ကြောင်း၊ မေ ၁၀ ရက် နံနက် ၄ နာရီ ၁၀ မိနစ်ခန့်တွင် တပ်မတော်စစ်ကြောင်း ရောက်ရှိလာခြင်းကြောင့် AA အဖွဲ့ ပြန်လည်ဆုတ်ခွာသွားသဖြင့် နံနက် ၄ နာရီခွဲခန့်တွင် စခန်းဌာနချုပ်အား မိမိတပ်ဖွဲ့ဝင်များက ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ ဆုတ်ခွာသွားသော AA အဖွဲ့နောက်သို့ တပ်မတော်စစ်ကြောင်းများက ထက်ကြပ်လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင် နှစ်ဦး ကျဆုံးပြီး ခုနစ်ဦးပျောက်ဆုံးကာ မိသားစုဝင် ဇနီး တစ်ဦးကို ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း ၊ ထို့အပြင် AA အဖွဲ့က လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၏ ဇနီး သုံးဦး၊ မိခင်တစ်ဦး၊ ကလေးသူငယ် သုံးဦး ( ယောကျာ်းလေး တစ်ဦးနှင့် မိန်းကလေးနှစ်ဦး) တို့အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း၊ AA အဖွဲ့အနေဖြင့် ယခုကဲ့သို့ လုံခြုံရေးရဲတပ်ဖွဲ့၏ အိမ်ထောင်သည် မိသားစုလိုင်းခန်းများအား ဝင်ရောက်တိုက်ခိုက်ခြင်း၊ တိုက်ပွဲနှင့်သက်ဆိုင်ခြင်း မရှိသည့် ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ၊ အမျိုးသမီးနှင့် ကလေးသူငယ်များကို ဖမ်းဆီးခေါ်ဆောင်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**





AA အဖွဲ့များ ဝင်ရောက်တိုက်ခိုက်မှု အခြေပြမြေပုံ



ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသော ဒုရဲအုပ် သဲဇော်အောင်၏ ဇနီးနှင့် သမီး ။



ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသော ဒုရဲအုပ် အောင်ကိုကိုမြင့်၏ သမီး မနှင်းဟေမာန်ကို။




ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ အမှတ်(၃၁) လုံခြုံရေး ရဲတပ်ဖွဲ့ဌာနချုပ်အား AA အဖွဲ့က ဝင်ရောက်တိုက်ခိုက်ပြီး ဖမ်းဆီးခေါ်ဆောင်သွားသည့် တပ်ဖွဲ့ဝင်မိသားစုများ၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသော ဒုရဲအုပ် အောင်ကိုကိုမြင့်၏ မိခင်ဒေါ်အေးအေး(၅၆)နှစ်။



ဒေါ်ဇင်စန္ဒာစိုး(၂၉)နှစ်
(ဒုရဲအုပ် အောင်ကိုကိုမြင့်၏ ဇနီး)



မောင်အောင်မြင့်မြတ်ကို(၁)နှစ်
(ဒုရဲအုပ် အောင်ကိုကိုမြင့်၏ သား)



ဒေါ်တင်လေးနွယ်(၁၉)နှစ်
ရဲတပ်သား စည်သူစိုး၏ ဇနီး

# မေတ္တာခြံမှ လုံခြုံမည်၊ စိတ်ကိုနိုင်မှ ငြိမ်းချမ်းမည်

ဒေါက်တာမြတ်မိုး

လူသတ္တဝါတွေအချင်းချင်းခိုက်ရန်ဖြစ်ကြ၊ သတ်ကြ၊ ဖြတ်ကြခြင်းဟာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်စိတ်တွေ များလွန်းအားကြီးမှုကြောင့်ပါ။ လောဘမီးဟာ ဒေါသမီးပွားကို တိုးပွားတောက်လောင်စေသလို လူသားတိုင်းမှာ မေတ္တာတရားများ ထားရှိမွေးမြူနိုင်ရင် ရန်သူကိုတောင် အောင်နိုင်မှာဖြစ်ပြီး ဘေးဘယာကင်းဝေးကာ ကမ္ဘာကြီးသည်လည်း ငြိမ်းချမ်းသာယာနေမည်သာ ဖြစ်ပါတယ်။ တကယ့်မေတ္တာတရားဆိုတာ လူသတ္တဝါတွေရဲ့အကျိုးစီးပွားချမ်းသာကိုဖြစ်ထွန်းလိုစိတ်၊ ကူညီစောင့်ရှောက်ပေးလိုစိတ်ပါပဲ။ တစ်ဖက်သူ၏ခံစားမှုကို ခံစားနားလည်ပေးပြီး ထိုသူ ထိခိုက်ဆင်းရဲသွားမှာကို မလိုလားတဲ့စိတ်ပါ။

လူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ်သာ အချစ်ဆုံးပါ။ ကိုယ့်ကိုယ်ကိုယ်သာ ဘေးရန်ကင်းချင်ကြပြီး စိတ်အေးချမ်းသာရှိချင်ကြတယ်။ ကိုယ့်ခန္ဓာ ကျန်းမာချင်ကြတယ်။ ဒါဟာသဘာဝတရားတစ်ခုပါ။ အဲဒီလို ကိုယ့်ကိုယ်ကိုယ်သာ တန်ဖိုးထားတဲ့မေတ္တာစာတ်ကို တစ်ပါးသူတွေအပေါ်မှာ၊ ကိုယ်ချစ်ရသူရော၊ မချစ်မနှစ်သက်ရသူရော၊ ကိုယ်ကမုန်းသူ ကိုယ့်ရန်သူကိုတောင်မှ သူတို့လည်းကိုယ့်လိုပဲ ဘေးရန်ကင်းလိုမှာပဲ၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာ ရှိလိုမှာပါပဲဆိုတဲ့ ကိုယ်ချင်းစာစာနာ နားလည်စိတ်လေးနဲ့ ဖေးမပြီး စောင့်ရှောက်ပေးမယ်၊ ကူညီပေးမယ်၊ သူ့အကျိုးကို လိုလားပေးမယ်ဆိုရင် နှစ်ဦးနှစ်ဖက်ကြားမှာ ငြိမ်းငြိမ်းချမ်းချမ်း ရှိလာကြမှာဖြစ်ပါတယ်။

### မေတ္တာအခြေခံသော ဆက်ဆံရေး

ယနေ့ ကမ္ဘာနဲ့မြန်မာ ဖြစ်ရပ်တွေကိုကြည့်လျှင် မေတ္တာတရားတွေ နည်းပါးလာကြတာကို တွေ့ရပါလိမ့်မယ်။ အချို့နေရာတွေမှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်များကိုကြည့်ရင် ကရုဏာ၊ မေတ္တာတရားများဟာ အောက်ဆုံးကို ရောက်နေသလိုပါပဲ။ အတ္တနဲ့ အမုန်းကို ရှေ့တန်းတင်ကြတော့ တစ်ဦးအပေါ်တစ်ဦး၊ တစ်ဖွဲ့ကတစ်ဖွဲ့၊ တစ်နိုင်ငံက တစ်နိုင်ငံကို ရန်ပြုကြ၊ ပဋိပက္ခတွေဖြစ်ကြပြီး မငြိမ်းချမ်းမှုတွေ ဖြစ်ပေါ်နေကြတာကို တွေ့ရပါလိမ့်မယ်။ ရည်မှန်းချက်တွေကိုယ်စီနဲ့ လျှောက်လှမ်းနေကြပေမယ့် ကိုယ်ချင်းစာတရားတွေ နည်းပါးနေတဲ့အခါ နားလည်မှုတွေ ကင်းကွာပြီး တစ်ဦးနှင့်တစ်ဦးမေတ္တာမျှဝေမှုဆိုတာ အဝေးကြီးမှာ ကျန်ခဲ့ပါတယ်။

ကိုယ်ကျင့်တရားအခြေခံတဲ့ မေတ္တာဓာတ်သာလျှင် တာရှည်ခိုင်မာတဲ့ လူမှုဆက်ဆံရေးကောင်းတစ်ခုကို တည်ဆောက်နိုင်မှာဖြစ်ပြီး ကိုယ့်ဘက်က ရိုးသားမှုရှိကြောင်းလည်း ပြသနိုင်မှာဖြစ်ပါတယ်။ စစ်မှန်တဲ့မေတ္တာကို မျှဝေနိုင်လျှင် ကောက်ကျစ်စဉ်းလဲတဲ့ မရိုးသားမှုဟာ ရေရှည်မှာ နေရာမရနိုင်ပါဘူး။ မေတ္တာအခြေခံတဲ့ အပေါင်းလက္ခဏာဆန်တဲ့ ဆက်ဆံရေးသာလျှင် "အကျိုးလိုလို့ ညောင်ရေသွန်းတယ်" ဆိုတဲ့ သံသယဖြစ်မှုတွေကို ဖယ်ရှားပစ်နိုင်မှာဖြစ်ပါတယ်။

### အသွားအပြန်မေတ္တာ

ယနေ့လူမှုဆက်ဆံရေးနယ်ပယ်မှာ ရိုးသားဖြောင့်မတ်မှုတွေလည်း လျော့ပါးလာပြီး အချင်းချင်းကတိသစ္စာမတည်တာ၊ သူ့ဘက်ကိုယ့်ဘက် နားလည်မှုမပေး၊ မျှဝေမပေးနိုင်ကြ၊ မကြည့်နိုင်ကြတော့ဘဲ တစ်ကိုယ်ကောင်းဆန်မှုတွေ များပြားလာတာ တွေ့ရပါလိမ့်မယ်။ မေတ္တာဆိုတာ အသွားအပြန်ရှိပါတယ်။ လူတွေမှာ သူက ကိုယ့်အပေါ် ကောင်းကောင်းမွန်မွန် ရိုရိုသေသေ လေးလေးစားစား ဆက်ဆံတာကိုသာ လိုလားပေးမယ့် ကိုယ့်ဘက်က ဒီလိုပြန်လည်တုံ့ပြန်ဖို့တော့ ဝန်လေးနေတတ်ကြတယ်။ ရှင်းရှင်းလေးပါပဲ၊ ကိုယ်က ဒီလို ဆက်ဆံတာမျိုးကြိုက်ရင် သူလည်းဒီလို ဆက်ဆံတာမျိုးပဲလိုချင်မှာပေါ့၊ ကိုယ်ကလည်း သူလိုလားတဲ့ပုံစံမျိုးနဲ့ဆက်ဆံပေးပြီး ကိုယ့်ဘက်က ဦးစွာအပြုသဘောဆောင်ပေးနိုင်လျှင်တောင် အန်မတန် အကျိုးများသွားပါပြီ။

တစ်ဦးနဲ့တစ်ဦး မေတ္တာကိုအရင်းခံတဲ့ ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ချင်းစာနားလည်ပေးမှု၊ ကရုဏာ၊ မုဒိတာနဲ့ သစ္စာတရားတွေ အသီးသီး ကိုယ်စီကိုယ်ငှနဲ့ အခြေခံပြီး ဆက်ဆံကြရင် လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ ရပ်တည်လာတဲ့အခါ ငြိမ်းချမ်းမှုဆိုတဲ့ အင်အားသစ်တစ်ခုကို ထိုလူ့အဖွဲ့အစည်းအတွက် ပေးစွမ်းနိုင်မှာ အသေအချာပါ။ ကိုယ့်ကိုယ်ကိုယ် မေတ္တာခြံမှ လုံခြုံသလို အဖွဲ့အစည်းကိုလည်း ကိုယ့်မေတ္တာမျှဝေပေးနိုင်မှ ပတ်ဝန်းကျင်တစ်ခုလုံး လုံခြုံသွားမှာဖြစ်ပါတယ်။

### မိမိစိတ် မိမိနိုင်ပါစေ

အရာအားလုံးဟာ စိတ်ကပဲအရင်းခံပါတယ်၊ ကိုယ့်စိတ်ကိုလည်းမနိုင် သူ့စိတ်ကိုလည်း မပိုင်တဲ့အခါမှာ စိတ်ကို ထိန်းချုပ်နိုင်စွမ်းအားတွေ လျော့ပါးလာကြ

> မေတ္တာကြီးမားသူတစ်ယောက်ဟာ
> ကိုယ်အနိုင်ရနိုင်လျှင်တောင်မှ ကိုယ့်ပညာကို
> အကုန်မပြသဘဲ ကိုယ့်ထက်အားနည်းသူကို
> အနိုင်မယူ ခွင့်လွှတ်နိုင်စွမ်းရှိတဲ့ စိတ်သဘောထားကြီးမား...

တယ်။ တကယ်တော့ မေတ္တာကြီးမားသူတစ်ယောက်ဟာ ကိုယ်အနိုင်ရနိုင်လျှင်တောင်မှ ကိုယ့်ပညာကို အကုန်မပြသဘဲ ကိုယ့်ထက်အားနည်းသူကို အနိုင်မယူ ခွင့်လွှတ်နိုင်စွမ်းရှိတဲ့ စိတ်သဘောထားကြီးမားသူပါ။ မေတ္တာတရားတွေ ခေါင်းပါးတဲ့ ဝန်းကျင်တစ်ခုမှာ အကျင့်စရိုက်ဆိုးသွမ်းပြီး အနိဋ္ဌာရုံတွေကိုသာ ဖန်တီးဖြစ်ပေါ်စေတတ်တာမို့ ဒီလိုအခြေအနေတွေကို သည်းခံခွင့်လွှတ်ကြင်နာသနားတတ်တဲ့ စိတ်ဓာတ်တွေနဲ့သာ ပြုပြင်နိုင်ပါလိမ့်မယ်။

စိတ်ကိုနိုင်အောင်လုပ်တယ်ဆိုတာ ကိုယ့်စိတ်ကို လုံခြုံအောင်လုပ်တာပါပဲ၊ ကိုယ်ကိုယ်တိုင် မှန်မှန်ကန်ကန်လုပ်နေရင် ကိုယ့်စိတ်ကလည်း လုံခြုံနေပါတယ်၊ မျှတတဲ့ဥပဒေများနဲ့ စိုးမိုးနေရင်တော့ မိမိ၏ပြင်ပကလာတဲ့ အန္တရာယ်ရန်စွယ်တွေကလည်း လုံခြုံနေမှာပါ။ မိမိကိုယ်တိုင် ဥပဒေကို လေးစားလိုက်နာတတ်သူတစ်ယောက်ဆိုရင်တော့ ကိုယ့်စိတ်က ပိုမိုလုံခြုံသွားပါတယ်။ မှန်မှန်ကန်ကန်လုပ်နိုင်ဖို့အတွက် မှန်မှန်ကန်ကန် ကြံစည်နိုင်၊ တွေးခေါ်နိုင်ဖို့လိုသလို မှန်ကန်စွာတွေးတော ကြံစည်နိုင်ရန်မှာလည်း မှန်ကန်စွာမြင်တတ်မှ ဖြစ်နိုင်မှာပါ။ အမြင်အတွေးတွေ မှန်မှလည်း အလုပ်မှန်မှာဖြစ်သလို အမှားအမှန်ကို ခွဲခြားသိမြင်နိုင်မှလည်း မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို ချမှတ်နိုင်မှာဖြစ်ပါတယ်၊ ဒါဟာ ကိုယ့်စိတ်ကိုယ်နိုင်တဲ့ လုံခြုံတဲ့သူရဲ့ အားကောင်းတဲ့အချက်တွေပါ။

### စိတ်ကိုလေ့ကျင့်ပေးပါ

ဒါဆိုရင် လောဘ၊ ဒေါသ၊ မောဟ စတဲ့ အကုသိုလ်စိတ်တွေနေရာမှာ ကုသိုလ်စိတ်တွေ ဘယ်လိုအစားထိုးဝင်ရောက်စေမှာလဲ၊ ကိုယ်ရဲ့အားနည်းနေတဲ့ စိတ်တွေ၊ မကောင်းတဲ့အတွေးတွေ အကြံတွေကို ဘယ်လိုဖယ်ရှားထိန်းချုပ်မလဲ၊ ကာယကံ၊ ဝစီကံ အမှားတွေကို ကိုယ်ကျင့်သီလလုံအောင် ထိန်းသိမ်းပြီး စောင့်ရှောက်နိုင်ပေမယ့် မနောကံ အမှားတွေကိုတော့ ဘာဝနာကုသိုလ်အလုပ်နဲ့သာ ထိန်းသိမ်းပြုပြင်နိုင်ပါမယ်။ သတိပဋ္ဌာန် တရားလေးပါးမှာ စိတ္တာနုပဿနာ၊ စိတ်ကိုသတိဖြင့် အမြဲမပြတ်စောင့်ကြည့်တဲ့ လေ့ကျင့်အားထုတ်မှုမျိုးဟာ ကိုယ့်ရဲ့မကောင်းတဲ့ စိတ်တွေ မဝင်မိအောင်၊ မတွေးမိအောင် အကူအညီပေးပါတယ်။ သတ္တဝါအားလုံးအပေါ် မေတ္တာများပို့သပြီး ကိုယ်ကိုယ်တိုင်ငြိမ်းချမ်းမှုမှ တစ်ဆင့် ရွှင်လန်းကျန်းမာတဲ့ ပတ်ဝန်းကျင်၊ ငြိမ်းချမ်းတဲ့လူ့ဘောင်၊ အေးချမ်းတဲ့ ကမ္ဘာကြီးဖြစ်ဖို့ရန်ဆိုရင် မိမိကိုယ်တိုင်ပဲ စိတ်ရွှင်လန်း ငြိမ်းချမ်းနေဖို့လိုပါမယ်။ ဒါ့ကြောင့်လည်း မိမိစိတ်မိမိငြိမ်းချမ်းအောင် ဦးစွာတည်ဆောက်စေချင်တာပါ။

မြတ်စွာဘုရားရှင်ရဲ့ သတိပဋ္ဌာန်တရားတော်လာအတိုင်း လေ့ကျင့်အားထုတ်မှုများဟာ လူတွေရဲ့စိတ်တွေကို ကိလေသာတွေကင်းဝေးအောင်၊ ကိုယ့်စိတ်အတွင်းသဏ္ဍာန်မှာ သံသယတွေကင်းစင်ပြီး အမြင်တွေကြည်လင်နေအောင် တည်ဆောက်ယူရာမှာ များစွာ အထောက်အပံ့ဖြစ်စေပါတယ်။ ထို့အတူ ဘုရားရှင်ဟောကြားပြသတဲ့ မေတ္တာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းပွားများအားထုတ်ခြင်း၊ စနစ်တကျ မေတ္တာပို့ခြင်း အလေ့အကျင့်များဟာ တစ်ဦးပေါ်တစ်ဦး ဒေါသကို မပေါက်ဖွားစေဘဲ မေတ္တာဓာတ်ကိုသာ လွှမ်းခြုံပွားများစေပြီး အမုန်းတရားဆိုတဲ့ ကိလေသာတွေကို ဖယ်ရှားရှင်းလင်းပေးပါတယ်။ တစ်ဦးအပေါ်တစ်ဦး သောကတွေ မပေးမိအောင် ရှောင်ရှားစေပါတယ်။ မနာလိုမှုတွေ၊ ဝန်တိုဣဿာမစ္ဆရိယတွေ စိုးမိုးခြယ်လှယ်ခွင့်ကို မပေးနိုင်တော့သလို ပူလောင်မှုတွေကိုလည်း ဆိတ်သုဉ်းစေပါတယ်။

မိမိရဲ့ စိတ်ပိုင်းဆိုင်ရာ အလေ့အကျင့်တွေကြောင့် လောဘ၊ ဒေါသ၊ အတ္တ၊ မာန်မာနတွေနေရာမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မာစိုရ်တရားတွေ အစားထိုးဝင်ရောက်ပြီး ကြီးနိုင်ငယ်ညှဉ်းစိတ်ဓာတ်၊ ရန်ဘက်ဆောင်တဲ့ စိတ်ဓာတ်များဟာ တဖြည်းဖြည်းပပျောက်သွားမှာ ဖြစ်ပါတယ်။

### ဒေါသနဲ့ရန်လိုမှုကို ရှောင်ရှားနိုင်ပါစေ

အတ္တများပြီး သည်းခံနိုင်မှုနည်းတဲ့ဝန်းကျင်မှာ ဒေါသနဲ့ တုံ့ပြန်မှုဟာ ဉာဏ်ရည်ဉာဏ်သွေးနည်းတဲ့သူတွေရဲ့ တစ်ခုတည်းသော ပြဿနာဖြေရှင်းနည်းလို့ ဆိုနိုင်ပါတယ်။ ဘုံသဘောတူချမှတ်ထားတဲ့ ဦးတည်ချက်ပျောက်ပျက်သွားခြင်းဟာ တစ်ဦးနဲ့တစ်ဦး အပြစ်ဖို့ပြီး အပြန်အလှန် ထိုးနှက်တိုက်ခိုက်ခြင်းတွေနဲ့ပဲ အချိန်ကုန်နေလို့ဖြစ်ပါတယ်။ ဒီအချိန်မှာ မိမိစိတ် မိမိထိန်းချုပ်နိုင်သူ၊ ရင့်ကျက်တည်ငြိမ်မှုရှိသူဟာ ရန်လိုတဲ့စကားများ မပါအောင် ပြောဆိုပြုမူနိုင်လျှင် အခြားသူများရဲ့နွေးထွေးမှုနဲ့ မိတ်ဆွေဖြစ်မှုတွေ ပိုမိုရရှိလာမှာဖြစ်သလို ကိုယ့်ကိုဒုက္ခပေးမယ့် ရန်သူတွေလည်း အလိုလို နောက်ဆုတ်သွားနိုင်မှာဖြစ်ပါတယ်။ တစ်ခါတစ်ရံ မလျော်သော ဖိအားပေးမှုများဟာ မေတ္တာရဲ့ဆန့်ကျင်ဘက်ဖြစ်နေတတ်ပြီး အလုပ်လုပ်ရာမှာ နှောင့်နှေးမှုတွေဖြစ်စေတဲ့အပြင် ယုံကြည်မှုတွေကိုပါ ကျဆင်းစေပါတယ်။ လျော်ကန်သော ချီးမွမ်းထောမနာပြုခြင်းကသာ မေတ္တာသက်ဝင်မှုကို အထောက်အကူဖြစ်စေကြောင်းတွေ့ရှိရပါတယ်။ အပေါ်စီးကနေ အနိုင်ယူလိုစိတ်နဲ့ ပြုမူပြောဆိုမှု၊ အင်အားကိုအခြေခံတဲ့နှိပ်ကွပ်မှုတွေဟာ ကိုယ့်အပေါ်ရန်သူတွေသာ တိုးပွားစေပြီး လေးစားမှုကို လျော့ကျစေပါတယ်။ ကိုယ့်အပြစ်ကို ကိုယ်မမြင်နိုင်တဲ့အခါမှာ အခြားသူများထံမှ ကိုယ့်အပေါ် အပေါင်းလက္ခဏာဆန်တဲ့ အပြုသဘောတုံ့ပြန်မှုရရှိဖို့ဝေး သထက်ဝေးလာပါတော့တယ်။ မိမိဘက်မှာသာ စိတ်ပိုင်းဆိုင်ရာမှာ မချို့တဲ့ဘူးဆိုရင် ဒီလိုဆက်ဆံလာသူရဲ့ ပြောဆိုစကားကို ဂရုတစိုက်လက်ခံနားထောင်ပေးမိမှာဖြစ်ပါတယ်။ ပြန်လည်ဝေဖန်ပြစ်တင်တာမျိုး မပြုလုပ်ဘဲ ယဉ်ကျေးစွာဖြင့် မိမိဖြစ်ချင်သော၊ ဖြစ်သင့်သောအနေအထားကို သေချာရှင်းလင်းပြောပြပါက တစ်ဦးနှင့်တစ်ဦး လေးစားမှုကို ပြန်လည်ရရှိလာနိုင်ပါတယ်။ အားလုံးဟာ ရည်မှန်းချက်အောင်မြင်ရေးမှာ အရေးပါသူတွေချည်းပဲလို့ ခံယူထားကြပြီး အလေးထားပြီး ဆက်ဆံကြမယ်ဆိုလျှင် ပြဿနာကို ဖြေရှင်းရာမှာလည်း ပိုမိုချောမွေ့လွယ်ကူသွားမှာ ဖြစ်ပါတယ်။

### ဤလိုလူမျိုးတွေ နည်းပါစေ

ကိုယ့်ရဲ့မေတ္တာဓာတ်ကို ဖြန့်ကြက်ပေးရမယ့်သူတွေဟာ ကိုယ့်ပတ်ဝန်းကျင်မှာ အမျိုးမျိုး အထွေထွေ ရှိနေတတ်ပါတယ်။ ကိုယ့်အတွက်ရော၊ အဖွဲ့အစည်းအတွက်ရော၊ အနှောင့်အယှက်ပေးသူ ရန်သူအပေါ်မှာပါ ဖြန့်ကြက်ပေးရမှာဖြစ်ပါတယ်။ စိတ်ကိုလေ့ကျင့်ထားသူများဟာ တစ်ဦးချင်းရဲ့စိတ်နေစိတ်ထားတွေကိုလည်း အလွယ်တကူသိရှိနေတတ်ပါတယ်။ သူများအကျိုးစီးပွားပျက်စီးရန် လိုလားနေသူတွေ၊ အနိုင်ကျင့်ခြိမ်းခြောက်တတ်သူတွေ၊ ပြိုင်ဆိုင်လိုစိတ် ပြင်းထန်ပြီး အငြိုးအတေးထားတတ်သူတွေ၊ ရှေ့မှာ ချီးမွမ်းပြီး ကွယ်ရာမှာ နောက်ကျောဓားနှင့် ထိုးတတ်သူတွေ၊ လှည့်ဖြားကောက်ကျစ်ပြီး အယောင်ဆောင်တတ်သူတွေ၊ မြှောက်ပင့်ပြောဆိုပြီး ချောက်တွန်းတတ်သူတွေ၊ ကိုယ်ချင်းစာစိတ်နည်းပြီး အတ္တများသူတွေ၊ အယူစွဲ၊ ဝါဒစွဲ ပြင်းထန်သူတွေ၊ အပြစ်သာမြင်တတ်ပြီး မျှဝေခံစားမှုမရှိသူတွေ၊ သံသယကြီးပြီး လျှို့ဝှက်တတ်သူတွေ စသည်ဖြင့် ယနေ့ခေတ် လူ့ဘုံလူ့ဌာနနယ်ပယ်အသီးသီးမှာ အမျိုးအစားများစွာတွေ့မြင် ကြုံတွေ့နိုင်ပါတယ်။

စာမျက်နှာ ၂၂ သို့

ကြေးမုံ

မေ ၁၁၊ ၂၀၁၉



## စိန်ဖူးတော်နှင့် ရွှေထီးတော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ပင့်ဆောင်

**ရန်ကုန် မေ ၁၀**

လေးကျွန်းဓမ္မစကြာရှင် စေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့်ရွှေထီးတော်များအား မန္တလေးမြို့မှ ပင့်ဆောင်လာရာ အမြန်လမ်း တိုးဂိတ်တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကြိုဆိုခဲ့သည်။

မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ မူလသဲအင်းဂူကျောင်းတိုက်တွင် တည်ထားမည့် လေးကျွန်းဓမ္မစကြာရှင် စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ရွှေထီးတော်များကို မန္တလေးမှပင့်ဆောင်လာရာ မေ ၉ ရက် ညနေ ၄ နာရီခွဲတွင် အမြန်လမ်းတိုးဂိတ်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များ၊ ဝတ်အသင်းများနှင့်စည်တော်အဖွဲ့များက ကြိုဆိုခဲ့ကြသည်။

ယင်းနောက် မေ ၁၉ ရက်တွင် လေးကျွန်းဓမ္မစကြာရှင် စေတီတော်မြတ်ကြီးစိန်ဖူးတော်နှင့် ရွှေထီးတော်တင်လှူပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့သည်။ **ဆန်းကျော်ဦး (မြန်/ဆက်)**

## ပဲခူးမြို့တွင် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ပဲခူး မေ ၁၀**

ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၂၀၁၉ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ပဲခူးမြို့ သီရိဟံသာခန်းမ၌ မေ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးရာမှာ ဒေသတွင်း၌ မည်သည့်အရပ်ဒေသတွင်နေထိုင်သည်ဖြစ်စေ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား အားဖြည့်ဆောင်ရွက်ရမှာဖြစ်ပြီး မည်သူမျှနောက်ကျမကျန်ရစ်အောင် ကြိုးစားကြဖို့လိုကြောင်း၊ ပဏာမကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများသည် ဟန်ချက်ညီဖို့လိုကြောင်း၊ အပြန်အလှန်ပံ့ပိုးမှုများ တွန်းအားပေးမှုများရှိဖို့လိုကြောင်း၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှု တိုးတက်လာပါက ဆေးရုံတွေမှာ လူနာအမြောက်အမြား စုပြုံနေခြင်းကို ကျဆင်းစေမှာဖြစ်ကြောင်း၊ ပြည်သူလူထုအကျိုးကိုရှေးရှုဖို့ဆိုသည့် ခိုင်မာသော သန္နိဋ္ဌာန်ချမှတ်ထားပါက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုများ မလွဲမသွေရရှိမှာဖြစ်ကြောင်း ပြောကြားသည်။

လုပ်ငန်းစွမ်းဆောင်ရည် ကောင်းမွန်သောမြို့နယ်၊ တိုက်နယ်ဆေးရုံများအား ဆုရွေးချယ်ခြင်းနှင့်ပတ်သက်၍ ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာအေးငြိမ်းက ရှင်းလင်းပြောကြားသည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီးအတွင်း ကုသရေးလုပ်ငန်းစွမ်းဆောင်ရည် ကောင်းမွန်သော မြို့နယ်ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများ ပြည်သူ့ကျန်းမာရေးလုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်သော မြို့နယ်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် ဝန်ကြီးတို့က ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြပြီး ပြသထားသောပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအား ၁၉၄၈ ခုနှစ် မေ ၇ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အဆိုပါနေ့ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ်သတ်မှတ်ကာ နိုင်ငံအသီးသီးတွင် အထိမ်းအမှတ်အခမ်းအနားများ ဂုဏ်ပြုကျင်းပခဲ့သည်။

**တင်စိုး(ပဲခူး)**

## ဖျာပုံတွင် ဆရာဇော်ဂျီဆုနှင့် မြန်မာစာဂုဏ်ထူးဆု ၁၉ ဆု ချီးမြှင့်

**ဖျာပုံ မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် တည်ထောင်ဖွင့်လှစ်ခြင်း ၁၁ နှစ်ပြည့် နှစ်ပတ်လည် ဂုဏ်ပြုအခမ်းအနားနှင့် ဆရာဇော်ဂျီဆု၊ ဆရာဇော်ဂျီ ရာပြည့် စာကြည့်တိုက် မြန်မာစာဂုဏ်ထူးဆု ချီးမြှင့်ပွဲ အခမ်းအနားကို မေ ၁၀ ရက် နံနက် ၉ နာရီက ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်တိုးချဲ့ဆောင်သစ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းထွဋ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး စာကြည့်တိုက် အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်(စာရေးဆရာဖိုးအောင်လေး)က စာကြည့်တိုက်၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ၂၀၁၈ ဆရာဇော်ဂျီရာပြည့် စာကြည့်တိုက် မြန်မာစာဂုဏ်ထူးဆု ၁၉ ဆု၊ ဆရာဇော်ဂျီမိသားစုက ချီးမြှင့်သည့် ဆရာဇော်ဂျီဆု တစ်ဆု ၊ စာကြည့်တိုက် Volunteer အထူးဂုဏ်ပြုဆု တစ်ဆုတို့အား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့အပြင် ဆရာဇော်ဂျီ စာကြည့်တိုက်အတွက် စာနယ်ဇင်းများ တစ်နှစ်စာ အလှူရှင် ၅၀၊ ရွှေလျားစာကြည့်တိုက် ပူးပေါင်းဖွင့်လှစ်ပေးသော အခြေခံပညာကျောင်း ၂၆ ကျောင်းနှင့် ဖျာပုံအကျဉ်းထောင်၊ စာကြည့်တိုက် Volunteer ၁၆ ဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ဂုဏ်ပြုခဲ့သည်။

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်ကို ဖျာပုံမြို့သား အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ၏ မွေးနေ့ နှစ်တစ်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၈ ခုနှစ် မေလက ဖျာပုံမြို့ ချောင်းတွင်းလမ်းမကြီး (ဖျာပုံတံတားအနီး)၌ တည်ထောင် ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဖျာပုံမြို့နယ်အတွင်းမှ မြန်မာစာဂုဏ်ထူးရှင်များအား ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် မြန်မာစာဂုဏ်ထူးဆုများချီးမြှင့်လာခဲ့ရာ ယခု ၁၁ နှစ်တာ ကာလအတွင်း မြန်မာစာဂုဏ်ထူးဆုပေါင်း ၁၆၀ ကျော် ပေးအပ်ချီးမြှင့်နိုင်ခဲ့ပြီဖြစ်ကြောင်း စာကြည့်တိုက်အလုပ်အမှုဆောင်အဖွဲ့ထံမှ သိရသည်။




"ဒီဆုတွေချီးမြှင့်ခြင်းက ကျောင်းသားကျောင်းသူတွေ မြန်မာစာပေကို ချစ်မြတ်နိုးတတ်ဖို့နဲ့ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဖို့ ဦးတည်ပါတယ်။ နောက်တစ်ချက်က ဆရာကြီးရဲ့ဇာတိမြေ ဖျာပုံသူ ဖျာပုံသား မျိုးဆက်သစ်တွေနဲ့အတူ လူငယ်လူရွယ်တွေ အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီကို အားကျအတုယူ ဂုဏ်ယူကြစေဖို့ ရည်ရွယ်ချီးမြှင့်ခြင်းဖြစ်ပါတယ်။ စာကြည့်တိုက် မြန်မာစာဂုဏ်ထူးဆုရရှိကြသူများအနေဖြင့် ဆုရည်ရွယ်ချက်ပေါက်မြောက်ရေး ကြိုးစားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါတယ်" ဟု စာကြည့်တိုက် အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်က ပြောသည်။

ယခုလက်ရှိအချိန်တွင် ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်၌ သုတ၊ ရသ စာနယ်ဇင်းမျိုးစုံအုပ်ရေ ၂၀၀၀၀ ကျော် စုဆောင်းထားရှိကာ နေ့စဉ် စာငှားဝန်ဆောင်မှုအပြင် ကျောင်းဖွင့်ချိန်များ၌ အခြေခံပညာကျောင်းများတွင် Mobile Library ၂၇ ခု ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## သင်္ကြန်ကာလအတွင်း ထိခိုက်ဒဏ်ရာရသူများ အချိန်မီ ကုသမှုပေးနိုင်ရန် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကြိုတင်ပြင်ဆင်ထားရှိ

**မန္တလေး မေ ၁၀**

သင်္ကြန်ကာလအတွင်း ဖြစ်ပွားတတ်သည့် အရေးပေါ် ထိခိုက်ဒဏ်ရာရသူများအတွက် အချိန်မီကုသမှုပေးနိုင်ရန် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများပြုလုပ်ထားကြောင်း အဆိုပါဆေးရုံကြီး ဆေးလူမှုဆက်ဆံရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်က ပြောသည်။မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ နွေရာသီ အပူလွန်ကဲမှုကြောင့် ရောဂါဖြစ်ပွားတတ်သည့် လူနာများနှင့် သင်္ကြန်ကာလအတွင်း မတော်တဆထိခိုက်မှုကြောင့် ဒဏ်ရာရသူများအား ကုသပေးနိုင်ရန် ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် မတ်လနှင့်ဧပြီလဆန်းပိုင်းက အစည်းအဝေး နှစ်ကြိမ်ပြုလုပ်၍ ကုသမှုဆိုင်ရာ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် လုပ်သားအင်အားများကို သက်ဆိုင်ရာကုသဆောင်များအလိုက် ၎င်းကာလအတွင်း အချိန်မီကုသမှုပေးနိုင်ရန် ကြိုတင်ပြင်ဆင်၍ တိုးမြှင့်ချထားကြောင်း သိရသည်။

"သင်္ကြန်ကာလမှာ အများဆုံးဖြစ်ပွားတတ်တဲ့ ယာဉ်မတော်တဆမှုတွေ၊ ခိုက်ရန်ဖြစ်ပွားမှုတွေကြောင့် ထိခိုက်ဒဏ်ရာရသူတွေအတွက် မြန်မြန်ဆန်ဆန် စစ်ဆေးကုသပေးနိုင်အောင် သက်ဆိုင်ရာဌာနတွေနဲ့ အစည်းအဝေးလုပ်ပြီး ကုသမှုအပိုင်းအတွက် မူလအင်အားထက် ပိုပြီးတာဝန်ချထားတဲ့အပြင် ဆေးဝါးနဲ့ စက်ကိရိယာ အထောက်အကူပစ္စည်းတွေကိုလည်း ကြိုတင်တိုးမြှင့်ထုတ်ပေးထားပါတယ်" ဟု ၎င်းက ပြောသည်။

ထို့ပြင် ဆေးဝါးများကိုလည်း ယခင်နှစ်သင်္ကြန်ကာလအတွင်းက အသုံးပြုခဲ့သည့် အရေအတွက်အတိုင်း ဧပြီ ၅ ရက်ကတည်းက ကြိုတင်ထုတ်ပေးထားသည့်အပြင် သင်္ကြန်ကာလအတွင်း သွေးလုံလောက်မှုရှိစေရန်အတွက် အမျိုးသားသွေးလှူဘဏ်မှ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိပြီးဖြစ်သည့်အပြင် လူနာတင်ယာဉ်၊ ဗီးချဲနှင့် ရောဂါ ရှာဖွေနိုင်ရန် ဓာတ်မှန်၊ ဓာတ်ခွဲဌာနများအတွက်လည်း စက်ကိရိယာနှင့်ဝန်ထမ်းအင်အားကို တိုးမြှင့် ချထားကြောင်း သိရသည်။

သင်္ကြန်ကာလအတွင်း မန္တလေးတိုင်းဒေသကြီးအတွင်း၌ အရေးပေါ်ထိခိုက်ဒဏ်ရာရသူများအား အချိန်မီ ပို့ဆောင်ကုသမှုပေးနိုင်ရန် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအသင်းမှလည်း စေတနာ လုပ်အားပေး ၁၀၀ နှင့်အတူ အရေးပေါ်လူနာတင်ယာဉ်များဖြင့် နေ့ညအချိန်မရွေး ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



နေပြည်တော် မြန်မာ့မီးရထား ပျဉ်းမနားစက်ခေါင်းရုံ ရထားလိုက်စက်ခေါင်းမောင်း (Running Staff ) ဝန်ထမ်းများက နှစ်သစ်ကူးအခါသမယ ဒွါယသမအကြိမ် သက်ကြီးများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၇ ရက် နံနက်ပိုင်းက မီးရထားစက်ခေါင်းရုံ စက်မှုဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်းသိရသည်။ **ကိုကိုရှုပ(နေပြည်တော်)**

# ချင်းပြည်နယ်တွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**ဟားခါး ဧပြီ ၁၀**

ချင်းပြည်နယ် MSME Action Plan ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၉ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ဗိုလ်တိုက်ချွန်း ခန်းမ၌ကျင်းပသည်။

ချင်းပြည်နယ် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ ပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်နှင့် အဖွဲ့ဝင်များ၊ ချင်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအေဂျင်စီမှ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြင်ပအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ချင်းပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ ပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်က မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် MSME လုပ်ငန်းများသည် ၉၀ ရာခိုင်နှုန်းကျော်ပါဝင်နေသည့်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် MSMEလုပ်ငန်းများသည် အဓိက ကျောရိုးမဏ္ဍိုင်ဖြစ်၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင်လည်း သက်ဆိုင်ရာ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီများ ဖွဲ့စည်း၍ အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ချင်းပြည်နယ်၏ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအဖွဲ့ဖြင့် ချင်းပြည်နယ်၏ စီးပွားရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းများဖြစ်သော ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝသယံဇာတဖြစ်သော သတ္တုတူးဖော်ရေးလုပ်ငန်း၊ ကုန်ကြမ်းများမှ ကုန်ချောအထိ ထုတ်လုပ်နိုင်ရေး၊ စိုက်ပျိုးသီးနှံများဖြစ်သော ထောပတ်၊ ကော်ဖီ၊ စပျစ်၊ ဝဥနှင့် အခြားသီးနှံများအား တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးနှင့်ပြည်တွင်း၊ ပြည်ပမှ ချင်းပြည်နယ်သို့ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်နိုင်ရေး လုပ်ငန်းများအလိုက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်ကြရန်ပြောကြားသည်။



ဆက်လက်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအေဂျင်စီမှ တွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်က အမှာစကားပြောကြားပြီးနောက် ချင်းပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအဖွဲ့ဝင် ဦးဆလိုင်းအိုက်ဇက်ခင်က အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟို MSME အေဂျင်စီ၊ ချင်းပြည်နယ် MSME အေဂျင်စီနှင့် တက်ရောက်လာကြသူများပူးပေါင်း၍ ချင်းပြည်နယ် MSME Action Plan ဖော်ထုတ်ရေးလုပ်ငန်းများကို အုပ်စုအလိုက် ဆွေးနွေးကြသည်။

အဆိုပါ ချင်းပြည်နယ် MSME Action Plan ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ငါးမဖမ်းရရာသီတွင် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းဆီးခွင့်ပိတ်သိမ်း၍ မိရိုးဖလာ ကမ်းနီးငါးဖမ်းလုပ်ငန်းများကိုသာ လုပ်ကိုင်ခွင့်ပေးမည်

**ရန်ကုန် ဧပြီ ၁၀**

လာမည့် ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဇရိယာတွင် ကမ်းဝေးငါးဖမ်းသင်္ဘောများအပြင် ကမ်းနီးငါးဖမ်းလှေများကိုလည်း ငါးဖမ်းဆီးခွင့်လုံးဝပိတ်သိမ်း၍ မိရိုးဖလာ ကမ်းနီး ငါးဖမ်းလုပ်ငန်းများကိုသာ လုပ်ကိုင်ခွင့်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဌေးက ပြောသည်။

ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဇရိယာအား ရက် ၆၀ သို့မဟုတ် ရက် ၉၀ သတ်မှတ်သွားမည်ဖြစ်ပြီး ယင်းကာလအတွင်း ငါးဖမ်းသင်္ဘောများကို သုညရာခိုင်နှုန်း သတ်မှတ်ပေးရန် လုပ်ငန်းရှင်များက အကြံပြုဆွေးနွေးထားကြောင်း ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ဧပြီ ၉ ရက်က ကျင်းပသည့် သား/ငါးကဏ္ဍလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

မိရိုးဖလာ (ကမ်းနီး) ငါးလုပ်ငန်း ဆိုသည်မှာ စားဝတ်နေရေးအရ နေ့ချင်းပြန် ငါးဖမ်းလုပ်ငန်းကို ဆိုလိုခြင်းဖြစ်သည်။

သို့သော် ကမ်းဝေး သို့မဟုတ် ကမ်းလတ်လိုင်စင်မဲ့ ငါးဖမ်းလုပ်ကိုင်မှုများကို ဥပဒေအရ အရေးယူသွားမည်ဖြစ်ပြီး ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဇရိယာတွင် ရက် ၆၀ သို့မဟုတ် ရက် ၉၀ သတ်မှတ်ခြင်းနှင့် ပတ်သက်၍လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

ငါးမဖမ်းရရာသီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ငါးဖမ်းဆီးခွင့်ကို အားလုံးပိတ်သိမ်းရန် သဘောတူညီ၍ ရက် ၉၀ အစား ရက် ၆၀ သတ်မှတ်ပေးရန် တင်ပြထားပြီး ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးကို ၄၅ ရက်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးကို ရက် ၆၀ သတ်မှတ်ပေးရန်၊ ရန်ကုန်တိုင်းဒေသကြီးကိုသာ သင့်သလို သတ်မှတ်ပေးရန် တင်ပြထားကြောင်း မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ငါးသယံဇာတ ထိန်းသိမ်းကာကွယ်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ နှစ်စဉ်ငါးမဖမ်းရရာသီအဖြစ် သုံးလသတ်မှတ်ကာ ငါးဖမ်းသင်္ဘောများကို ရာခိုင်နှုန်းအလိုက် သတ်မှတ်၍ ငါးဖမ်းခွင့်ပေးလျက်ရှိကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ပြီးခဲ့သည့် ငါးမဖမ်းရကာလ (Close Season) ကို ၂၀၁၈ ခုနှစ် မေ ၁၆ ရက်မှ ဩဂုတ် ၁၅ ရက်အထိ သတ်မှတ်ထားပြီး ယင်းကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်တွင်း၊ ပြည်ပ ကမ်းဝေးငါးဖမ်းသင်္ဘောများအားလုံး ပင်လယ်ပြင်ထွက်ခွာခွင့် ပိတ်ထားရန် စီစဉ်ခဲ့သော်လည်း ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ၊ လုပ်သားများနှင့် ရေလုပ်ငန်းလုပ်ကိုင်သူအများစု လုပ်ငန်းရပ်မှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ကမ်းဝေးငါးဖမ်းသင်္ဘောများ ၂၀ ရာခိုင်နှုန်းကို ဖြေလျှော့ငါးဖမ်းဆီးခွင့်ပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ကမ်းနီး၊ ကမ်းဝေး ပင်လယ်ငါးဖမ်းလုပ်ငန်းရှင် အများအပြားရှိပြီး လက်ရှိမြန်မာနိုင်ငံတွင် ကမ်းဝေးငါးဖမ်းရေယာဉ်အစီးရေပေါင်း ၃၀၀၀ ကျော်ရှိကြောင်း သိရသည်။ **အေးယမုံ**

# ရန်ကုန်တိုင်းဒေသကြီးတွင် နွေရာသီ အခြေခံဝူရှူးသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၅ မြို့နယ် နွေရာသီ အခြေခံဝူရှူးသင်တန်းကို မတ် ၁ ရက်မှ ဧပြီ ၇ ရက်ထိ သင်တန်းသား၊ သင်တန်းသူ ၅၂၁ ဦး တက်ရောက်ခဲ့ရာ အဆိုပါ သင်တန်းဆင်းပွဲကို ဧပြီ ၉ ရက် နံနက် ၉ နာရီက စမ်းချောင်းမြို့နယ် ပဒုမ္မာဝူရှူးအားကစားခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယလွှတ်တော်ဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် ခရိုင်မြို့နယ်အရာရှိများ၊ မြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်လေး၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မိုးဝင်းနှင့်အမှုဆောင်များ၊ တပ်မတော်ဝူရှူး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကျော်စိုးဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက သင်တန်းဆင်းအဖွင့်အမှာစကားပြောကြား၍ သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ချီးမြှင့်သည်။ ရန်ကုန်တိုင်းဒေသကြီး ဒုတိယလွှတ်တော်ဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်လေးနှင့် တပ်မတော်ဝူရှူး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကျော်စိုးဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက သင်တန်းသား သင်တန်းသူများအား နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းနောက် နွေရာသီအခြေခံဝူရှူးသင်တန်းသား သင်တန်းသူများနှင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် မျိုးဆက်သစ်လူငယ်အားကစားသမားများက အခြေခံကစားကွက်၊ အဖွဲ့လိုက် ခြေကန်၊ အဖွဲ့လိုက် အဆင့်မြင့်ကျန့်စု(ခ) နှစ်ဖက်သွားဓား၊ အဖွဲ့လိုက် အခြေခံသောင်းစု(ခ)ဓားမောက်၊ အဖွဲ့လိုက် အခြေခံချမ်းချွမ်၊ အဖွဲ့လိုက်အခြေခံ စုပေါင်း၊ နှစ်ယောက်တွဲ အတိုက်(ခ)သွေ့လျှန်၊ မောင်ကောင်းခန့်သူက အရက်မူးသိုင်းနှင့် အဆင့်မြင့်ကွန်စု(ခ) တုတ်ရှည်၊ မမေသီရိပြည့်စုံက အဆင့်မြင့် ချန့်စု(ခ) လှံရှည်တို့အား အသီးသီးသရုပ်ပြသခဲ့ကြကြောင်း သိရသည်။ **မြင့်စိုး**





လသာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် လသာမြို့မရဲစခန်းမှူး ဒုရဲမှူးယဉ်ထွေးတို့ အမှတ်(၆) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်နေပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် မှုခင်းအသိပညာပေး ဟောပြောစဉ်။ **မီးမီး**

## ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဧပြီ ၁၀**

မြစ်ကြီးနားခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်အောင် ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် ဧပြီ ၇ ရက် နံနက်ပိုင်းက ဝိုင်းမော်မြို့နယ် တာကျားဟော့ကျေးရွာအနီး၌ အမြင့်နှစ်ပေ၊ သုံးပေခန့်ရှိ ဘိန်းစိုက်ခင်း ၅၆ ဧကခန့်အား ဖျက်ဆီး ရှင်းလင်းခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# စပါးရဲ့ပွဲစဉ်တွေနဲ့ ရာသီကုန်အထိ လွဲချော်ရတော့မယ့် ဟယ်ရီကိန်း

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းဟာ ခြေမျက်စိဒဏ်ရာရရှိခဲ့တာကြောင့် စပါးအသင်းရဲ့ အခုနှစ်ဘောလုံးရာသီလက်ကျန်ပွဲစဉ်တွေနဲ့ လွဲချော်ရတော့မှာဖြစ်တယ်လို့ စပါးအသင်းနည်းပြ ပိုချက်တီနိုက ဆိုပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိ ဟယ်ရီကိန်းဟာ မန်စီးတီးအသင်းကို စပါးအသင်းက တစ်ဂိုး- ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်မှာ ဒဏ်ရာရရှိခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူးဟယ်ရီကိန်းဟာ အဲဒီပွဲစဉ်မှာ ဘယ်ဘက်ခြေထောက် ဒဏ်ရာရရှိခဲ့တာကြောင့် ကွင်းထဲကနေ ချိုင်းထောက်နဲ့ ထွက်ခွာသွားခဲ့ရတာဖြစ်လို့ စပါးအသင်းအတွက်တော့ စိုးရိမ်စရာတစ်ခုလို့ ပိုချက်တီနိုက ဆိုပါတယ်။

ပုံမှန်အတိုင်း ပြန်လည်ကစားနိုင်ဖို့ အချိန်အများကြီးစောင့်ရဦးမှာဖြစ်ပါတယ်။ အဲဒါကြောင့် အခုဘောလုံးရာသီကုန်အထိ တောင်အသင်းမှာ ပါဝင်ကစားနိုင်ဖို့မရှိပါဘူး။ ဒုတိယပိုင်းပွဲကစားချိန်အတွင်းမှာ မန်စီးတီးကစားသမား ဖာဘီယန်ဒဲလ်ရဲ့ ရှင်းလင်းဖျက်ထုတ်မှုကို ပိတ်ဆို့လိုက်တာကနေ အခုလိုဖြစ်သွားတာပါ။ လူစားလည်း ချက်ချင်းလဲလိုက်ရပါတယ်လို့ ပိုချက်တီနိုက ပြောပါတယ်။

ဟယ်ရီကိန်းဟာ ဇန်နဝါရီလအတွင်းက အိမ်ကွင်းမှာ စပါးအသင်းက မန်ယူအသင်းကို ရှုံးနိမ့်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာလည်း အခုဒဏ်ရာရရှိခဲ့တဲ့ခြေထောက်ဒဏ်ရာရရှိခဲ့လို့ နှစ်လနီးပါး အနားယူခဲ့ရပါသေးတယ်။ ဒါ့အပြင် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီအတွင်းကလည်း ညာခြေထောက်ဒဏ်ရာရရှိခဲ့လို့ သီတင်းပတ်ခြောက်ပတ်နဲ့ သီတင်းပတ်လေးပတ် အသီးသီးအနားယူခဲ့ရပါသေးတယ်။

တိုက်စစ်မှူးဟယ်ရီကိန်းဟာ ပြီးခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အင်္ဂလန်အသင်းနဲ့အတူ ထိပ်တန်းဂိုးသွင်းရှင်ဖြစ်ခဲ့ပေမယ့် ဇွန်လအတွင်းမှာ နယ်သာလန်အသင်းနဲ့ အင်္ဂလန်အသင်း ယှဉ်ပြိုင်ကစားမယ့် နေးရှင်းလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်မှာလည်း ပါဝင်လာဖို့ မသေချာသေးကြောင်း သိရပါတယ်။






# စာချုပ်သစ်ချုပ်ဖို့နီးစပ်နေတဲ့ မန်ယူတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်

မန်ယူတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ နီးစပ်နေပြီလို့ မိုင်ရာသတင်းဌာနက သတင်းဖော်ပြထားပါတယ်။ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ မန်ယူအသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ လက်ရှိအချိန်မှာ ဆွေးနွေးမှုတွေပြုလုပ်နေပြီး ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုမယ်လို့ သိရပါတယ်။

အသက် ၂၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်က တိုက်စစ်မှူး ရွှန်းနီ မန်ယူအသင်းမှာ ကစားခဲ့စဉ်က ရရှိခဲ့တဲ့ တစ်ပတ်လုပ်ခလစာပေါင် သုံးသိန်းပေးဖို့လည်း မန်ယူအသင်းကို တောင်းဆိုထားတယ်လို့ ဆိုပါတယ်။

ရက်ရှ်ဖို့ဒ်အနေနဲ့ အိုးထရက်ဖို့ဒ်မှာ ဆက်နေဖို့ဆန္ဒရှိနေတာကြောင့် မကြာတော့တဲ့အချိန်အတွင်းမှာ စာချုပ်သစ်ချုပ်ဆိုမယ်လို့ ပြောထားပါတယ်။ စာချုပ်သစ်ချုပ်ဆိုခဲ့မယ်ဆိုရင်တော့ ရက်ရှ်ဖို့ဒ်ဟာ တစ်နှစ်ဝင်ငွေ ပေါင် ၁၅ ဒသမ ၈ သန်းကျော်ရရှိမှာဖြစ်ပြီး ၂၀၂၄ ခုနှစ်အထိ စာချုပ်ချုပ်မှာဖြစ်တာကြောင့် စုစုပေါင်းဝင်ငွေ ပေါင် ၇၈ သန်းရရှိမယ်လို့လည်း သိရပါတယ်။

ရက်ရှ်ဖို့ဒ်ရဲ့ လက်ရှိစာချုပ်သက်တမ်းဟာ လာမယ့်ဘောလုံးရာသီကုန်မှာ ကုန်ဆုံးမှာဖြစ်ပြီး မန်ယူအသင်းအနေနဲ့ အရင်ချုပ်ဆိုခဲ့တဲ့စာချုပ်အရ နောက်ထပ်တစ်နှစ်ထပ်တိုးစာချုပ်ခွင့်ရရှိမှာဖြစ်ပေမယ့် ရက်ရှ်ဖို့ဒ်အနေနဲ့ ငါးနှစ်သက်တမ်းရှိစာချုပ်သစ်ချုပ်ဆိုမယ်လို့ ဆိုပါတယ်။ မန်ယူအသင်းက စာချုပ်သစ်မချုပ်ဆိုခဲ့ရင်လည်း ရီးယဲလ်မက်ဒရစ်အသင်းအပါအဝင် ကမ္ဘာ့ထိပ်တန်းအဆင့်ရှိအသင်းတွေက ခေါ်ယူမယ်လို့ သတင်းထွက်နေပါတယ်။

# မတ်လအကောင်းဆုံးကစားသမားဆုအတွက် လီဝန်ဒေါစကီးနဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ် ဦးဆောင်နေ

ဂျာမန်ဘွန်ဒက်လီဂါရဲ့ မတ်လတစ်လတာအကောင်းဆုံးကစားသမားဆုအတွက် ဘိုင်ယန်မြူးနစ်အသင်းကစားသမားနှစ်ဦးဖြစ်တဲ့ လီဝန်ဒေါစကီးနဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ် တို့ ထိပ်ဆုံးက ဦးဆောင်နေပါတယ်။

လက်ရှိထွက်ပေါ်နေတဲ့ မတ်လတစ်လတာအကောင်းဆုံး ကစားသမားဆုရှင်အဖြစ် အမည်စာရင်း တင်သွင်းခံထားရတာကတော့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ လီဝန်ဒေါစကီး၊ ရာချီကာ၊ မက်ဇ်ခရစ်၊ ကိုစတစ်၊ ဟယ်စတန်ဘာ့တို့ဖြစ်ပြီး အဲဒီကစားသမားတွေထဲမှာ လီဝန်ဒေါစကီးနဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့က ထိပ်ဆုံးက ရေပန်းစားနေတာဖြစ်ပါတယ်။

လီဝန်ဒေါစကီးဟာ နောက်ဆုံး ၁၀ ပွဲမှာ ကိုးဂိုးအထိသွင်းယူထားသလို ပြီးခဲ့တဲ့ မတ်လအတွင်းက ဘွန်ဒက်လီဂါပွဲစဉ်လေးပွဲမှာ ခြောက်ဂိုးအထိသွင်းယူထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာ မတ်လအတွင်း သွင်းဂိုးလေးဂိုးသွင်းယူနိုင်ခဲ့ပြီး မိန့်စ်အသင်းကို ခြောက်ဂိုးပြတ်နိုင်တဲ့ပွဲမှာ ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။



# အသင်းလက်မဲ့ဖြစ်နေတဲ့ မော်ရင်ဟိုက ဒေ့ါမွန်အသင်းနည်းပြဖြစ်လာရန် ဆန္ဒရှိဟုဆို


ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနဲ့ အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းတို့ဟာ အသင်းလက်မဲ့ဖြစ်နေတဲ့ နည်းပြမော်ရင်ဟိုကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်နေပေမယ့် နည်းပြမော်ရင်ဟိုကတော့ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေ့ါမွန်အသင်းရဲ့ နည်းပြဖြစ်လာဖို့ ဆန္ဒရှိနေတယ်လို့ ဆိုပါတယ်။

လက်ရှိမှာ မော်ရင်ဟိုဟာ ဒေ့ါမွန်အသင်းအမှုဆောင်ချုပ်ဖြစ်သူ ဟန်ဂျိုအာချင်ဝက်ဇ်ကီနဲ့ ဆက်ဆံရေးကောင်းမွန်နေတာကြောင့် နည်းပြဖြစ်ခွင့်ရမယ်ဆိုရင် ဒေ့ါမွန်ကိုသာ ရွေးချယ်မယ်လို့ ဆိုပါတယ်။

ဒေ့ါမွန်အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် ပြိုင်ပွဲကနေထွက်ခွာခဲ့ရတဲ့အသင်းဖြစ်ပြီး ဘွန်ဒက်လီဂါဆုဖလားရယူနိုင်မယ့် လမ်းကြောင်းပေါ်ကို ပြန်လည်ရောက်ရှိလာတဲ့အသင်းဖြစ်ပါတယ်။ ဒါ့အပြင် ဂျာမန်ပိုကယ်ဖလား ပြိုင်ပွဲမှာဆိုရင် ဆီမီးဖိုင်နယ်အဆင့်ကို ရောက်ရှိနေပြီး ဝါဒါဘရီမင်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

ဒေ့ါမွန်အသင်းအနေနဲ့ ဘွန်ဒက်လီဂါဖလားပြိုင်ပွဲရဲ့ အမှတ်ပေးဇယားမှာ ထိပ်ဆုံးက ဘိုင်ယန်မြူးနစ်အသင်းနဲ့ တစ်မှတ်ကွာအနေအထားကို ရောက်ရှိနေပါတယ်။ မော်ရင်ဟိုကို နည်းပြအဖြစ် ပြန်လည်ထမ်းဆောင်ခွင့်ရမယ်ဆိုရင် ဘယ်အသင်းကို ရွေးချယ်မလဲဆိုတဲ့ မီဒီယာတွေရဲ့မေးမြန်းချက်ကိုတော့ ဘွန်ဒက်လီဂါမှာပဲ နည်းပြလုပ်ချင်တယ်လို့ ဆိုပါတယ်။






# ပေါ့ဘာကို ပြန်ခေါ်မယ်ဆိုတဲ့သတင်းကို ဂျူဗင်တပ် ငြင်းဆို

ပြင်သစ်အသင်းနဲ့ မန်ယူအသင်းတို့ရဲ့ ကွင်းလယ်ကစားသမား ပေါ့ဘာဟာ ၂၀၁၆ ခုနှစ် နွေရာသီကာလအတွင်းမှာ ဂျူဗင်တပ်အသင်းကနေ ထွက်ခွာပြီး အသင်းဟောင်းမန်ယူအသင်းကို ပြန်လည်ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ ပေါ့ဘာဟာ အီတလီမြေမှာ လေးနှစ်ကြာကစားခဲ့တာလည်း ဖြစ်ပါတယ်။

ပေါ့ဘာဟာ မန်ယူအသင်းကို ပြန်လည်ရောက်ရှိလာခဲ့ပေမယ့် အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာတော့ မန်ယူအသင်းကနေ အခြားကလပ်အသင်းကိုပြောင်းဖို့ ချိတ်ဆက်မှုတွေပြုလုပ်ခဲ့ပါတယ်။ အဲဒီလိုသတင်းထွက်လာတဲ့အပြင် ဂျူဗင်တပ်အသင်းကလည်း ကွင်းလယ်ကစားသမားပေါ့ဘာကို ပြန်လည်ခေါ်ယူမယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်လာပြန်ပါတယ်။ ဒါပေမယ့် ဂျူဗင်တပ်အသင်းကတော့ ပေါ့ဘာကို ပြန်လည်စာချုပ်ချုပ်ဆိုခေါ်ယူမှာ မဟုတ်ဘူးလို့ ငြင်းဆိုခဲ့ပါတယ်။

ပေါ့ဘာဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်မှာ ပီအက်စ်ဂျီအသင်းနဲ့ ပွဲစဉ်နောက်ပိုင်း ခြေစွမ်းပြန်လည်ကောင်းမွန်လာတာဖြစ်လို့ မန်ယူအသင်းနည်းပြ ဆိုးရှားကလည်း အသင်းအတွက် အားထားရတဲ့ပေါ့ဘာဟာ ဘယ်အသင်းကိုမှ ပြောင်းမှာမဟုတ်ကြောင်းနဲ့ မန်ယူအသင်းမှာ ဆက်ရှိနေမယ်လို့ ပြောထားပါတယ်။


ငွေကြယ် - ရေးသားသည်




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)


## ဘုရားကိုမြင်ခြင်း ကိုယ်ကျင့်တရားဆိုင်ရာနှင့် ဘဝအမြင်ဆောင်းပါးများ




ဘာသာရေးဆိုင်ရာဆောင်းပါး ဖတ်ရှုလိုသူများအတွက် စာရေးသူ ဥေယျစီစဥ်ရေးသားသည့် ဘုရားကိုမြင်ခြင်း ကိုယ်ကျင့်တရားဆိုင်ရာနှင့် ဘဝအမြင်ဆောင်းပါးများ စာအုပ်ထွက်ရှိလာသည်။

သဒ္ဓါတရားအခြေခိုင်သူတို့သည် ဘုရားကိုမြင်သဖြင့် တရားကိုမြင်သူများဖြစ်ကြပေလိမ့်မည်။ တရားကိုမြင်သောကြောင့်ဘုရားကိုမြင်သောသူများဖြစ်ကြပေလိမ့်မည်။ ဘုရားကိုမြင်ဖို့သည်လည်း သဒ္ဓါတရားပင်ဖြစ်သည်။ စစ်မှန်သော သဒ္ဓါတရားဟူသည် ပညာနှင့် အမြဲယှဥ်ကပ်ထားသော သဒ္ဓါတရားကိုဆိုလိုသည်။ သဒ္ဓါနှင့်စပ်လျဥ်း၍ ပညာအားနည်း၊ သဒ္ဓါသည်းက၊ မရည်းမည်ကာ၊ ယူမိစ္ဆာနှိုက်၊ သဒ္ဓါလေးမြတ်၊ ဆည်းကပ်တတ်၏ မဃဒေဝလင်္ကာကျမ်းတွင်စပ်ဆိုထားသည်။ သဒ္ဓါတရားသည်အလွန်အရေးပါသော လူတို့၏လက်တစ်စုံနှင့်တူသည်။ ဒါန၊ သီလ၊ ဘာဝနာအစရှိသော ကောင်းမှုတို့ကိုပြုလုပ်ရာတွင် သဒ္ဓါတရားတည်းဟူသောလက် မရှိလျှင် ပြုလုပ်နိုင်မည်မဟုတ်ကြောင်းရေးသားထားသည်။ **စာအုပ်ကို ယဥ်မျိုးစာပေ၊ အမှတ်-၂၇၄(B)၊ လမ်း-၄၀ (အပေါ်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉ ၇၃၂၀၁၅၈၆မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ရတနာသုံးပါးကို မြတ်နိုးသူ





ရတနာသုံးပါးနှင့်ပတ်သက်သည့် အကြောင်းအရာများကို သိရှိနိုင်စေရန် (မဟာဂန္ဓာရုံ) အရှင်ဝိဇယာလင်္ကာရ စီစဥ်ရေးသားသည့် ရတနာသုံးပါးကို မြတ်နိုးသူ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စစ်မှန်သော သဒ္ဓါတရားဖြင့် ရတနာသုံးပါးကို မြတ်နိုးသူများဖြစ်ကြစေရန်၊ ဖြူစင်သော သီလ၊ မှန်ကန်သောအသက်မွေးမှု၊ စင်ကြယ်သောကံသုံးပါးနှင့် ပြည့်စုံကြစေရန်၊ ဗုဒ္ဓအလိုတော်ကျ အရည်အချင်းနှင့်ပြည်ဝသည့် အထက်တန်းစားဥပါသကာ၊ ဥပါသိကာမများဖြစ်ကြစေရန်၊ ဘေးအတန်တန် ရန်အသွယ်သွယ်မှ ငြိမ်းအေး၍ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းမှ ကင်းဝေးကြစေရန်၊ လောကီ လောကုတ္တရာ၊ ပစ္စုပ္ပန် သံသရာနှစ်ဖြာသော ချမ်းသာသုခကို ရရှိနိုင်စေရန် ရည်ရွယ်၍ ရေးသားထားသည်။

**စာအုပ်ကိုမျိုးဆက်သစ်စာပေ၊ ရန်ကုန်မြို့၊ဖုန်း-၀၉ ၄၂၀၀၈၃၆၈၈မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့်ဖြန့်ချိသည်။**

## စိတ်ကြောင့် ကိုယ်မှာ ဝေဒနာ



လူသားတိုင်းသည် စိတ်၏ခံစားမှုကြောင့် ကိုယ်မှာပင် ရောဂါဝေဒနာခံစားနိုင်ကြောင်း ဒေါက်တာမောင်မောင်ညို စီစဥ်ရေးသားသည့် စိတ်ကြောင့် ကိုယ်မှာ ဝေဒနာ စာအုပ်ထွက်ရှိလာသည်။

စိတ်နှင့်ကိုယ်ကို ခွဲခြားပြောကြရာတွင် စိတ်တွင်ဖြစ်လျှင် စိတ်ရောဂါ၊ ခန္ဓာကိုယ်တွင်ဖြစ်လျှင် ခန္ဓာရောဂါဟု လူသားတိုင်းသိကြသည်။ လူတစ်ယောက်သည်စိတ်လှုပ်ရှားလာလျှင် ခန္ဓာကိုယ်ကပါ ပြောင်းလဲလာပြီး နှလုံးခုန်မြန်လာခြင်း၊ ပျို့အန်ခြင်း၊ ခြေလက်တုန်လာခြင်း၊ ချွေးထွက်၊ ချွေးစို့ခြင်း၊ ပါစပ်ခြောက်လာခြင်း၊ ရင်ဘတ်နာလာခြင်း၊ ခေါင်းကိုက်လာခြင်း၊ အသက်ရှုမြန်လာခြင်း၊ မျက်နှာဖြူဖပ်ဖြူရော်ဖြစ်လာခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ခြင်းကြောင့် မိမိတို့၏စိတ်ကို တတ်နိုင်သမျှပေ့ါပေ့ါပါးပါးထားသင့်သည်။ **စာအုပ်ကို ဂုဏ်ထူးစာပေ၊ အမှတ်-၁၉၂၊ ၃၃-လမ်း(အထက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၁ ၃၈၆၅၉၀နှင့် ၀၁ ၃၈၆၅၉၅တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။**

## ဖွံ့ဖြိုးမှုဆောင်းပါးများ(၃)





စာရေးသူ ဒေါက်တာမောင်အောင်စီစဥ်ရေးသားသည့် ဖွံ့ဖြိုးမှုဆောင်းပါး (၃) စာအုပ်ထွက်ရှိလာသည်။

အစိုးရသစ်လက်ထက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် ပွင့်လင်းလာသည့်စီးပွားရေးအခွင့်အလမ်းများကို လုပ်ငန်းရှင်များနှင့် ပြည်သူများ လိုက်နာပြင်ဆင်နိုင်ရန်အကြံပြုထားသည်။ ပြီးခဲ့သည့်နှစ်နှစ်ကျော်ကာလအတွင်း ရာသီဥတုဖောက်ပြန်မှုကြောင့် ရေကြီးမှုများ၊ ကုန်သွယ်ရေးစစ်ပွဲများကြောင့် ဒေါ်လာဈေးမြင့်တက်လာမှုစသည်တို့ကြောင့် မြန်မာ့စီးပွားရေးအခက်အခဲဖြစ်ခဲ့သော်လည်း အခြားတစ်ဖက်တွင် အဆိုပါ ပြောင်းလဲမှုကြောင့်အခွင့်အလမ်းများကိုလည်းဖော်ပြထားသည်။ ထို့အပြင် ရန်ကုန်မြို့၏ အများပြည်သူသယ်ယူပို့ဆောင်ရေး YBS အကြောင်းကိုပါ ထည့်သွင်းရေးသားထားသည်။

**စာအုပ်ကို Wisdom House စာအုပ်တိုက် အခန်း ၂၀၄၊ တိုက်(၈၇၅-၈၇၆)၊ လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့မှထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၃၀၀၀ သတ်မှတ်ထားသည်။**

## လူမှုဘဝအထွေထွေ နိုင်ငံရေးအပြောင်းအလဲနှင့် မြန်မာနိုင်ငံ




လူမှုဘဝနှင့် နိုင်ငံရေးအကြောင်းကိုသိရှိနိုင်စေရန် ခိုင်နီကျော် စီစဥ်ရေးသားသည့် လူမှုဘဝအထွေထွေ၊ နိုင်ငံရေးအပြောင်းအလဲနှင့် မြန်မာနိုင်ငံ စာအုပ်ထွက်ရှိလာသည်။

လူ့ယဥ်ကျေးမှုအပေါ်တိုက်ရိုက်သက်ရောက်အမှီသဟဲပြုနိုင်သောလူမှုရေးဝါဒများ၊ ဒီမိုကရေစီ၏ သဘောသဘာဝများ နိုင်ငံရေး၏ကျယ်ပြန့်ခြင်းသည် လူသားဝါဒတစ်ခုလုံးကို သိမ်းကျုံးချယ်လှယ်နိုင်ခဲ့သည့် အုပ်ချုပ်ရေးစနစ်ဆိုးများသာမက ယင်းနှင့်ဆက်သွယ်လျက်ရှိသော ဆန့်ကျင်ဘက် ဝါဒဆိုးများမှ ထွက်ပေါ်လာခဲ့သော အမွေဆိုးတို့၏ ဆိုးကျိုးများ၊ ကျေးလက်ဒေသလူမှုဗဟုဝါဒတစ်ခုလုံး၏ သာတူညီမျှ လိုအပ်ချက်အခြေအနေများ၊ လူသားအရင်းအမြစ်၏ အခက်သဖွယ်ဖြစ်သော အလုပ်သမားတို့၏ ဘဝရပ်တည်ချက်များနှင့် ဝင်ငွေစီးဆင်းမှုအကျပ်အတည်းများကို ရေးသားထားသည်။ **စာအုပ်ကို ခိုင်နီကျော်စာပေ ဖုန်း-၀၉ ၇၉၆ ၂၈၅၅၂၄နှင့် ၀၉ ၄၄၈ ၂၈၃၇၀၈တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**

## မြန်မာတို့၏ မင်္ဂလာစကားနှင့် လက်ရွေးစင်ဆောင်းပါးများ




မောင်မောင်သွင်(ပန်းခိုင်) စီစဥ်ရေးသားသည့် မြန်မာတို့၏မင်္ဂလာစကားနှင့် လက်ရွေးစင်ဆောင်းပါးများစာအုပ် ထွက်ရှိလာသည်။

မြန်မာမှုနယ်ပယ်တွင် မင်္ဂလာ ဟူသည် မကောင်းမှုမှန်သမျှကို ဖယ်ရှားသုတ်သင်ခြင်း၊ ကောင်းမှုမှန်သမျှ ပြည့်စုံစွာရရှိခြင်းဟု အဓိပ္ပာယ် ဆောင်သည်။ မင်္ဂလာဟူသောဝေါဟာရသည် မြန်မာ့ယဥ်ကျေးမှုနယ်ပယ်တွင် သမိုင်းအစဥ်ခေတ်အဆက်ဆက် တွင်ကျယ်စွာသုံးစွဲလာခဲ့သော်လည်း မျက်မှောက်ခေတ်တွင် ပို၍တွင်ကျယ်လာသည့်အပြင် နိုင်ငံခြားသားခရီးသွားဧည့်သည်များ၏ နှုတ်များ၌ပင် မင်္ဂလာပါဟူသော နှုတ်ဆက်စကားအဖြစ် ရေပန်းစားလာသည်။ ချစ်စရာကောင်းလှသည့် မြန်မာတို့၏ တောဓလေ့၊ ကျေးလက်လူမှုစီးပွားဘဝများနှင့် တောတောင်ရနံ့သင်းပျံ့မှုတို့ကို ခံစားနိုင်စေရန်ရည်ရွယ်၍ရေးသားထားသည်။

**စာအုပ်ကို ရန်အောင်စာပေ၊ အမှတ် (H)၊ အ-ထ-က(၁) ရန်ကင်းကျောင်းရှေ့ ၁၂-လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၇၉၃၉၈နှင့် ၀၉ ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။**

## ဂန္ထဝင်ဂီတပညာရှင် ဂီတနက်သန် ဦးအုန်းလွင် သူ့ဘဝ၊ သူ့ဂီတနှင့် သူ့အနုပညာ





မေ(ပြင်ဦးလွင်) စီစဥ်ရေးသားသည့် ဂန္ထဝင်ဂီတပညာရှင် ဂီတနက်သန် ဦးအုန်းလွင် သူ့ဘဝ၊ သူ့ဂီတနှင့် သူ့အနုပညာ စာအုပ်ထွက်ရှိလာသည်။

မြန်မာတို့၏ ယဥ်ကျေးမှုသမိုင်းကို လေ့လာကြည့်လျှင် မြန်မာ့ဂီတသည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ကျော်လောက်ကစ၍ပေါ်ပေါက်ခဲ့သည်။ ခရစ်နှစ် ၈၀၂ခုနှစ်ခန့်တွင် ရေးထိုးခဲ့သောတရုတ်လူမျိုးတို့၏ မှတ်တမ်းစာစောင်အရ မြန်မာ့တူရိယာနှင့် သီချင်းတို့သည် ထိုခေတ်တွင် ပြေပြစ်ကောင်းမွန်ကြောင်းသိရသည်။ စာပေဝါသနာရှင်များ၊ ဂီတဝါသနာရှင်များနှင့် ဂီတအနုပညာသမိုင်းဆိုင်ရာ အချက်အလက်များကို ရှာဖွေ လေ့လာလိုသူများအတွက်ရည်ရွယ်၍ရေးသားထားသည်။ယနေ့ခေတ်လူငယ်လူရွယ်များသည် ရှေးခေတ် တေးပြုစာဆိုကြီးများ၏ သီချင်းများနှင့် သူတို့၏မှတ်တမ်းများကို မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်စေလိုကြောင်းရေးသားထားသည်။

**စာအုပ်ကို အရဏ်ဦးစာပေ၊ အမှတ်-၁၉၇၊ ပထမထပ်၊ ၃၆လမ်း(အထက်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။**

## Logistics ဆိုင်ရာ အဝေးကြည့်ဆောင်းပါးများ



ဒေါက်တာမျိုးငြိမ်းအေး (ပို့ဆောင်ရေး) စီစဥ်ရေးသားသည့် Logistics ဆိုင်ရာ အဝေးကြည့်ဆောင်းပါးများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အပိုင်းနှစ်ပိုင်းခွဲထားပြီး အပိုင်း(က)တွင်း ဆောင်းပါးခုနစ်ပုဒ်နှင့် အပိုင်း(ခ)တွင် ဆောင်းပါးရှည်တစ်ပုဒ် စုစုပေါင်းဆောင်းပါးရှစ်ပုဒ်ဖော်ပြထားသည်။ မြန်မာနိုင်ငံ၏ကဏ္ဍအသီးသီးတွင် အရေးပါသည့် အစိတ်အပိုင်းတစ်ခုအဖြစ် အချိန်နှင့်အမျှ ပိုမိုတိုးတက်ကာ ပါဝင်လျက်ရှိသည့် Logistics ဆိုင်ရာလုပ်ငန်းများကို နားလည်ပြီး စီမံဆောင်ရွက်နိုင်သည့်သူများ ပိုမိုများပြားလာစေရန် ရည်ရွယ်၍ ရေးသားထားခြင်းဖြစ်သည်။

**စာအုပ်ကို ကြယ်ပွင့်စာပေ၊ အမှတ်(၄၄-ဘီ)၊ မြေညီထပ်၊ ၈၇-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။**



## ရုပ်ရှင်သရုပ်ဆောင်အဖြစ် တွေ့မြင်ရတော့မယ့် ကမ်မီလာကပ်ဘဲလို

ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ကမ်မီလာကပ်ဘဲလိုကို မကြာမီမှာ ရုပ်ရှင်သရုပ်ဆောင်တစ်ဦးအဖြစ် တွေ့မြင်ခွင့်ရတော့မှာဖြစ်ပါတယ်။ ကျူးဘားသူ ကမ်မီလာကပ်ဘဲလိုဟာ ဂန္ထဝင်ရုပ်ရှင်တစ်ကားဖြစ်တဲ့ စင်ဒရဲလားကို ပြန်လည်ဆန်းသစ်သွားမယ့် ရုပ်ရှင်သစ်မှာ အဓိကဇာတ်ကောင် စင်ဒရဲလားအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၂၂ နှစ်အရွယ်ရှိပြီဖြစ်ပြီး ဂရမ်မီဆန်ခါတင်စာရင်းဝင် တေးသံရှင်တစ်ဦးလည်းဖြစ်တဲ့ ကမ်မီလာကပ်ဘဲလိုကို မကြာမီမှာ ဖန်ဖိနပ်ဝတ်ဆင်ထားတာတွေ့မြင်ရတော့မှာပါ။ ကမ်မီလာဟာ သူ့ရဲ့ တေးဗီဒီယိုမှာ ပါဝင်သရုပ်ဆောင်ခဲ့တာကြောင့် သရုပ်ဆောင်တစ်ဦးအဖြစ် မြင်တွေ့ခဲ့ရပြီးဖြစ်ပေမယ့် စင်ဒရဲလားရုပ်ရှင်ကတော့ သူ့အတွက် ပွဲဦးထွက်ရုပ်ရှင်ဖြစ်လာမှာပါ။

ရုပ်ရှင်မှာ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားရုံသာမကဘဲ ဇာတ်ဝင်တေးသီချင်းတွေမှာလည်း ကမ်မီလာကပ်ဘဲလိုက ပါဝင်ဖန်တီးပေးထားတာဖြစ်တယ်လို့ သိရပါတယ်။ ရုပ်ရှင် ရိုက်ကူးသွားမှာဖြစ်ပေမယ့် လတ်တလောအချိန်အထိတော့ အသေးစိတ်ဆွေးနွေးထားတာ မရှိသေးဘူးလို့သိရပါတယ်။ ဒါကြောင့် ကမ်မီလာကပ်ဘဲလိုကို စင်ဒရဲလားအဖြစ် မြင်တွေ့လိုကြတဲ့ ပရိသတ်တွေအတွက်တော့ အတော်လေး စောင့်ဆိုင်းရဦးမှာဖြစ်တယ်လို့ သိရပါတယ်။



## ရုပ်ရှင်သစ်မှာ ကင်ဆွန်းဟိုနဲ့ မွန်ဂိုယောင်းတို့ တွဲဖက်ပါဝင်သွားမည်

tvN ရုပ်သံလိုင်းက ထုတ်လွှင့်သွားမယ့်ရုပ်ရှင် " Catch The Ghost " မှာ မွန်ဂိုယောင်းဟာ အဓိကဇာတ်ဆောင်မင်းသမီးအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် လတ်တလောမှာတော့ အဆိုပါဇာတ်လမ်းတွဲရုပ်ရှင်မှာ ပါဝင်သွားမယ့် အဓိကဇာတ်ဆောင်မင်းသားကိုလည်း အတည်ပြုခဲ့တာတွေ့ရပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ မွန်ဂိုယောင်းနဲ့အပြိုင် ကင်ဆွန်းဟိုက ပါဝင်သွားမှာဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီဇာတ်လမ်းတွဲရုပ်ရှင်မှာတော့ မွန်ဂိုယောင်းကို ရဲအရာရှိတစ်ဦးအဖြစ် မြင်တွေ့ရမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ကင်ဆွန်းဟိုကတော့ စုံထောက်တစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်ပြီး ရဲအရာရှိတစ်ဦးနဲ့ စုံထောက်တစ်ဦးရဲ့ အချစ်ဇာတ်လမ်းကိုလည်း ဒီရုပ်ရှင်မှာ တွေ့မြင်ခံစားရမှာ ဖြစ်ပါတယ်။ " Catch The Ghost " ကိုတော့ ရုပ်သံကနေ ဒီနှစ် ဒုတိယနှစ်ဝက်အတွင်း စတင်ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

ရုပ်ရှင်လောကနဲ့ နှစ်နဲ့ချီကာ ဝေးကွာနေခဲ့တဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ မွန်ဂိုယောင်းဟာ လတ်တလောမှာတော့ ရုပ်ရှင်သစ်မှာ ပါဝင်ရိုက်ကူးသွားမှာဖြစ်ပါတယ်။ ဒီရုပ်ရှင်ဟာ ပြီးခဲ့တဲ့ လေးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ရိုက်ကူးမယ့် မွန်ဂိုယောင်းရဲ့ရုပ်ရှင်လည်းဖြစ်တယ်လို့ သိရပါတယ်။

## BTS နဲ့ ဟော်စေးတို့ တွဲဖက်သီဆိုထားတဲ့ တေးသီချင်း စမ်းသပ်ထုတ်လွှင့်

ကေပေါ့ပ်တေးဂီတအဖွဲ့ "BTS" ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ခေါင်းစီးတေးသီချင်းမှာ "Boy With Luv" ဖြစ်ကြောင်း အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ ဒီလိုပြောကြားခဲ့ပြီး "Boy With Luv" တေးသီချင်းရဲ့ တေးဗီဒီယိုကို စမ်းသပ်ထုတ်လွှင့်ပေးခဲ့ပါတယ်။ ဒီတေးသီချင်းမှာတော့ "BTS" နဲ့အတူ ဟော်စေးတို့ တွဲဖက်သီဆိုထားတာဖြစ်တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာ "Boy With Luv" တေးဗီဒီယိုကို စမ်းသပ်ထုတ်လွှင့်ခဲ့တာပါ။ ဒီတေးဗီဒီယိုမှာတော့ ဟော်စေးရော "BTS" အဖွဲ့ဝင်တွေပါ ပန်းရောင်တွေ ဝတ်ဆင်ထားကြတာကိုလည်း တွေ့ရပါတယ်။

"BTS" ဟာ အဖွဲ့ရဲ့ မီနီတေးအယ်လ်ဘမ်သစ် "Map of the Soul: Persona" နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်မှာတော့ တေးသီချင်းခုနစ်ပုဒ်ပါဝင်နေတာဖြစ်ပြီး တေးအယ်လ်ဘမ်သစ်တစ်ခုလုံးကိုတော့ လာမယ့် ဧပြီ ၁၂ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ အလားတူ လတ်တလောစမ်းသပ်ထုတ်လွှင့်ခဲ့တဲ့ " Boy With Luv " တေးဗီဒီယိုအပြည့်အစုံကိုလည်း တေးအယ်လ်ဘမ်ထုတ်လွှင့်တဲ့နေ့မှာ တစ်ပြိုင်တည်း ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။

## ပရိသတ်ရှေ့အရောက်ပြန်လာမယ့် Oh My Girl

တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ " Oh My Girl "ဟာ မကြာမီမှာ ပရိသတ်ရှေ့အရောက် ပြန်လာဖို့ရာ စီစဉ်ထားကြောင်း သိရပါတယ်။ ဒီနှစ်နွေဦးမှာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို ပရိသတ်ထံ အရောက်ပို့ဆောင်ပေးဖို့ရာ စီစဉ်ထားတာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၁၀ ရက်မှာ အဖွဲ့ရဲ့ အေဂျင်စီက တေးအယ်လ်ဘမ်သစ်ဖန်တီးနေကြောင်း တရားဝင်ထုတ်ဖော်အသိပေးလာတာဖြစ်ပါတယ်။ အေဂျင်စီရဲ့ ပြောကြားချက်အရ တေးအယ်လ်ဘမ်သစ်ကို လာမယ့် မေလအတွင်း စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။

ဒီတေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မှုဟာ ပြီးခဲ့တဲ့ ရှစ်လတာကာလအတွင်း အဖွဲ့ရဲ့ ပထမဆုံးထုတ်လွှင့်တဲ့ တေးအယ်လ်ဘမ်ဖြစ်လာမှာပါ။ " Oh My Girl " ဟာ ခြောက်ခုမြောက် မီနီတေးအယ်လ်ဘမ် "Remember Me" ကို ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းက နောက်ဆုံးထုတ်လွှင့်ပေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။






## ဂန်ဝင်တောမီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးမှုများအတွက် အနုပညာရှင်များ လှူဒါန်း

လတ်တလောမှာ တောင်ကိုရီးယားနိုင်ငံ ဂန်ဝင်မှာဖြစ်ပွားခဲ့တဲ့ တောမီးလောင်ကျွမ်းမှုကြောင့် ထိခိုက် သေဆုံးမှုတွေ များပြားခဲ့ပါတယ်။ ဒီလို ဆုံးရှုံးခဲ့ရတဲ့သူတွေအတွက် တောင်ကိုရီးယားကြယ်ပွင့်တွေက လှူဒါန်းမှုတွေ ပြုခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ယခုရာသီဟာ တောင်ကိုရီးယားမှာ ခြောက်သွေ့တဲ့ရာသီဖြစ်တာကြောင့် တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပွားလေ့ရှိပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ဧပြီ ၄ ရက်က လောင်ကျွမ်းခဲ့တဲ့ ဂန်ဝင်တောမီးဟာတော့ ပြီးခဲ့တဲ့ နှစ်အတော်ကြာအတွင်း ထိခိုက်ဆုံးရှုံးမှုအများဆုံး တောမီးလောင်ကျွမ်းမှုလည်း ဖြစ်တယ်လို့ သိရပါတယ်။

ဒီတောမီးလောင်ကျွမ်းမှုအတွက် တောင်ကိုရီးယားကြယ်ပွင့်တွေက ထောက်ပံ့လှူဒါန်းမှုတွေ ပြုခဲ့ကြပါတယ်။ ကေပေါ့ပ်ကြယ်ပွင့်အဖြစ်မှ အောင်မြင်တဲ့သရုပ်ဆောင်တွေအဖြစ်လည်း ရပ်တည်နေကြတဲ့ ဆူဇီဘေးနဲ့ အိုင်ယူ တို့ကတော့ ဝမ်သန်း ၁၀၀ စီ လှူဒါန်းခဲ့တာကို တွေ့ရပါတယ်။

နာမည်ကျော်မင်းသားတစ်ဦးဖြစ်သူ ဆိုဂျီဆပ်နဲ့ မင်းသားကြီး လီဂျန်ဂျေး၊ တေးသံရှင် ဟောင်ဂျင်ယောင်း၊ အိုလံပစ်ရွှေတံဆိပ်ဆုရှင် ကင်ယူနာ၊ အစီအစဉ်တင်ဆက်သူနဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ယိုဂျီဆော့တို့က မီးဘေးသင့်ခဲ့သူတွေအတွက် ဝမ်သန်း ၅၀ စီ လှူဒါန်းခဲ့ပါတယ်။ မင်းသမီး ကန်ဆိုရာ၊ ပျဲခ်ရှင်ဟေးတို့ကတော့ တောင်ကိုရီးယားဝမ်သန်း ၃၀ စီ လှူဒါန်းခဲ့ပါတယ်။ အလားတူပင် ကေပေါ့ပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ ကင်ဒေါင်ဝန်၊ ဂျန်ဟို၊ ကန်ဒန်နီရယ်နဲ့ မင်းသားတစ်ဦးဖြစ်သူ လီဂျီဟွန်းတို့ကလည်း ဝမ်သန်း ၃၀ စီ လှူဒါန်းခဲ့တယ်လို့ သိရပါတယ်။ ကျော်ကြားတဲ့မင်းသားတွေဖြစ်ကြတဲ့ ဆောင်းဂျွန်ကီနဲ့ နမ်ဂျူဟွတ်ခ်တို့ကလည်း ဝမ်သန်း ၃၀ စီ ပါဝင်လှူဒါန်းခဲ့ကြပါတယ်။ အခြားသော ကြယ်ပွင့်များစွာကလည်း ပါဝင်လှူဒါန်းခဲ့ကြပြီး အဖွဲ့လိုက်လှူဒါန်းမှုတွေလည်း ရှိခဲ့တယ်လို့ သိရပါတယ်။

အေးပြည့် - စုစည်းသည်

# နွေစပါးမျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခြင်း ကွင်းပြပွဲကျင်းပ



**ဝက်လက် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် လိန်ပင်ကျေးရွာအုပ်စု တောင်သူဦးညဏ်ချို၏လယ်တွင် နွေစပါးမျိုးစေ့ချကိရိယာ (DRUM SEEDER) ဖြင့် စိုက်ပျိုးခြင်း ကွင်းပြပွဲကို မေ ၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးလှမိုးကျော်က နွေစပါးကို ကြဲခင်းစနစ်စိုက်ပျိုးခြင်းထက် ယခုလို မျိုးစေ့ချကိရိယာ(DRUM SEEDER)ဖြင့်စိုက်ပျိုးခြင်းသည် မျိုးစေ့နှုန်းထားသက်သာခြင်း၊ မှန်ကန်သောအပင်ဦးရေရရှိခြင်း၊ ကိုးလက်မတန်းကြားဖြင့် အတန်းလိုက်စိုက်ပျိုးခြင်းကြောင့် လေဝင်လေထွက်ကောင်းခြင်း၊ နေရောင်ခြည်ကို မျှတစွာရရှိခြင်း၊ ဓာတ်မြေဩဇာကြဲပက်ခြင်း၊ ပိုးမွှားရောဂါကာကွယ်ခြင်းနှင့် ပေါင်းမြက်နှိမ်နင်းခြင်းလုပ်ငန်းများတွင် ပိုမိုလွယ်ကူထိရောက်စေသော အားသာချက်များရှိကြောင်း ပြောကြားသည်။

ကွင်းပြပွဲဆောင်ရွက်သော တောင်သူ ဦးညဏ်ချိုက ယခုနွေစပါးတွင် ၎င်းပိုင်ဆိုင်သော ဧက ၂၀ ကို မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးပြီး ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသော စိုက်ပျိုးနည်းစနစ်များ ဖြန့်ဝေပေးကြောင်းနှင့် ယခုစိုက်ပျိုးသော နည်းစနစ်ကိုလည်း ကြိုက်နှစ်သက်သဖြင့် နောင်နှစ်များတွင်လည်း ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**မိုးသောက်(ရွှေဘို)**

# ပေါက်မြို့နယ်မှကျေးလက်နေပြည်သူများအား သောက်သုံးရေဖြန့်ဝေလှူဒါန်း



**ပေါက် မေ ၁၀**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ချိုင်ဇောက်ကျေးရွာအုပ်စု သစ်ကြီးတော တောတိုက်မှကျေးလက်နေပြည်သူ ၃၀၀ ကျော် သောက်သုံးရေ ရှားပါးမှုအခက်အခဲများနှင့် ကြုံတွေ့နေရသဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ မေ ၉ ရက် နံနက်ပိုင်းက ယင်းကျေးရွာသို့သွားရောက်၍ သောက်သုံးရေ လှူဒါန်းကြသည်။

တောတိုက်ကျေးလက်နေပြည်သူများသည် ကိုယ့်အားကိုယ်ကိုး မြေသားရေလှောင်ကန်ကိုအမှီပြု ခပ်ယူသုံးစွဲခဲ့ရာ ယခုအခါ အဆိုပါရေကန် ရေပြတ်လပ်မှုမှာ နှစ်လကျော်ရှိပြီဖြစ်၍ နှစ်မိုင်ခန့်ဝေးကွာသည့် ချိုင်ဇောက်ကျေးရွာနှင့် ထန်းပေါက်ကုန်းကျေးရွာတို့၌ သောက်သုံးရေအတွက် သွားရောက်ခပ်ယူသုံးစွဲနေရကြောင်း တောတိုက်ရွာမှ ဦးအောင်ဝင်းက ပြောသည်။

**ညဏ်တိုး(ပေါက်)**

# ဆွာချောင်းဘေးကပ်လျက်ရှိ တံတားကြီးကျေးရွာတွင် သောက်သုံးရေခက်ခဲနေသည့်ဒေသခံများအား ရေရရှိရေးဆောင်ရွက်ပေး

**ရေတာရှည် မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု ဆွာချောင်းဘေးကပ်လျက်ရှိ တံတားကြီးကျေးရွာတွင် ဒေသခံများ သောက်သုံးရေပြတ်လပ်မှုများဖြစ်ပေါ်နေကြောင်း ဒေသခံများ၏ တင်ပြချက်များအရ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မေ ၉ ရက် ညနေပိုင်းတွင် မူလကတည်းက တူးဖော်ပေးထားသည့် ရေငုတ်မှ စက်ဖြင့် ရေများရရှိအောင် အရေးပေါ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

"တစ်ရွာလုံး ရေပြတ်ကုန်ပြီဆိုတဲ့ သတင်းရတော့ ခရိုင်မှူး ဦးဘသိန်းက စက်ရေတွင်းတူးတဲ့ Well Done ကုမ္ပဏီကို မူလတူးထားတဲ့တွင်းနေရာကနေ စက်တွေချပြီး အမြန်ဆုံးရေရအောင် အရေးပေါ်ဆောင်ရွက်ပေးဖို့ ပြောလို့ ချက်ချင်းလာလုပ်ပေးတာ နောက်မှ ရေကန်တို့ စက်ထားဖို့ ဆက်ပြီးဆောင်ရွက်ရမှာ" ဟု မြို့နယ် ကျေးလက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွန့်က ပြောကြားသည်။

"အလွန်ပျော်တာပေါ့ဗျာ။ တစ်ရွာလုံး ရေမရှိလို့ ဒုက္ခရောက်နေကြရတာ။ ခုလိုဆောင်ရွက်ပေးတဲ့အတွက် တာဝန်ရှိသူတွေကို အလွန်ကျေးဇူးတင်ပါတယ်။ ခုတော့ ရေအတွက် အဆင်ပြေသွားပါပြီ"ဟု တံတားကြီးကျေးရွာနေ ဒေသခံ ဦးဇင်ကိုကပြောသည်။

**ကိုလွင်(ဆွာ)**

# ဟိုပုံးတွင် ငမြှောင်တောင်ပိုးအန္တရာယ် ကြိုတင်ကာကွယ်နှိမ်နင်းနည်းဟောပြော

**ဟိုပုံး မေ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် နမ့်ခုတ်စံပြကျေးရွာ ကေတုမတီဘုန်းတော်ကြီးကျောင်း၌ ဘက်စုံကြိုတင်ကာကွယ်နှိမ်နင်းနည်း တောင်သူပညာပေးဟောပြောပွဲကို မေ ၉ ရက် နံနက် ၁၁ နာရီခွဲကပြုလုပ်ရာ ဟိုပုံးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခိုင်သန္တာလင်းက ငမြှောင်တောင်ပိုးသည် ပြောင်းနှင့် အခြားအဓိကသီးနှံများဖြစ်သော စပါး၊ မြေပဲ၊ ဟင်းသီးဟင်းရွက်နှင့် ဝါသီးနှံများအပါအဝင် သီးနှံမျိုးပေါင်း ၈၀ ကျော်ကို စားသောက်ဖျက်ဆီးနိုင်သည့်အပြင် တစ်ညအတွင်း ကီလိုမီတာ ၁၀၀ အထိ ပျံသန်းနိုင်စွမ်းရှိကြောင်း၊ ထိရောက်စွာ ကာကွယ်နှိမ်နင်းခြင်းမရှိလျှင် သီးနှံအထွက်နှုန်းကို သိသိသာသာ ထိခိုက်စေနိုင်သည့် ဖျက်ပိုးဖြစ်ကြောင်းနှင့် ငမြှောင်တောင်ပိုး၏ ဘဝစက်ဝန်း၊ ဖျက်ကောင်များ၏ အလေ့အထ၊ ကျရောက်ပုံလေ့၊ စားသောက်ဖျက်ဆီးပုံ၊ ဖျက်ဆီးမှုလက္ခဏာ၊ ကာကွယ်နှိမ်နင်းနည်းများကို ပရိုဂျက်တာဖြင့် အသိပညာပေး ဟောပြောသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းခမ်းချိုးက ငမြှောင်တောင်ပိုးအန္တရာယ် မကျရောက်စေရန် ဘက်စုံကြိုတင်ကာကွယ်နှိမ်နင်းရေးအကြောင်းကို ပအိုဝ်းဘာသာဖြင့် ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ငမြှောင်တောင်ပိုးအန္တရာယ် ကာကွယ်နှိမ်နင်းနည်း အသိပညာပေးလက်ကမ်းစာစောင်များကို တက်ရောက်လာသည့် နမ့်ခုတ်စံပြကျေးရွာ၊ ကုန်းကျိုင်းကျေးရွာအုပ်စု၊ လုံပေါကျေးရွာအုပ်စုတို့မှ တောင်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ထက်ထက်(ဟိုပုံး)**

# မိုးစပါးနှင့် သီးနှံများ ရေကြီးနစ်မြုပ်ပျက်စီးမှု ထောက်ပံ့ငွေများပေးအပ်



**ကလေး မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ၂၀၁၈ ခုနှစ်အတွင်း မိုးစပါးနှင့် သီးနှံများ ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးမှုအပေါ် အချိန်မီအစားထိုးစိုက်ပျိုးနိုင်ရန် ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၉ ရက် နံနက် ၁၀ နာရီခွဲက ကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ) ရှားမီး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညီညီ၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က မိုးစပါးပျက်စီးထိခိုက်မှု ကြုံတွေ့ခဲ့သည့် မဂ်လာဥယျာဉ်ရပ်ကွက်နှင့် ရာဇဂြိုဟ်၊ နန်းကျင်းဆောင်၊ ပျဉ်းခုံကြီး၊ ထိုမာ၊ ထောက်ကြန့်၊ နတ်မြောင်း၊ တင်သားကျေးရွာတို့အတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ဧကပေါင်း ၁၉၁၅ ကိုလည်းကောင်း၊ နှမ်းစိုက်ခင်းပျက်စီးထိခိုက်မှုကြုံတွေ့ခဲ့သည့် သာစည်၊ ငါးဖား၊ ကုက္ကိုလ်ကျေးရွာတို့အတွက် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ဧကပေါင်း ၄၇၉ ဧကကိုလည်းကောင်း ရေကြီးနစ်မြုပ်ပျက်စီးမှု စုစုပေါင်း ၂၃၉၄ ဧကအတွက် စုစုပေါင်းငွေကျပ် ၂၁၅၄၅၀၀၀ တို့ကို အချိန်မီအစားထိုးစိုက်ပျိုးနိုင်ရန် တောင်သူများအား ကျေးရွာအုပ်စုအလိုက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ရေကြီးနစ်မြုပ် ဧရိယာများ၊ မိုးစပါးထောက်ပံ့ပေးမှုများနှင့်ပတ်သက်၍ ဆွေးနွေးပြီး ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက မိုးစပါးနှင့် သီးနှံစိုက်ခင်းတို့တွင်ကျရောက်နိုင်သည့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးစနစ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**



မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၂၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရွှေပေါက်ကံ နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်စွာဝင်းနှင့် နယ်ထိန်းအရာရှိ ဒုရဲအုပ်ဝင်းခိုင်တို့သည် မေ ၈ ရက်က ရပ်ကွက် နေပြည်သူများအား သင်္ကြန်ကာလ မှုခင်းလျော့နည်းကျဆင်းရေး အသိပညာပေး ဟောပြောဆွေးနွေးစဉ်။ **ကိုရဲ**

# ဒီးဒုတ်ကန်ကျေးရွာ၌ အိမ်တိုင်ရာရောက် ရေပေးရေးစနစ် ဖွင့်ပွဲကျင်းပ

**အထက်မင်းလှ မေ ၁၀**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် အိမ်တိုင်ရာရောက် ရေပေးရေးစနစ်ဖွင့်ပွဲကို မေ ၉ ရက် နံနက် ၁၀ နာရီခွဲက ဒီးဒုတ်ကန်ကျေးရွာ၌ ကျင်းပသည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်သန်းသန်းအေးနှင့် သရက်ခရိုင်ကျေးလက်ဦးစီးမှူး ဦးအောင်ကြီးတို့က အမှာစကားပြောကြားပြီး မင်းလှမြို့နယ် ကျေးလက်ဦးစီးမှူး ဦးမင်းဇော်ဟန်က ရေပေးရေးဆောင်ရွက်ခဲ့မှုများကို ပြောကြားသည်။

အဆိုပါ အိမ်တိုင်ရာရောက် ရေပေးရေးစနစ်အား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ၆ ဒသမ ၅ သန်းဖြင့်ဆောင်ရွက်ခဲ့ရာ ဒီးဒုတ်ကန်ကျေးရွာရှိအိမ်ခြေ ၃၅၉ လုံး၊ လူဦးရေ ၁၄၁၈ ဦးအတွက် သောက်သုံးရေ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဇာဇာ (အထက်မင်းလှ)**

# မြို့နယ်အချို့တွင် အချိန်အခါမဟုတ် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်



**စစ်တွေ**
စစ်တွေမြို့နယ်အတွင်း ဧပြီ ၁၀ ရက် နံနက် ၂ နာရီခွဲခန့်တွင် မိုးသက်လေပြင်းတိုက်ခတ်မှုများဖြစ်ပွားပြီး သစ်ပင်များပြိုလဲခြင်းကြောင့် လမ်းများပိတ်ဆို့မှုများဖြစ်ပွားခဲ့ရာ စစ်တွေမြို့နယ် မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် စစ်တွေမြို့မင်းဗာကြီးလမ်း၊ ရေတွင်းလမ်း၊ စစ်တွေတပ်နယ်၊ ရန်ကုန်-စစ်တွေကားလမ်းနှင့် စစ်တွေ-ရေချမ်းပြင် ကားလမ်းတို့တွင် သစ်ပင်များကျိုးကျပြီး ကားလမ်းများပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်များကြောင့် ကားလမ်းပိတ်ဆို့မှုများရှိနေပြီး ခရီးသွားပြည်သူများ သွားလာရေးခက်ခဲနေမှုကို စစ်တွေမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဆန်းဝင်းလှိုင်ဦးဆောင်ပြီး တပ်ဖွဲ့ဝင်များနှင့်အတူ သစ်ပင်များအား ပိုင်းဖြတ်ခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

**မုံရွာ**
စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧပြီ ၈ ရက် ညနေ ၄ နာရီကျော်က စတင်တိုက်ခတ်ခဲ့သော လေပြင်းကြောင့် လူနေအိမ် ၁၇၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

လေပြင်းကြောင့် ကနီမြို့နယ်တွင် နေအိမ် ၁၅ လုံး၊ မော်လိုက်မြို့နယ်တွင် နေအိမ် ၃၄ လုံး၊ ယင်းမာပင်မြို့နယ်တွင် နေအိမ် ၂၂ လုံး၊ ကျွန်းလှမြို့နယ်တွင် နေအိမ် ၃၄ လုံး၊ ကန့်ဘလူမြို့နယ်တွင် နေအိမ် ၄၅ လုံး၊ တန့်ဆည်မြို့နယ်တွင် နေအိမ် ၂၂ လုံးနှင့် မင်းကင်းမြို့နယ်တွင် စာသင်ဆောင်တစ်ဆောင်တို့ အမိုးလန်ပျက်စီးခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်ထံမှ သိရသည်။

"အခုက ပျက်စီးသွားတဲ့ အိမ်ခြေတွေအတွက် ထောက်ပံ့ပေးမှုတွေ လုပ်နေပါတယ်။ ပုံမှန်အားဖြင့် ပြိုတဲ့အိမ်ကတော့ ငွေကျပ် ၁၀၀၀၀၀ နဲ့ ထောက်ပံ့ပစ္စည်းတွေပေးတယ်။ အမိုးလန်တဲ့အိမ်ကတော့ အများဆုံး ငွေကျပ် ၇၀၀၀၀ နဲ့ အနည်းဆုံးကျပ် ၁၀၀၀၀ ပါ။ ဒီကြားထဲမှာ ပျက်စီးမှုအတိုင်းအတာကို တွက်ချက်ပြီး ငွေကြေးနဲ့ ပစ္စည်းထောက်ပံ့ပေးတာပါ။ သေဆုံးသွားတယ်ဆိုရင် ငွေကျပ် ၃၀၀၀၀၀ ထောက်ပံ့ပါတယ်။ ဒဏ်ရာရဆိုရင် ငွေကျပ် ၅၀၀၀၀ ထောက်ပံ့ပေးပါတယ် "ဟု စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်က ပြောသည်။

တိုင်းဒေသကြီးတွင် ယခုနှစ် ဖေဖော်ဝါရီလမှ ဧပြီ ၈ ရက်ထိ လေပြင်းတိုက်ခတ်သည့်အတွက် ပျက်စီးခဲ့သည့် လူနေအိမ်အရေအတွက်မှာ ၇၀၀ ခန့်ထိ ရှိခဲ့ပြီးဖြစ်ကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။ **ကိုမင်း(အင်းတော်)**

**ပင်လည်ဘူး**
စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် ဧပြီ ၉ ရက် ညနေ ၅ နာရီခွဲက အချိန်အခါမဟုတ် မိုးများရွာသွန်းပြီး လေပြင်းတိုက်၍ လူနေအိမ်အဆောက်အအုံ အမိုးများနှင့် မြို့နယ်စည်ပင်သာယာဈေး ဈေးဆိုင်ခန်း အမိုးများ အမိုးလန်ပျက်စီးဆုံးရှုံးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် မိုးကောင်းရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာဈေးဆိုင်ခန်းသွပ်မိုးများ၊ တောဖျားကျေးရွာမှ နေအိမ်တစ်လုံး၊ ပေကုန်းကျေးရွာမှ နေအိမ်တစ်လုံး၊ ချိုယားကုန်းကျေးရွာမှ နေအိမ်တစ်လုံး၊ ချောင်းပေါက်ကျေးရွာမှ နေအိမ်တစ်လုံးတို့ အမိုးလန်ပျက်စီးခဲ့ပြီး ဧပြီ ၈ ရက် ည ၈ နာရီတွင်လည်း အောင်းပင်ကျေးရွာမှ နေအိမ်တစ်လုံး၊ ပင်လောင်ကျေးရွာမှ နေအိမ်နှစ်လုံးတို့ အမိုးလန်ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါပျက်စီးဆုံးရှုံးခဲ့သော နေရာများသို့ မြို့နယ်တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**



## မေတ္တာခြံမှ လုံခြုံမည်၊ စိတ်ကိုနိုင်မှ ငြိမ်းချမ်းမည်

စာမျက်နှာ ၁၅ မှ

ဤလိုမျိုး လူစားမျိုးတွေ တဖြည်းဖြည်းနည်းပါးလာပြီး မေတ္တာတရားကြီးမားသူများ၊ သဘောထားကြီးပြီး အလျှော့ပေးတတ်သူများ၊ ရိုသေလေးစားတန်ဖိုးထားတတ်ပြီး စိတ်ထားမြင့်မြတ် မျှဝေခံစားတတ်သူများ ပွားများလာမှသာ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်လည်း အေးချမ်းသာယာလှပလာမှာဖြစ်ပါတယ်။

**ခေါင်းဆောင်စိတ်ထားမွေးမြူပါ**

မိမိစိတ်ကို လုံခြုံအောင်ထားနိုင်သူတွေဟာ သူတစ်ပါးအပေါ်မှာလည်း ကောင်းမွန်သောစိတ်ထားကို ပေးစွမ်းနိုင်ပါတယ်။ ဒီလိုပေးနိုင်တဲ့အတွက် မြင့်မြတ်တဲ့ဂုဏ်သိက္ခာဆိုတဲ့ ထိုက်တန်တဲ့လက်ဆောင်လည်း ပြန်လည်ရရှိနိုင်ပါတယ်။ စာရိတ္တကောင်းမွန်မှု၊ နမူနာကောင်းပြသနိုင်မှုတို့နဲ့အတူ လူ့အဖွဲ့အစည်းစံပြအဖြစ် လေးစားခံရပြီး အများရဲ့တန်ဖိုးထားဂုဏ်ပြုခံရခြင်းနဲ့အတူ မေတ္တာတရားကို ပြန်လည်ရရှိခံစားနိုင်ပါတယ်။ လုပ်ငန်းခွင်မှာပဲဖြစ်ဖြစ်၊ နိုင်ငံတစ်ခုမှာပဲဖြစ်ဖြစ်၊ စိတ်ကောင်းစေတနာကောင်းရှိပြီး မေတ္တာတရားနဲ့ အုပ်ချုပ်သူတွေရဲ့လက်အောက်မှာ အလုပ်လုပ်ရသူ၊ နေထိုင်ရသူ ဝန်ထမ်းတွေ၊ ပြည်သူတွေဟာ အမြဲတမ်း တက်ကြွလန်းဆန်းနေပါတယ်။ ခေါင်းဆောင်လို့ခံယူထားသူရဲ့မေတ္တာ၊ စေတနာရှေ့ထားပြီး ခိုင်းတာမှန်သမျှ လုပ်သင့်လုပ်ထိုက်တာပဲလို့ ခံယူကြတယ်။ လက်အောက်ငယ်သားတွေဟာ ခေါင်းဆောင်ထံမှ ငါဆိုတဲ့ အသုံးအနှုန်းများနေရာမှာ တို့ဆိုတဲ့ အသုံးအနှုန်းကိုသာ ပိုမိုလိုလားကြတယ်။ မေတ္တာရှေ့ထား လမ်းညွှန်သင်ကြားပြသမှုများဟာ လုပ်ငန်းကို ပိုမိုပြီးမြောက်အောင်မြင်စေတာ တွေ့ရတယ်။ လက်အောက်ဝန်ထမ်းတွေဟာ သူတို့ရဲ့ မှန်ကန်တဲ့လုပ်ဆောင်မှုအတွက် စိတ်ကောင်းရှိတဲ့ ခေါင်းဆောင်တွေရဲ့ ချီးကျူးအသိအမှတ်ပြုမှုကို အမြဲရရှိလေ့ရှိပါတယ်။ စေတနာမေတ္တာကြီးတဲ့ ခေါင်းဆောင်နဲ့ နောက်လိုက်ငယ်သားတွေအကြား ရိုသေလေးစားမှုဆိုတာ အထူးလုပ်ယူနေရမယ့်အရာမဟုတ်တော့ဘဲ အေးချမ်းနေတဲ့ လုပ်ငန်းခွင်တစ်ခုမှာ အမြိန့်တွေထက် တောင်းဆိုမှုတွေသာ ရှိနေတတ်သည်ကိုလည်း တွေ့ကြုံဖူးပါတယ်။

**နှစ်သစ်ဆုတောင်း**

အချုပ်အားဖြင့် ဆိုချင်တာကတော့ မိမိတို့တစ်ဦးစီတစ်ဦးစီမှာ ဖြစ်ပေါ်နေတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာတရားများဟာ မည်သူတစ်ဦးတစ်ယောက်ကမှ ထည့်သွင်းပေးထားတာမဟုတ်ပါဘူး။ မိမိတို့စိတ်တွင်းမှာသာ တည်မှီနေတဲ့တရားတွေဖြစ်လို့ မိမိတို့ကိုယ်တိုင်ပဲ စိတ်စွမ်းအင်တွေကြီးထွားအောင်၊ စိတ်ဓာတ်တွေဖြူစင်သန့်ရှင်းသွားအောင် ဘုရားရှင်ဟောပြောပြသဆုံးမတော်မူတဲ့ တရားဓမ္မတွေ၊ သမထဝိပဿနာရေစင်တွေနဲ့ အစဉ်ဆေးကြောသုတ်သင်နေသင့်ပါတယ်။ ကိုယ့်စိတ်ကို မဆင်ခြင်ဘဲ စိတ်တွေမသန့်ရှင်းလျှင် သတ္တဝါတွေဟာလည်း ညစ်နွမ်းသွားကြတာပါပဲ။ ထို့ကြောင့် မကောင်းမှုအားလုံး၏ ရှေ့ဆောင်ဖြစ်တဲ့ စိတ်ကိုဖြူစင်အောင်လေ့ကျင့်၍ လောဘကြီးခြင်း၊ ဒေါသကြီးခြင်း၊ သံသယများခြင်း၊ ယုံကြည်မှုကင်းမဲ့ခြင်း၊ မုန်းတီးခြင်းစတဲ့ ဒုက္ခများမှလွတ်မြောက်ကင်းစင်သော လောကဝန်းကျင်၊ တည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်တစ်ခုဖြစ်ထွန်းစေဖို့ နှစ်သစ်မင်္ဂလာနဲ့အတူ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။ ။

## မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် စက်ရေတွင်းတူးဖော်

**မုံရွာ ဧပြီ ၁၀**
နွေရာသီတွင် ရေရှားပါးမှုဖြစ်ပေါ်တတ်သည့် မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် စက်ရေတွင်းတူးဖော်ခြင်း အပါအဝင် ရေရရှိရေးနည်းလမ်းများ အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုထံမှ သိရသည်။

"သောက်သုံးရေပြတ်တာမျိုးဖြစ်ရင် အမြန်ပို့ပေးနိုင်ဖို့ ရေသန့်ဘူးအကြီး ၁၀၀ အသင့်ထားပြီး မီးသတ်တပ်ဖွဲ့၊ လူမှုကူညီရေးအသင်းအဖွဲ့တွေ၊ အလှူရှင်တွေနဲ့ပူးပေါင်းဖြေရှင်းနိုင်အောင် ချိတ်ဆက်ဆောင်ရွက်ထားပါတယ်" ဟု ဒေါ်ယဉ်ယဉ်ချိုက ပြောသည်။

ယခင်နှစ်နွေရာသီက ရေရှားပါးမှုဖြစ်ခဲ့သော မုံရွာမြို့နယ် နိဗ္ဗာန်ဝကျေးရွာတွင် စက်ရေတွင်းတူးဖော်ပေးခဲ့ပြီး ဆိုလာရေတွင်းများရှိသည့် မြိုင်စီကျေးရွာတွင် ဆိုလာပျက်ပါက အရန်သင့်တပ်ဆင်အသုံးပြုနိုင်ရန် အင်ဂျင်-ဒိုင်နမိုပန့်နှင့် ဆက်စပ်ပစ္စည်းများကို မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝယ်ယူပေးထားကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေဖြင့် မုံရွာမြို့နယ် ဇောခိတထောင်သာသနာ့နယ်မြေအနီး ကြီးအုပ်ကျေးရွာတွင် အရှည်ပေ ၂၃၀၀၀ ရေပိုက်လိုင်းကိုလည်း ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကျော်ထူး၊ မြို့မရဲစခန်းမှူး ဒုရဲမှူး မြထွန်းကျော်နှင့် တာဝန်ရှိသူများ သိမ်ဖြူရထားရပ်ကွက် ဘူတာကြီးရှေ့တွင် ဧပြီ ၉ ရက်က မူခင်းပညာပေးပြခန်းယာဉ်ဖြင့် မူခင်းအသိပညာပေး ဆောင်ရွက်ခဲ့ရာ ရပ်ကွက်နေ ပြည်သူ ၃၅၀ ခန့် လာရောက်လေ့လာ ကြည့်ရှုကြစဉ်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

CB BANK

CB Pay
Next generation, New experience.




ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(တနယ်ဇင်း)၂၁၁/၀၆၁၈ TMR-008847(0220)

ထူး ပါဝါ
အမှတ်တံဆိပ်

ကျောက်ကြေအေး
သည်းခြေအိတ်၊ ကျောက်ကပ်၊ ဆီးအိမ်၊ ဆီးပြွန်၊
ဆီးသွားလမ်းကျောက်တည်ခြင်းနှင့်
ဆီးကျိတ်၊ ဆီးရောဂါများအတွက်
သောက်သုံးနိုင်ပါသည်။

ကျောက်တည်ရင်မျောက်လှယ်တဲ့
ပါဝါ ကျောက်ကြေအေး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀အိပ်ချ်၃၊ မြေကွက်အမှတ်-II Class ၂၂၊ မြေကွက်တည်နေရာအမှတ် -၁၈၀/၁၈၂၊ (၄၅)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဦးကျော်ညွန့် [၁၂/ဗတထ(နိုင်)၀၂၅၂၇၇]၊ ဒေါ်ကျင်ရွှေ [၁၂/ဗတထ(နိုင်)၀၂၄၆၅၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကျော်ညွန့်(ခင်ပွန်း) ၂-၁၂-၂၀၁၇ ရက် ကွယ်လွန်သဖြင့် ၎င်း၏အစုအားတရားဝင်ဇနီးဖြစ်သူ TAN SIN HWA (ခ) ဒေါ်ခင်ဆွေရီ[၁၂/ဗတထ(ဧည့်)၀၀၀၂၄၃]မှ ပိုင်ဆိုင်ခွင့်ရှိကြောင်း မြောက်ဥက္ကလာပမြို့နယ်တရားရုံး ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်စဉ်-၁/၄၄၅/၁၉ ၁၁-၁-၂၀၁၉၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အထွေထွေကိုယ်စားလှယ်လွှဲစာ မရုပ်သိမ်းကြောင်း ၁၁-၁-၂၀၁၉ ရက်စွဲပါကျမ်းကျိန်လွှာ၊ ဦးကျော်ညွန့်၏သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ TAN SIN HWA(ခ)ဒေါ်ခင်ဆွေရီနှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ကျင်ရွှေထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၆၈/၁၅ (၉-၁-၂၀၁၅)ရသူ ဒေါ်တင်တင်အေး [၁၂/ဗတထ(နိုင်)၀၂၅၂၅၃]တို့မှ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၂)ခန်းတွဲ၊ (၆)ထပ်တိုက် (၁)လုံးရှိပြီး လျှောက်ထားသူများ ကိုယ်တိုင်နေထိုင်ခြင်းမရှိဘဲ အပျောက်ခန်းဖြင့် ဝယ်ယူသူများနေထိုင်ပါသည်။ လျှောက်ထားသူများမှ အပျောက်ခန်းများနှင့်ပတ်သက်၍ တာဝန်ယူကြောင်း လူဦးရေစာရင်းနှင့်တကွ ဝန်ခံကတိတင်ပြလာပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ၂၀၁၉ ခုနှစ်တွင် (၁၃)ကြိမ်မြောက် EPS-TOPIK ကိုရီးယား အရည်အချင်းစစ်စာမေးပွဲ ကျင်းပရန်မရှိကြောင်း အသိပေးအကြောင်းကြားခြင်း

၁။ HRD-Korea မှ ၂၀၁၉ခုနှစ်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၁၆)နိုင်ငံမှ လုပ်သားခေါ်ယူမှုအောင်မြင်မှုအရေအတွက်ကို ယခင်နှစ်များထက် ထက်ဝက်လျှော့ချခေါ်ယူမည်ဖြစ်ကြောင်း ညှိနှိုင်းအကြောင်းကြားလာပါသည်။

၂။ အဆိုပါညှိနှိုင်းလာချက်အရ မြန်မာနိုင်ငံအတွက် ကုန်ထုတ်လုပ်ငန်း (၅၀၀)ဦး၊ စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်း (၁၀၀၀)ဦး၊ စုစုပေါင်း (၁၅၀၀)ဦးသာ အောင်မြင်မှုခွင့်ပြုပေးထားပါသည်။

၃။ **၂၀၁၉ ခုနှစ်တွင်** ဖြေဆိုမည့်လုပ်သားဦးရေသည် (၄၀၀၀၀)ဦးခန့်ရှိပြီး အောင်မြင်မှုပေးသည့် အရေအတွက်နှင့် နှိုင်းယှဉ်ပါက များစွာကွာဟမှုရှိနေပါ၍ အောင်မြင်မှုပေးမည့်အရေအတွက် တိုးမြှင့်ပေးနိုင်ပါရန် HRD-Korea သို့ စာဖြင့်ညှိနှိုင်းခဲ့ရာ ၂၀၁၈ ခုနှစ်တွင် အောင်မြင်မှုပေးခဲ့သည့် အရေအတွက်သည် ယခင်နှစ်များထက်(၂)ဆတိုးပေးထားခဲ့ကြောင်း ၂၀၁၉ ခုနှစ်၊ လုပ်သားခေါ်ယူမှု quota အတွက် **ကိုရီးယားဘာသာစကားအရည်အချင်းစစ်စာမေးပွဲ အောင်မြင်ထားသည့်** လုပ်သားအရေအတွက် (၉၀၀၀)ဦးကျော်မှာ တန်းစီဇယားတွင် ကျန်ရှိနေသဖြင့် အောင်မြင်မှုအရေအတွက်ကို တိုးမြှင့်မပေးနိုင်ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။

၄။ သို့ဖြစ်၍ စာမေးပွဲကျင်းပမည်ဆိုပါက ဖြေဆိုမည့်လူဦးရေနှင့် နှိုင်းယှဉ်လျှင် အောင်မြင်မှုပေးသည့်အတွက်သည် လွန်စွာနည်းပါးသည့်အပြင် တန်းစီဇယားရှိ အောင်မြင်ပြီးသည့် အလုပ်ခေါ်ယူရန်စောင့်ဆိုင်းနေသည့် လုပ်သားများအရေအတွက် (၉၀၀၀)ဦးကျော် ကျန်ရှိနေသဖြင့် ၂၀၁၉ ခုနှစ်တွင် (၁၃)ကြိမ်မြောက် EPS-TOPIK ကိုရီးယားဘာသာစကား အရည်အချင်းစစ်စာမေးပွဲ ကျင်းပရန် အစီအစဉ်မရှိပါကြောင်း **အသိပေးအပ်ပါသည်။**

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**ဖုန်း ၀၁-၆၅၁၁၉၈၊ ၀၁-၆၆၇၇၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့ မြေတိုင်းရပ်ကွက်အမှတ်-၇/ရွှေနံ့သာအနောက်ရပ်၊ ရွှေနံ့သာရပ်ကွက်၊ မြေဧရိယာ(၀.၀၈၂)ဧက၊ မြေကွက်အမှတ်(ဥ-၁၃၄၂)၊ ဦးစိန်ခိုင်[၉/ဥတသ(နိုင်)၀၀၂၁၄၂]၊ အဖအမည် ဦးအောင်မြတ်၊ အမည်ပေါက်ပါမစ်မြေကွက်ကို ဦးကျော်သန်း [၁၂/ရကန(နိုင်)၁၅၄၄၄၆]အဖအမည် ဦးသိန်းပိုင်မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/ပန်းခင်း၊ (၃)လမ်း၊ ဦးပိုင်အမှတ်(၂၇၅)၊ မြေကွက်အမှတ် (၂၀၁)၊ ပေ (၄၀×၆၀)၊ ဧရိယာ (၀.၀၅၅) ဧကရှိ မြေကွက်အား ဦးကျော်လှိုင်(ဘ)ဦးဖိုးဆိတ် [၉/ပမန(နိုင်)၀၂၂၈၅၂]မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ရေးကော်မတီ၏ လူနေထိုင်ရန်ချထားပေးကြောင်း ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက် (မူရင်း)များတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့ မြေတိုင်းရပ်ကွက်အမှတ်-၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ ဦးဇော်လင်း[၉/ပမန(နိုင်)၂၀၄၉၈၅]၊ အဖအမည် ဦးခွေးကို အမည်ပေါက် ပါမစ်မြေကွက်အမှတ်(ပ-၄၀၉၂)ကို ဒေါ်ပြည့်[၉/ပဗသ(နိုင်)၀၀၃၆၄၉]၊ အဖအမည် ဦးချစ်စံမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိပြုချက်များတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/ပေါင်းလောင်း-၂၊ ဦးပိုင်အမှတ်(-)၊ မြေကွက်အမှတ်(၉၅၄)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးသိန်းအောင် အမည်ပေါက် ပါမစ်မြေကွက်အား ဦးစိုးခိုင်(ဘ)ဦးစိန်ဖေ[၈/ရစက(နိုင်)၁၅၄၆၂၅]မှ ပျဉ်းမနားမြို့မြေတိုးချဲ့ရေးကော်မတီ၏ ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## (၁၅)နှစ်ပြည့် လွမ်းဆွတ်သတိရ အမှျပေးဝေခြင်း

### ဦးကြည်ညွန့်(ချစ်ကြည်ရေး-ကြည်ညွန့်)

**အယ်ဒီတာချုပ်(ငြိမ်း)၊ မြန်မာ့အလင်းသတင်းစာတိုက်**

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန**

- အနန္တကျေးဇူးရှင် ဖေဖေ၏ အေးမြသော မေတ္တာအရိပ် ကွယ်ပျောက်ခဲ့သည်မှာ (၁၁-၄-၂၀၁၉)ရက်တွင် (၁၅)နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။
- ဖေဖေ၏ မိသားစုအပေါ်ထားရှိခဲ့သော မေတ္တာ၊ စေတနာ၊ မုဒိတာတရားများကို ကျန်ရစ်သူ မေမေနှင့်တကွ မိသားစုက လွမ်းဆွတ်သတိရ အောက်မေ့တသလျက်ရှိပါသည်။
- ဖေဖေ့အတွက်ရည်စူး၍ ပြုလုပ်လျက်ရှိသော နေ့စဉ်၊ လစဉ်နှင့် ယနေ့(၁၁-၄-၂၀၁၉)ရက်တွင် မြန်မာ့အလင်းသတင်းစာ၊ မြို့နယ်သတင်းထောက်များလူမှုကူညီရေးအဖွဲ့သို့ အလှူငွေကျပ် (၁၅)သိန်း လှူဒါန်းခဲ့ခြင်းအတွက် ဖေဖေ ရောက်လေရာ ဘုံဘဝ၊ ဘုံဌာနမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေသတည်း။
- မေမေနှင့်တကွ ကျန်ရစ်သူမိသားစုက ဖေဖေ့အတွက်ရည်စူး၍ အစဉ်အမြဲ ပြုလုပ်လှူဒါန်းနေသော ကုသိုလ်ကောင်းမှုအစုစုတို့ကို ဖေဖေရရှိလျက်၊ မင်္ဂလိုလ်ဖွားနိဗ္ဗာန်ကို အချိန်တိုတိုနှင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဖေဖေရေ - အမျှ-အမျှ-အမျှ ယူတော်မူပါ။

(သာဓု-သာဓု-သာဓု)

**ကျန်ရစ်သူ မိခင်ကြီး ဒေါ်ခင်ခင်နုနှင့် သား၊ သမီး၊ မြေးတစ်စု**

---

### ဦးကိုကိုလေး (မြင်းခြံ)

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကမာရွတ်ဘူတာရုံလမ်း၊ အမှတ်(၁/၁၄) နေ (ဦးလုချို-ဒေါ်ကြည်မြင့်)တို့၏သားလတ်၊ ဦးကိုကိုကြီး-(ဒေါ်ခင်ထားထားအေး) တို့၏ညီ၊ ဒေါ်ခင်စောဝင်း၏ မောင်၊ ဦးကိုကိုထွေး-ဒေါက်တာလုလုမြင့်တို့၏ အစ်ကို၊ လဇ္ဇန်မာဂရက်၏ ခင်ပွန်း၊ မစန္ဒာကိုကိုလေး၊ မောင်နန္ဒကိုကိုလေး-မခင်မြဝင်းတို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၀၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၉ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါ မည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးလောင်အုံးစိန်

**အသက် (၁၀၁) နှစ်**

Peace Myanmar Electric Holding Co., Ltd မှ ဒါရိုက်တာအဖွဲ့ဝင် ဦးကျော်လွင်၏ဖခင် ဦးလောင်အုံးစိန်သည် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးစောအောင်(မန်နေဂျင်းဒါရိုက်တာ)နှင့်**
**ဒါရိုက်တာအဖွဲ့ဝင်များ**
**Peace Myanmar Electric Holding Co., Ltd**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးလောင်အုံးစိန်

**အသက် (၁၀၁) နှစ်**

Asia Power Quality Electric Co., Ltd မှ အစုရှယ်ယာရှင် ဦးကျော်လွင်၏ဖခင် ဦးလောင်အုံးစိန်သည် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစောအောင်(မန်နေဂျင်းဒါရိုက်တာ)နှင့်**
**ဒါရိုက်တာအဖွဲ့ဝင်များ**
**Asia Power Quality Electric Co., Ltd**

---

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်းဒါယကာကြီး**

### ဦးကျော်အောင်

**လေ/၆၇၉၆၊ အခ တကကက-ငြိမ်း**

**အသက် (၈၄) နှစ်**

ဗိုလ်မှူးမြင့်စိုး(ငြိမ်း)-ဗိုလ်ကြီးခင်စန်းယု (ငြိမ်း၊ ခေတ္တ-စင်ကာပူ)တို့၏ ဖခင် ဦးကျော်အောင် အသက် (၈၄)နှစ်သည် ၈-၄-၂၀၁၉ (တနင်္လာနေ့) ည ၇း၄၀ နာရီ တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စတသ (၂၆)မှ**
**သူငယ်ချင်းများနှင့် မိသားစုဝင်များ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးသိန်းလှိုင် (BE Mechatronics)

**လက်ထောက်မန်နေဂျာ(Maha Paramount Group Int'l Co., Ltd)**

**အသက် (၃၇) နှစ်**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ ကရဝိတ်(၂)လမ်း၊ အမှတ်(ဆ-၅၂၀/ခ)နေ ဒေါ်စန်းစန်းမော်၏ ချစ်လှစွာသောခင်ပွန်း၊ မသွန်းစုဖြိုး၏ ကျေးဇူးရှင်ဖခင် ဦးသိန်းလှိုင်သည် ၇-၄-၂၀၁၉ ရက် ည ၉း၄၀ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကုမ္ပဏီ BOD ဒါရိုက်တာများနှင့်**
**ဝန်ထမ်းများ**

---

## အနိစ္စ

### ဦးစံရွှေမောင်

**(စစ်တွေ/ရန်ကုန်)**

**B.A (LLB)**

**အကောက်ခွန်ဦးစီးမှူး(ငြိမ်း)**

**ရခိုင်သဟာယအသင်း နာယကကြီး**

**အသက် (၉၃) နှစ်**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ တိုက် (၆၉)၊ အခန်း (၅၀၃)နေ (ဦးသနားအောင်-ဒေါ်ကြာဇံလှ)တို့၏ သား၊ ဒေါ်သူဇာနု၏ ခင်ပွန်း၊ (ဦးမောင်ဖြူ-ဒေါ်ဝင်းဖြူ)၊ (ဦးဘထွန်း)-ဒေါ်အေးမေ၊ (ဒေါ်မသာနှင်း)၊ (ဦးထွန်းအေးခိုင်)၊ ဒေါ်ရွှေမြသိန်း-(ဦးသန်းအောင်)၊ ဒေါ်မဖြူ-ဦးခိုင်သာထွန်း၊ ဒေါ်မသိန်းတင်-ဦးကျော်မင်းတို့၏မောင်/ညီ၊ (ဦးကျော်စိန်-ဒေါ်အောင်မြဦး)၊ (ဦးမောင်သာအောင်-ဒေါ်အောင်မသာ)၊ (ဦးစံရွှေမောင်-ဒေါ်ခင်စောလှ)တို့၏ ညီ/မောင်/အစ်ကို ဦးစံရွှေမောင်သည် ၉-၄-၂၀၁၉ (အင်္ဂါနေ့) ည ၁၀း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးစံရွှေမောင်

**(စစ်တွေ/ရန်ကုန်)**

**B.A (LLB)**

**အကောက်ခွန်ဦးစီးမှူး (ငြိမ်း)**

**ရခိုင်သဟာယအသင်း နာယကကြီး**

**အသက် (၉၃) နှစ်**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ တိုက် (၆၉)၊ အခန်း (၅၀၃)နေ (ဦးသနားအောင်-ဒေါ်ကြာဇံလှ)တို့၏ သား၊ (ဦးအောင်ပန်းခိုင်-ဒေါ်မစော)တို့၏ သားသမက်၊ ဒေါ်သူဇာနု၏ ခင်ပွန်း၊ ဦးဝင်းမောင်-ဒေါ်ခင်မျိုးယဉ်၊ ဦးစံလှမောင်-ဒေါ်ဝေဝေမြင့်၊ ဦးခိုင်အောင်စော-ဒေါ်မီမီစံ၊ ဦးဘမောင်-ဒေါ်သက်ဆွေသိန်း၊ ဦးကျော်ကျော်-ဒေါ်ဝေနှင်းဖြူ၊ ဦးကျော်မင်းဦး-ဒေါ်နီနီစံတို့၏ ဖခင်၊ မသိမ့်သိမ့်သူ၊ မောင်အောင်ကျော်ကျော်မင်း၊ မောင်ခိုင်မြဲလှမောင်၊ မောင်သော်ဇင်ဦး၊ မမောရဏီကျော်မင်း၊ မနှင်းဦးဝတ်ရည်၊ မဆုရတနာ၊ မလင်းသီရိဖြူ၊ မောင်ကျော်စံသာတို့၏ အဘိုးရှင် ဦးစံရွှေမောင်သည် ၉-၄-၂၀၁၉ (အင်္ဂါနေ့) ည ၁၀း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း အမကြီး**

### ဒေါ်တိုးတိုး

**အသက် (၉၁) နှစ်**

ရန်ကုန်မြို့ တိုက်(၁၅)၊ အခန်း(၂၅)၊ ဦးဝိစာရရိပ်သာ၊ ဒဂုံမြို့နယ်နေ [ဗိုလ်မှူး တင်ဦး(ငြိမ်း)]၏ဇနီး၊ ဦးမောင်မောင်စိုး-ဒေါ်အေးအေးချို၊ ဦးမောင်မောင်လတ်-ဒေါ်အေးအေး၊ ဦးတင့်ဝေ-ဒေါ်စမ်းစမ်းဦး၊ ဦးကျော်သူရ-ဒေါ်တင်သက်မာ၊ ဒေါ်လှလှဦး၊ ဦးအောင်မြင့်ဦး-ဒေါ်အုအုရွှေတို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၉-၄-၂၀၁၉ (အင်္ဂါနေ့) ည ၉း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ ဦးဝိစာရရပ်ကွက်၊ တိုက်(၁၅)၊ အခန်း(၂၅)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးထွန်းယဉ်မောင် (ခ) ဦးအသံကြီး

**ကျောက်နီမော် (ကစုကိုင်း)၊ ရမ်းဗြဲမြို့နယ်**

**အသက် (၈၅) နှစ်**

ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်(ကစုကိုင်း)နေ (ဦးစိန်ထွန်းဦး-ဒေါ်မယဉ်ဖြူ) တို့၏သား၊ (ဦးမောင်စိန်အေး-ဒေါ်နုစိန်)တို့၏သားသမက်၊ (ဒေါ်စိန်အေး)၏ ချစ်လှစွာသော ခင်ပွန်း၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံတန်း အဆောင်(၆၁)၊ အခန်း(၂+၃)၊ ကျောက်စိမ်း(၂)လမ်းနေ ဦးသောင်းရွှေ-ဒေါ်ကြည်ကြည်ဝင်း(ရွှေနဒီ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဒေါ်ခင်သောင်းရီ(အထပြ၊ အထက-ကျောက်နီမော်၊ ရမ်းဗြဲမြို့နယ်)၊ ကျောက်ဖြူမြို့နယ်နေ ဦးခင်မောင်သန်း-ဒေါ်မြမြရည် (ကုန်စုံဆိုင်)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ဇွဲပိုင်ထက်(နောက်ဆုံးနှစ် အပိုင်း-ခ၊ ဆေးတက္ကသိုလ်-၂)၊ မမွှေးသီရိမေ(B.C.Sc-YGN)၊ မောင်ပိုင်ဖြိုးလွင် (နောက်ဆုံးနှစ်၊ အပိုင်း-ခ၊ ဆေးတက္ကသိုလ်-၂)၊ မောင်အောင်ဘုန်းဟိန်း (Grade-2၊ အထကခွဲ၊ အလက-၂၊ မြို့မကျောင်း၊ ကျောက်ဖြူမြို့)တို့၏ ချစ်လှစွာသောအဘိုး ဦးထွန်းယဉ်မောင်သည် ၉-၄-၂၀၁၉ (အင်္ဂါနေ့) ည ၄း၃၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးစိုင်းစံဦး (ပင်လုံ)

**လက်ထောက်ဌာနမှူး (ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက် (၇၁) နှစ်**

တောင်ကြီးမြို့နေ (ဦးစံမြ-ဒေါ်စဝ်မြဖူး)တို့၏ သားကြီး၊ ရန်ကုန်မြို့နေ (ဦးတင်ရှိန်)-ဒေါ်ကြည်တို့၏ သားသမက်၊ ဒေါ်နန်းကျင်ကျင်မြ၊ ဒေါက်တာစိုင်းစံဝင်း-ဒေါ်မြင့် မြင့်သန်း၊ (ဦးစိုင်းခမ်းလှ)-ဒေါက်တာတင်တင်ဦးတို့၏ အစ်ကိုကြီး၊ တူ/တူမ သုံးယောက်တို့၏ ဘကြီး၊ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက် (၅၅/၅၆)၊ ပထမထပ်(ဝဲ)နေ ဒေါ်ဆွေဆွေမော်(ဌာနစုမှူး၊ အင်/ယာ၊ အင်ဂျင်နီယာဌာန-အဆောက်အအုံ)၏ ချစ်လှစွာသောခင်ပွန်း၊ မနန်းအိန်ခမ်း (Grade-11/A၊ ညောင်ပင်လေးကိုယ်ပိုင်အထက်တန်းကျောင်း)၏ ချစ်လှစွာသောဖခင် ဦးစိုင်းစံဦးသည် ၁၀-၄-၂၀၁၉ ရက် နံနက် ၈း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဗဟိုစည်နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်အေးအေးသွင်

**ဦးစီးအရာရှိ (ငြိမ်း)၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**အသက် (၆၃) နှစ်**

ရန်ကုန်မြို့ အလုံမြို့နယ်၊ နွယ်နီလမ်း၊ တိုက်(၉)နေ (ဦးသွင်-ဒေါ်ကြည်ကြည်မာ)တို့၏ စတုတ္ထမြောက်သမီး၊ ဒေါ်တင်တင်ညို၊ ဒေါ်မြင့်မြင့်ဝင်း၊ ဦးစိန်သွင်တို့၏ ညီမ၊ ဒေါ်ခင်စန်းဝင်း၊ ဒေါ်တင်တင်နွဲ့၊ ဒေါ်သန်းသန်းနွဲ့တို့၏ အစ်မ၊ ကိုကျော်ဇင်လင်း (ခေတ္တ-နိုင်ငံခြား)-မခင်ငြိမ်းချမ်းဦးတို့၏မိခင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော (၁၉)လမ်း၊ အမှတ်(၁၁၁၀) နေ ဦးအောင်သိန်း (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)၏ဇနီးသည် ၁၀-၄-၂၀၁၉ ရက် နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၉ (အင်္ဂါနေ့) နံနက်တွင် အထက်ပါ မြောက်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### နော်တဘီသား (ခ) မဘုတ်

**အသက် (၅၉) နှစ်**

အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ် (၁၇/ဆ)နေ စောစတီဗင်-(နော်အယ်မလီ)တို့၏သမီး၊ (စော ခလိုက်-နော်မာဂရက်အုန်းပွင့်)တို့၏ သမီးချွေးမ၊ စောဟဲထူး-နော်ဖရီစေးလာထူး၊ (နော်အက်စတာ-စောစိုးစိုးဘမြိုင်)၊ စောဟဲစေး-နော်မားသာတို့၏ညီမ၊ နော်နဲစီ-စောတာမလာဝါးတို့၏ အစ်မ၊ စောဂျနသန်ဖိုးရှိန်၏ ချစ်လှစွာသောဇနီးသည် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၄-၂၀၁၉ (သောကြာနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်မလေး (မာန်အောင်)

**အသက် (၈၄) နှစ်**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေဃ (၁၄)လမ်း၊ အမှတ် (၃၉၈)၊ သုံးလွှာနေ (ဦးထွန်းစိန်-ဒေါ်မရွှေဦး)တို့၏သမီး၊ ဦးမောင်ငယ်၏ ဇနီး၊ ဦးရွှေပြား-ဒေါ်အေးမြင့်(ရွှေသဇင်ရတနာရွှေဆိုင်)၊ ဦးထွန်းရွှေ-ဒေါ်တင်နု၊ (ဦးထွန်းရင်)-ဒေါ်သန်းမြိုင်၊ ဦးထွန်းလှိုင်-ဒေါ်မေယဉ်ယဉ်ရွှေတို့၏ မွေးသမိခင်၊ မောင်ထွန်းလင်းနောင်-မဉမ္မာလွင်၊ မဉမ္မာရွှေ၊ မတင်နီလာထွန်း၊ မစောဝေဝေမိုး၊ မရွှေဇင်ဝင်းထက်၊ မောင်သာမိုးအောင်၊ မမေသဇင်လှိုင်၊ မလှိုင်သီတာထွန်းတို့၏ အဘွား၊ မောင်လင်းခန့်မင်း၏အဖီး ဒေါ်မလေးသည် ၈-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၉ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**မငေး အလယ်ရွာ သံဃပဝါရဏာဂိုဏ်းချုပ်**

### ဘဒ္ဒန္တသုန္ဒရ

**သိက္ခာတော် (၆၉) ဝါ၊ သက်တော် (၈၉) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ မငေးအလယ်ရွာ၊ သာသနဝေပုလ္လ ကျောင်းထိုင် ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တသုန္ဒရသည် (၁၃၈၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်) ၅-၄-၂၀၁၉ (သောကြာနေ့) ညနေ ၅း၂၅ နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက်) ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိစျာပနပူဇာသဘင်ကျင်းပမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးလောင်အုံးစိန်

**အသက် (၁၀၁) နှစ်**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ လမ်း(၅၀)၊ အမှတ်(၁၀၁)နေ ဦးကျော်လွင်(ဒါရိုက်တာအဖွဲ့ဝင်၊ Peace Myanmar Electric Holding Co., Ltd)-ဒေါ်ဖြူမာကျော်၊ ဦးစောလွင်-ဒေါ်ကြူကြူလွင်(စင်ကာပူ)၊ ဦးသက်မိုးဇော်-ဒေါ်စန်းရီမြင့်(စင်ကာပူ)၊ ဒေါ်မြင့်မြင့်လွင်(စင်ကာပူ)-ဦးကျော်ဇင် (စင်ကာပူ)တို့၏ ဖခင်၊ ဒေါ်ချန်ချိုက်ချူး၏ခင်ပွန်း၊ မြေးခုနစ်ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၁၀-၄-၂၀၁၉ ရက် မွန်းလွဲ ၂း၁၄ နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၉(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီ တွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၉(အင်္ဂါနေ့) နံနက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ လမ်း(၅၀)၊ အမှတ်(၁၀၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ရင်ရင်ရွှေ

**အသက် (၈၈) နှစ်**

ရန်ကုန်မြို့နေ (ဦးဘိုကြီး-ဒေါ်အေးဆင်)တို့၏ သမီးကြီး၊ [ဗိုလ်ကြီး ကျော်လှ (ငြိမ်း၊ မော်ကွန်းဝင်ပထမဆင့်)]၏ ဇနီး၊ ဦးမြင့်သန်း၊ (ဒေါ်ဝင်းဝင်းသန်း)၊ ဦးဝင်းကြည်၊ (ဒေါ်ရင်နု)၊ ဦးပြုံး၊ (ဒေါ်ကြင်သန်း)၊ (ဦးမောင်လှ)၊ ဦးရဲမြင့်-ဒေါ်စိုးစိုး၊ ဦးလှမြင့်-ဒေါ်ဝေဝေခင်တို့၏အစ်မကြီး၊ တူ/တူမ ၂၀ ယောက်တို့၏ကြီးတော် ဒေါ်ရင်ရင်ရွှေသည် ၁၀-၄-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဘာဝနာပထမပြန်စာသင်တိုက်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဘာဝနာ ပထမပြန်စာသင်တိုက်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၉ (အင်္ဂါနေ့)တွင် ဘာဝနာပထမပြန်စာသင်တိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးညွန့်လွင်

**စက်မှုဝန်ကြီးဌာန၊ အထည်လိပ်လုပ်ငန်း၊ ဌာနခွဲမှူး-ငြိမ်း**

**Admin Executive, UTW Myanmar Limited, A member firm of EY**

**အသက် (၇၄) နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက်(၁၀)၊ အခန်း(B/5)နေ ဦးအေးမောင်-ဒေါ်ထားရီတို့၏ သား၊ ဦးထွန်းကြည်-ဒေါ်ခင်မြတို့၏ သားသမက်၊ ဒေါ်နုနုအေး-ဦးကျော်မောင်တို့၏ ညီ/မောင်၊ (ဒေါ်စန်းစန်းရီ)၏ ချစ်လှစွာသောခင်ပွန်း၊ မသက်မာလွင်ဦး(CHID Bank)-ဦးအောင်ကျော်ထွန်း၊ ဦးစည်သူလွင်တို့၏ မွေးဖခင်သည် ၉-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ကျောင်းကုန်းမြို့နယ်အသင်း (ရန်ကုန်)**

### ဦးကြည်သိန်း

**အသင်းနာယက၊ သက်ကြီးကန်တော့ခံ**

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ အမှတ်(၈၀)၊ (3/B)၊ ဓမ္မဝိဟာရလမ်းနေ ဒေါ်ခင်စုစုကြည်၏ ဖခင်သည် ၁-၄-၂၀၁၉ ရက် ည ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၉ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/သားများအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

**ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)**

### ဒေါ်ကြည်လှိုင် (၆၉)နှစ်

**ဒေးဒရဲအသင်းဝင်(၁၇၃၇)**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ကုမုဒြာလမ်းနေ ဦးအုန်းမြင့်၏ဇနီး၊ ဦးသန်းလှိုင်-ဒေါ်စန်းဝေ၊ ဦးဇော်ဇော်ဦး-ဒေါ်မိုးကြည်၊ ဦးဇော်နိုင်ထွန်း-ဒေါ်ဇင်မာဦး၊ ဦးမျိုးမျိုး-ဒေါ်သက်သက်မာတို့၏မိခင်၊ အသင်းဝင်ဦးကျင်ရွှေ (စက်မှု/ငြိမ်း)၊ ဒေါ်ကျင်စန်း(ထ-၄၊ လှိုင်)တို့၏ညီမ/အစ်မ၊ မြေး ၁၀ ယောက်တို့၏ အဘွားသည် ၅-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

ဒေးဒရဲအသင်းအမှုဆောင်အဖွဲ့

---

**ရဟန်းဒါယိကာမကြီး**

### ဒေါ်သိန်းသိန်းအေး

**(ကျောက်မြောင်း၊ တာမွေမြို့နယ်)**

**အသက် (၅၄) နှစ်**


ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မလွှကုန်းလမ်း၊ အမှတ်(၃၀)နေ (ဦးတင်ထွန်း)-ဒေါ်ခင်ငွေအောင်တို့၏ သမီးကြီး၊ (ဦးမြမောင်-ဒေါ်တင်ရီ)တို့၏သမီးချွေးမ၊ မအေးငြိမ်းသူ၊ မအေးချမ်းမိုးတို့၏ ကျေးဇူးမွေးသမိခင်၊ ဦးဝင်းညွန့်-ဒေါ်ခိုင်ခိုင်ဝင်း၊ ဦးဇော်ထွန်းအောင်-ဒေါ်သန်းသန်းမော်၊ ဦးသိန်းထွန်းအောင်-ဒေါ်ဖြိုးထွန်းတို့၏အစ်မ ဒေါ်သိန်းသိန်းအေးသည် ၉-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ (ကြာသပတေး နေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၁၀

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က ယနေ့ညနေပိုင်းတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးစဉ်။

ထိုသို့တွေ့ဆုံစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်က တရုတ်-မြန်မာ နှစ်နိုင်ငံသည် ယခင်ကတည်းက ပါတီ၊ အစိုးရ၊ ပြည်သူများနှင့် တပ်မတော်အချင်းချင်း ကျယ်ပြန့်သည့်ဆက်ဆံရေးရှိပြီး တပ်မတော်နှစ်ရပ်အကြားဆက်ဆံရေးသည် ပိုမိုရင်းနှီးကျယ်ပြန့်ကြောင်း၊ မြန်မာနိုင်ငံသည် ပြည်တွင်းပြည်ပ ဖိအားများကို ရင်ဆိုင်ပြီး ခေါင်းဆောင်အသီးသီးက နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့မှုများကြောင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်လာမှုများကို တွေ့မြင်ရပြီး မိမိအနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့်လည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးခဲ့ပြီး နောင်တွင်လည်း ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကာ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား တက်ကြွစွာပူးပေါင်းဆောင်ရွက်ပြီး ပြဿနာများ အတူတကွ ညှိနှိုင်းဖြေရှင်း

**စာမျက်နှာ ၅ ကော်လံ ၁ သို့ »»**

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ တွေ့ဆုံ

**စစ်တွေ မေ ၁၀**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အဖွဲ့ ရခိုင်ပြည်နယ် လွှတ်တော်ရုံးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

12 လစာ ပေးရုံဖြင့် 15 လစာ နေထိုင်နိုင်မည့်အခွင့်အရေး




➤ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ရာရှိ ၂ထပ်လုံးချင်းဆိုင်ခန်းများ၊ ၂ထပ်လုံးချင်းအိမ်များအား ကုမ္ပဏီမှတိုက်ရိုက်ဌားရမ်းပေးနေပါပြီ။

➤ အကျိုးဆောင်ခပေးရန်မလိုပါ၊ အခရေအတွက်ကန့်သတ်ထားပါသည်။



ဖုန်း-၀၉၀၅၃၅၊ ၀၉၀၉၀၈၃၊ ၀၉၁၄၃၀၊ ၀၉-၇၃၁၅၄၄၂၄၊ ၀၉၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၁၁၊ ၂၀၁၉ (ကြာသပတေးနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

# တွေ့ကြုံရသည့် အခက်အခဲများ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားပြီး ရည်မှန်းချက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်။

တွေ့ဆုံမေးမြန်း - နိုင်လင်းကြည်၊ ဓာတ်ပုံ - အောင်ဇော်မျိုး(နယ်စပ်ရေးရာ)

**ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ခဲ့ရသဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်၊ ပြည်မ အကြား အလပ်မရှိရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးရန်ဟူသော မဟာဗျူဟာအရ နယ်စပ်ရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့သည်။**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိရာ ယင်းဆောင်ရွက်ချက်များအနက် နိုင်ငံတော်အစိုးရ၏ တတိယ(၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-

**ဦးရဲနိုင်**
**အမြဲတမ်းအတွင်းဝန်**

**မေး။ နယ်စပ်ရေးရာဝန်ကြီးဌာန အနေနဲ့ ဘယ်လိုမူဝါဒတွေ၊ လုပ်ငန်းတာဝန်တွေကို ချမှတ်ဆောင်ရွက်နေပါသလဲ သိပါရစေ။**

ဖြေ။ ဝန်ကြီးဌာနရဲ့လုပ်ငန်းတွေ အကောင်အထည်ဖော်လျက်ရှိတဲ့ နယ်စပ်ဒေသတွေက တောတောင်ထူထပ်ခြင်းနဲ့ မြစ်ချောင်းတွေပေါများခြင်းတို့ကြောင့် သွားလာရခက်ခဲခြင်း၊ နယ်မြေကျယ်ပြန့်သလောက် လူဦးရေ သိပ်သည်းဆ နည်းပါးခြင်း၊ ဘာသာစကား ဓလေ့ထုံးစံများကွဲပြားခြင်းစတဲ့ ဝိသေသတွေ ရှိပါတယ်။

နယ်စပ်ဒေသတွေမှာ လုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ခေတ်အဆက်ဆက် အစိုးရတွေအနေနဲ့ နယ်စပ်ဒေသတွေရဲ့ ဖွံ့ဖြိုးရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြပေမယ့် အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ခဲ့ရတဲ့အတွက် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်၊ ပြည်မ အကြားအလပ်မရှိအောင် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးဖို့ဆိုတဲ့ မဟာဗျူဟာနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို လက်ရှိမှာ နိုင်ငံတော်ကို ငြိမ်းချမ်းပြီး သာယာဝပြောတဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတစ်ခုဖြစ်လာဖို့ မူဘောင်ချမှတ်ရေးဆွဲထားပြီး အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းကြီးတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)ရဲ့ပန်းတိုင်တွေ၊ မဟာဗျူဟာတွေနဲ့ ကိုက်ညီမှုရှိအောင် ဝန်ကြီးဌာနက ချမှတ်ထားတဲ့ မူဝါဒတွေနဲ့အညီ လုပ်ငန်းစီမံကိန်းတွေကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဝန်ကြီးဌာနက ချမှတ်ထားတဲ့ မူဝါဒ (၄)ရပ်က နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ နယ်စပ်ဒေသရှိတိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေးတို့ပဲ ဖြစ်ပါတယ်။

ဒီလိုမူဝါဒတွေ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ အဓိကလုပ်ငန်း

အထူးကဏ္ဍ [ ခ ] သို့ »»

**ခေတ် အဆက်ဆက် အစိုးရများအနေဖြင့် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ခဲ့ရသဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်၊ ပြည်မ အကြားအလပ်မရှိရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန်ဟူသော မဟာဗျူဟာအရ နယ်စပ်ရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့**



နယ်စပ်ဒေသနှင့် တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ပန်ဆပ်-အိန္ဒိယ မြေလမ်း(၆/၄)မိုင် ဖောက်လုပ်နေမှုကို တွေ့ရစဉ်။

»» အထူးကဏ္ဍ [ က ] မှ

တာဝန်နှစ်ရပ်ဖြစ်တဲ့ နယ်စပ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်ပြီး လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရေးနဲ့ နယ်စပ်ဒေသမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူငယ်တွေရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာရေးတို့ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ဝန်ကြီးဌာနအောက်မှာရှိတဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့ကို ဖွဲ့စည်းထားရှိပြီး လုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ အခြေခံအဆောက်အအုံတွေဖြစ်တဲ့လမ်း/တံတားတွေ တည်ဆောက်တာ၊ သောက်သုံးရေနဲ့ စိုက်ပျိုးရေရရှိရေးဆောင်ရွက်တာ၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေ ဆောင်ရွက်ပေးတဲ့အပြင် လိုအပ်တာတွေ ထောက်ပံ့ပေးခြင်းနဲ့ နယ်စပ်ဒေသတွေ မီးလင်းဖို့အတွက် လျှပ်စစ်မီး၊ ဆိုလာမီးနဲ့ အင်ဂျင်မီးတွေကို ဆောင်ရွက်ပေးနေပါတယ်။ နယ်စပ်ဒေသမှာရှိတဲ့ IDPs တွေ၊ အလင်းဝင်တွေနဲ့ ငြိမ်းချမ်းရေးရယူထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအတွက် စားနပ်ရိက္ခာတွေ ထောက်ပံ့ခြင်းနဲ့ တန်ဖိုးနည်းအိမ်ရာတွေ ဆောက်လုပ်ပေးခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

အဓိကအားဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ နယ်စပ်နဲ့ထိစပ်နေတဲ့ ပြည်နယ် ခုနစ်ခု၊ တိုင်းဒေသကြီးနှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ/တိုင်းခြောက်ခုတို့မှာ လုပ်ငန်းတာဝန်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေတဲ့ မြို့နယ်ပေါင်း ၁၆၇ မြို့နယ်မှာရှိတဲ့ ကျေးရွာပေါင်း ၃၀၀၀၀ ကျော်မှာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေတာဖြစ်ပြီး မြန်မာနိုင်ငံလူဦးရေရဲ့ ၃၇ ရာခိုင်နှုန်းအထိ လွှမ်းခြုံအကောင်အထည်ဖော် ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

တတိယ (၁)နှစ်တာ ကာလအတွင်းမှာ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(၅)နှစ်သင်တန်း အမှတ်စဉ်(၂)မှ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။

မြေလမ်း ၆၀၈ မိုင်၊ ကျောက်လမ်း ၃၁၉ မိုင်၊ ကတ္တရာလမ်း ၄၃ မိုင်၊ ကွန်ကရစ်လမ်း သုံးမိုင်၊ ကွန်ကရစ်ရေကျော် သုံးစင်း၊ မြေထိန်းနံရံ ၁၉ ခု၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ၁၅ မိုင်၊ တံတားကြီး ၁၁ စင်း၊ တံတားလတ် ၄၄ စင်း၊ တံတားငယ် ၁၃၆ စင်း စုစုပေါင်း ၁၉၁ စင်း၊ Box Culvert ၁၈၃ စင်း၊ အခြေခံပညာကျောင်းပေါင်း ၂၉ ကျောင်း၊ ကျန်းမာရေးလုပ်ငန်း လေးခု၊ ရေရရှိရေးလုပ်ငန်းအနေနဲ့ ဆည် သုံးခု၊ စိုက်ပျိုးရေသွယ်ယူခြင်း သုံးမိုင်၊ သောက်သုံးရေ ရရှိရေးလုပ်ငန်း ၃၀၊ ကျေးရွာအရောက် စိမ့်စမ်းရေသွယ်ယူခြင်း ၉၉ မိုင်၊ အဝီစိတွင်း ၃၀၊ မြေသားရေကန် ၁၃၈ ကန်၊ အုတ်ရေကန် ၈၄ ကန်၊ အုတ်စီရေတွင်း သုံးတွင်း၊ ရေတံလျှောက်နဲ့ ဖိုက်ဘာရေတိုင်ကီ အလုံး ၇၀၀ ဆောင်ရွက်ပေးနိုင်ခဲ့သလို လျှပ်စစ်မီးလင်းရေးလုပ်ငန်းအနေနဲ့ ရေအားလျှပ်စစ်လုပ်ငန်း ရှစ်ခု၊ မီးသွယ်တန်းခြင်း ၃၁ မိုင်၊ ဆိုလာမီးလင်းရေး ၁၇၃၅ စုံနဲ့ ထရန်စဖော်မာနှစ်လုံးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ တတိယ (၁)နှစ်တာကာလအတွင်းမှာ ဝန်ကြီးဌာနအနေနဲ့ ထူးထူးခြားခြား ဆောင်ရွက်ပေးခဲ့တဲ့လုပ်ငန်းတွေကို သိပါရစေခင်ဗျာ။**

ဖြေ။ ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးဒေသက ယခင်က ၁၂ ရက်ခန့် လမ်းလျှောက်သွားရတဲ့ဒေသဖြစ်ပြီး စားနပ်ရိက္ခာ နှစ်စဉ်လိုလို ပြတ်တောက်နေတာကြောင့် တပ်မတော်ရဟတ်ယာဉ် အကူအညီနဲ့ ရိက္ခာထောက်ပံ့ပေးနေရတဲ့ ဒေသဖြစ်ပါတယ်။ ဒီဒေသကို နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူပြီး လမ်းဖောက်လုပ်ရေး ဆောင်ရွက်လျက်ရှိရာ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်တက်ရောက်ပြီး လမ်းတစ်ခုလုံးရဲ့ အခက်ခဲဆုံးအပိုင်းဖြစ်တဲ့ မဂွေဇ- ဆန်းလွတ်ချက်တောင်ထိပ်လမ်းပိုင်းကို ဖွင့်လှစ်ခဲ့ပါတယ်။ ဒီလမ်းက စုစုပေါင်း ၆၄ မိုင် ဆောင်ရွက်ရမှာဖြစ်ပြီး ၃၅ မိုင်ကျော်ပြီးစီးနေပြီး ကျန်လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်နေပါတယ်။

လမ်းပိုင်းဖွင့်ပွဲပြီးတဲ့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုပ်ငန်းတွေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်တာတွေကို ထောက်ပံ့ပေးခဲ့ပါတယ်။ လုပ်ငန်းတွေ လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ဖို့ တပ်မတော်ရဟတ်ယာဉ်တွေနဲ့ စက်ယန္တရားတွေကို သယ်ယူပို့ဆောင်ပေးပြီး ခေါင်လန်ဖူးဘက်ကနေ ဖောက်လာနိုင်အောင် တပ်မတော်က ဆောင်ရွက်ပေးပါတယ်။

ဆန်းလွတ်ချက်ကနေ လမ်းကိုဖောက်လုပ်နေသလို ခေါင်လန်ဖူးဘက်ကလည်း ယန္တရားနှစ်စီးနဲ့ စတင်ဖောက်လုပ်နေတဲ့အတွက် လုပ်ငန်းတွေကို အချိန်တိုအတွင်းမှာ အရှိန်အဟုန်နဲ့ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလမ်းဟာ ခေါင်လန်ဖူးဒေသဖွံ့ဖြိုးရေးသာမက လမ်းပြီးသွားတာနဲ့ ခေါင်လန်ဖူးနဲ့ လန်ဆယ်ဒေသ၊ လန်ဆယ်မှ ချီဖွေ၊ ချီဖွေမှတစ်ဆင့် မြစ်ကြီးနားဘက်ကို လမ်းပြန်ဆက်လိုက်ရင် ပူတာအိုဒေသကို လက်ရှိ ဆွမ်ပရာဘွမ်လမ်းဖြစ်သလို တစ်ဖက်ကလည်း မဟာဗျူဟာ လမ်းတစ်လမ်း အသစ်ထပ်ပေါ်လာမှာဖြစ်တဲ့အတွက် အင်မတန်အရေးပါတဲ့ လမ်းတစ်လမ်းဖြစ်တယ်လို့ တင်ပြချင်ပါတယ်။

အလားတူ ပူတာအိုခရိုင်အတွင်းမှာ ပန်နန်းဒင်-ဒဟွမ်ဒမ်းလမ်း ဖောက်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်နေပါတယ်။ ဒဟွမ်ဒမ်းဆိုတာက မြန်မာပြည်မြောက်ဖျားမှာရှိတဲ့ ခါကာဘိုရာဇီတောင်ခြေက ကျေးရွာဖြစ်ပါတယ်။ ခါကာဘိုရာဇီ အမျိုးသားသဘာဝဥယျာဉ်သွားတဲ့လမ်း မရှိသေးပါဘူး။ ဒီလမ်းကို ဝန်ကြီးဌာနက တာဝန်ယူပြီး စတင်ဖောက်လုပ်နေပြီဖြစ်ပါတယ်။

လမ်းပေါက်သွားပါက ဒီဒေသမှာရှိတဲ့ ကျေးရွာတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို တစ်ဖက်ကလည်း ရောဝတီမြစ်ရဲ့ ရေဝေရေလဲ ဒေသဖြစ်တဲ့အတွက် Biodiversity အရ ဇီဝမျိုးစုံမျိုးကွဲ အလွန်ပေါကြွယ်ဝပြီး ရေခဲတောင်တွေက တစ်နှစ်ပတ်လုံးဖုံးလွှမ်းနေပြီး ထူးခြားတဲ့ ဂေဟစနစ်ရှိတာကြောင့် ခရီးသွားလုပ်ငန်းကို အထောက်အကူပြုလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းကို ယခုနှစ်အတွင်း မြေလမ်း ၁၆ မိုင်အထိ ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်းကို ဆက်သွယ်မယ့် လမ်းဖောက်လုပ်နေမှုကို ရှင်းပြပေးပါဦး ခင်ဗျာ။**

ဖြေ။ ရှမ်းပြည်နယ် တောင်ပိုင်းနဲ့ မြောက်ပိုင်း အဓိက ဆက်သွယ်ပေးမယ့်လမ်းက ရပ်စောက်မြို့နယ် ကျောက်ဂူဒေသကနေ သီပေါမြို့နယ် နမ့်လန်ကို ဆက်သွယ်မယ့်လမ်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း ကျောက်ဂူကနေ သဘာဝတံတားအထိ ၃၅ မိုင်ရှိပြီး သဘာဝတံတားကနေ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါအထိ ၅၄ မိုင်ရှိတဲ့အတွက် ဒီလမ်းဟာ စုစုပေါင်း ၈၉ မိုင်ခန့် အကြမ်းဖျင်းရှည်လျားပါတယ်။

ရှမ်းပြည်နယ် မြောက်ပိုင်းလမ်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်နေပြီး ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိလမ်းကို နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေပါတယ်။ ဒီလမ်းပြီးသွားရင် ကုန်စည်စီးဆင်းမှုမှာ များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။ ယခုဆိုရင် ရှမ်းပြည်နယ် မြောက်ပိုင်းက ကုန်ပစ္စည်းတွေဟာ ဂုတ်တွင်းကိုဖြတ်ပြီး သွားနေရပါတယ်။ ဒီလမ်းပြီးသွားရင် ဂုတ်တွင်းကိုဝင်စရာမလိုဘဲ သီပေါကိုဖြတ်ပြီး တောင်ကြီးဘက်ကို ရောက်လာနိုင်တာဖြစ်လို့ နောင်တစ်ချိန်မှာ မဟာဗျူဟာအရ ကုန်စည်စီးဆင်းမှုကို များစွာအထောက်အကူပြုမယ့် လမ်း ဖြစ်ပါတယ်။

**မေး။ ကယားပြည်နယ်အတွင်း ရေရရှိရေးလုပ်ငန်းဆောင်ရွက်ခဲ့မှုကို သိပါရစေခင်ဗျာ။**

ဖြေ။ ကယားပြည်နယ် ပန်ပက်ဒေသ ရေရရှိရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ငန်းဆောင်ရွက်ရာမှာ ထူးခြားတဲ့ဖြစ်စဉ်တွေ ရှိပါတယ်။ ဒေသရဲ့ သဘာဝအရ

အထူးကဏ္ဍ [ ဂ ] သို့ »»



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ဆောင်းပြောင်း-လုံးပျဉ်-ကောက်မဲသင်း ကတ္တရာလမ်း(၃/၀)မိုင်ကို တွေ့ရစဉ်။



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများ မဂွေဇ-ဆန်းလွတ်ချက်တောင်ထိပ်(၃၃/၆)မိုင်လမ်းပိုင်း ဖွင့်လှစ်ပေးစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

မြေအောက်ပေ ၁၀၀ အနက်က မြေအောက်ချောင်းကနေ ရေကိုစုပ်ယူပြီး ရေစုကန်တွေကို တောင်ထိပ်တွေမှာ အဆင့်ဆင့်ထားပြီး စက်တွေနဲ့ တွန်းပို့ပြီးမှ ဧရိယာစတုရန်းမိုင် ၅၀ အတွင်းမှာရှိတဲ့ ကျေးရွာပေါင်း ၁၇ ရွာကို အဆင့်ဆင့် ရေပေးဝေနိုင်ခဲ့တာဖြစ်ပါတယ်။

ဒီလိုပေးဝေနိုင်ဖို့အတွက် စုစုပေါင်းပင်မရေပိုက်လိုင်း ၁၃ မိုင် ၅ ဖာလုံကို ရေသွယ်တန်းပြီး ရေကန်ပေါင်း ၃၈ ကန်ကိုတည်ဆောက်ခဲ့တဲ့အပြင် 100 KVA နဲ့ 50 KVA ထရန်စဖော်မာထိုင်ပြီး ရေကန်တွေကို အဆင့်ဆင့်ရေစက်တွေနဲ့တွန်းတင်ပြီးမှ ကျေးရွာတွေကို ရေပေးဝေခဲ့တဲ့အတွက် ဒေသကို အကျိုးပြုစေခဲ့တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။

**မေး။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို သိပါရစေခင်ဗျာ။**

ဖြေ။ ဒီကာလအတွင်းမှာ ထူးထူးခြားခြားဆောင်ရွက်နိုင်ခဲ့တာက နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းနဲ့ ပူးပေါင်းပြီး ရှမ်းပြည်နယ်ထဲမှာ စေတနာအဖွဲ့၊ ရခိုင်ပြည်နယ်ထဲမှာ BAJ (Bridge Asia Japan)အဖွဲ့တို့နဲ့ ပူးပေါင်းပြီး စာသင်ကျောင်းတွေ ဆောက်လုပ်ပေးတာဖြစ်ပါတယ်။


ပညာရေးဝန်ကြီးဌာနရဲ့ အမြင်အားဖြင့် တင့်တယ်မှုမရှိတဲ့ စာသင်ကျောင်းတွေကို ပြန်လည်ပြင်ဆင်ပေးတဲ့ စီမံကိန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ ကျောင်း ၁၀၀၊ ရခိုင်ပြည်နယ်အတွင်းမှာ ကျောင်း ၁၀၀ စုစုပေါင်းကျောင်း ၂၀၀ ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး နောက်ထပ်ကျောင်း ၁၀၀ ကို အသေးစားပြင်ဆင်ခြင်းတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ တစ်ဆက်တည်း ရခိုင်ပြည်နယ်ထဲမှာ မုန်တိုင်းဒဏ်ခံနိုင်တဲ့ Cyclone Shelter စာသင်ကျောင်းတွေကိုပါ ထည့်သွင်းပြီး တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ဝန်ကြီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုအပေါ်မှာ တွေ့ကြုံရတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို သိပါရစေခင်ဗျာ။**

ဖြေ။ ဝန်ကြီးဌာနရဲ့လုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ တွေ့ကြုံရတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ရဲ့လုပ်ငန်းတွေဟာ အရည်အသွေး အားနည်းမှုရှိတယ်ဆိုတဲ့ သုံးသပ်မှုတွေ၊ ပြောကြားမှုတွေကို ပြန်ပြီးကြားသိရပါတယ်။

ကျွန်တော်တို့ ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေဟာ နယ်မြေဒေသ အခြေအနေအရ ဝေးလံခေါင်ဖျားပြီး အင်မတန်မှ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ နယ်စပ်ဒေသတွေက တိုင်းရင်းသားတွေအတွက် တစ်ရွာနဲ့တစ်ရွာ၊ ဒေသတစ်ခုနဲ့တစ်ခု အဆက်အသွယ်ပြတ်ပြီး ကူးလူးဆက်ဆံမှုမရှိတဲ့ အနေအထားကို ကုစားဖြည့်ဆည်းပေးရင်းနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အထောက်အကူပြုနိုင်ဖို့၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အားဖြည့်ပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကနဦးရှေ့ပြေးသဘောဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါမှာ ရရှိတဲ့ဘဏ္ဍာငွေအပေါ်မှာ မူတည်ပြီး ဆောင်ရွက်ရတာဖြစ်တဲ့အတွက် လုပ်ငန်းတွေဟာ တခြားသော Commercial Road တန် ၆၀ လောက် ခံနိုင်တဲ့ စီးပွားဖြစ်လမ်းကြီးတွေထက်စာရင် ကျွန်တော်တို့ရဲ့ လမ်းလေးတွေဟာ ဒေသတွင်းကုန်ထုတ်လမ်းကိုသာ ရည်ရွယ်ပြီး ၁၃ တန် ကားလေးတွေ သွားလို့ရအောင်၊ တစ်ရွာနဲ့တစ်ရွာ ဆက်သွယ်လို့ရအောင် ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ငွေကုန်ကြေးကျများတဲ့ လမ်းတွေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ကျွန်တော်တို့ရဲ့လမ်းတွေဟာ အရည်အသွေးနည်းပါးမှာ ဖြစ်ပါတယ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဂွေဇ-ခေါင်လန်ဖူးလမ်းအား ကြည့်ရှုစစ်ဆေးစဉ်။

သို့သော် ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကိုက နည်းနည်းနဲ့ ကျဲကျဲဝိုင်းရတဲ့ အနေအထားနဲ့ ၁၃ တန်လောက် ခံနိုင်တဲ့လမ်း၊ ဒေသအတွင်းမှာ ဆက်သွယ်မှုမပြတ်တောက်အောင်၊ ဒေသတွင်း ကုန်ထုတ်လမ်းအဖြစ်သုံးလို့ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်တာဖြစ်တဲ့အတွက်ကြောင့် ရန်ပုံငွေကလည်း အတိုင်းအတာတစ်ခုအထိပဲ သုံးစွဲဆောင်ရွက်တာ ဖြစ်ပါတယ်။

တကယ်လို့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတစ်ခုဟာ ဒေသအတွက် အရေးပါလာတယ်၊ နိုင်ငံတော်အတွက် အရေးပါလာတယ်ဆိုရင် Commercial အဆင့်ဖြစ်အောင် သက်ဆိုင်ရာဝန်ကြီးဌာနတွေက အဆင့်မြှင့်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လုပ်ငန်းတွေဟာ နှိုင်းယှဉ်မယ်ဆိုရင် အနည်းငယ် အရည်အသွေးကျတယ်ဆိုတာကို ပြန်ကြားရတဲ့အတွက် ဒါကိုတွေ့ကြုံရတဲ့ အခက်အခဲတစ်ခုအနေနဲ့ တင်ပြလိုပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ လုပ်ငန်းဆောင်ရွက်ရတဲ့ ဒေသတွေဟာ ဝေးလံခေါင်ဖျားပြီး သွားရေးလာရေး အင်မတန်မှ ခက်ခဲပါတယ်။ ကျွန်တော်တို့အနေနဲ့ သတ်မှတ်ကာလအတွင်း တော်တော်လေး ဘောင်ဝင်အောင် ကြိုးပမ်းပြီးဆောင်ရွက်ရပါတယ်။ နယ်စပ်ဒေသဆိုတာက မိုးများတဲ့ ဒေသတွေဖြစ်ပါတယ်။

ခေါင်လန်ဖူးလမ်း ဆောင်ရွက်တဲ့အခါမှာ ဖေဖော်ဝါရီလလောက်ကတည်းက စပြီး တောက်လျှောက် မိုးရွာနေပါတယ်။ အလုပ်လုပ်ရတဲ့အချိန်က နိုဝင်ဘာ၊ ဒီဇင်ဘာနဲ့ ဇန်နဝါရီ သုံးလလောက်ပဲ တစ်နှစ်မှာ ရှိပါတယ်။ ကျန်တဲ့အချိန်တွေက မိုးနဲ့လုပ်ပြီး လုပ်နေရတာဖြစ်တဲ့အတွက် တည်ဆောက်ရေးကာလ သတ်မှတ်ချက်မှာ အခက်အခဲရှိပါတယ်။ ဘာပဲဖြစ်ဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနက တွေ့ကြုံရတဲ့ အခက်အခဲ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားပြီး ရည်မှန်းချက်တွေ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါဦးခင်ဗျာ။**

ဖြေ။ ဝန်ကြီးဌာနက ဆောင်ရွက်ပေးနေတဲ့ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားလူငယ်လူရွယ်တွေရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေဟာ လက်ရှိတည်ဆောက်နေတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံဖြစ်ရေးမှာ အဓိကကျတဲ့ လုပ်ငန်းစဉ်တစ်ခုအဖြစ် ပါဝင်နေပါတယ်။

နယ်စပ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်လာမှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတွေ၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေးတွေဟာ ကျွဲကူးရေပါဆိုသလို တစ်ပေါင်းတည်း ပါဝင်လာမှာဖြစ်ပြီး အစိုးရအဆက်ဆက်က ဒီတာဝန်တွေကို ဆောင်ရွက်ခဲ့ကြပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ထင်သလောက် ခရီးမပေါက်သေးတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဆက်လက်ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါမှာ နိုင်ငံတော်အစိုးရတစ်ခုတည်း ဆောင်ရွက်နေပါစေ ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုမရှိရင် လုပ်ငန်းတွေ အောင်မြင်မှာ မဟုတ်ပါဘူး။ နိုင်ငံတော်အတွက် ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေမှာ နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေသလို ပြည်သူလူထုကလည်း ပူးပေါင်းဆောင်ရွက်သွားပါလို့ အကြံပြုတိုက်တွန်းချင်ပါတယ်။

**ဦးသိန်းဌေးဦး(ညွှန်ကြားရေးမှူးချုပ်)**
**ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန**

**မေး။ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဖွင့်လှစ်ဖြစ်ခဲ့တဲ့ ရည်ရွယ်ချက်ကို ရှင်းပြပေးပါဦး။**

ဖြေ။ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကို နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်လူရွယ်တွေအတွက် အခြေခံ၊ အဆင့်မြင့်ပညာရပ်တွေနဲ့ အသက်မွေးဝမ်းကျောင်း

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ဂ ] မှ



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(တီးတိန်)အား ကြည့်ရှုစစ်ဆေးစဉ်။

ပညာရပ်တွေ သင်ကြားပေးပြီး လူ့စွမ်းအားအရင်းအမြစ်နဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဆိုတဲ့ ရည်ရွယ်ချက်နှစ်ရပ်နဲ့ ၁၉၉၉ ခုနှစ် ဇွန်လ ၃၀ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှာ ရုံးချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ရန်ကုန်နဲ့ စစ်ကိုင်း၊ ဗဟိုလေ့ကျင့်ရေးကျောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ရုံး ကိုးရုံး၊ ခရိုင်ရုံး ကိုးရုံး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ကိုးကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၅၀ နဲ့ ဖွဲ့စည်းထားပါတယ်။

**မေး။ နယ်စပ်ဒေသ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍနဲ့ သက်မွေးပညာကဏ္ဍဆိုပြီး ကဏ္ဍ သုံးရပ်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို သိပါရစေခင်ဗျာ။**

ဖြေ။ အခြေခံပညာကဏ္ဍမှာ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်း ဖွင့်လှစ်ထားပြီး တတိယ (၁) နှစ်တာကာလမှာ ဆိုက်ခေါင်သင်တန်းကျောင်း တစ်ကျောင်းကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အဲဒီသင်တန်းကျောင်းတွေမှာ ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိတဲ့ နယ်စပ်ဒေသက မိဘမဲ့၊ မိမဲ့၊ ဖမဲ့ ဆင်းရဲနွမ်းပါးလူငယ်တွေကို ငါးတန်းကနေ ၁၀ တန်းအထိ နေထိုင်စားသောက်ရေးနဲ့ ပညာသင်ကြားရေးကို တာဝန်ယူပြီး အခမဲ့တက်ရောက်သင်ကြားစေခဲ့ရာမှာ ယနေ့အထိ စုစုပေါင်း ကျောင်းသား ကျောင်းသူဦးရေ ၂၉၄၇၀ တက်ရောက်ခဲ့ပြီး အဲဒီအထဲကမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူတွေ ၂၃၆၇ ဦးကို တက္ကသိုလ်အသီးသီးမှာ အဆင့်မြင့်ပညာရပ်တွေ ဆက်လက်သင်ကြားပေးနိုင်ခဲ့ပါတယ်။

ယခု ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွင်း လူငယ်သင်တန်းကျောင်း ၄၅ ကျောင်းမှာ ကျောင်းသားကျောင်းသူ ၆၆၇၉ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။ ဒုတိယကဏ္ဍဖြစ်တဲ့ အဆင့်မြင့်ပညာကဏ္ဍမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တစ်ကျောင်း၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ကျောင်းနဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း တစ်ကျောင်းတို့ ပါဝင်ပါတယ်။

**မေး။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ရဲ့ အကျိုးပြုမှုတွေကို သိပါရစေခင်ဗျာ။**

ဖြေ။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို နယ်စပ်ဒေသတွေမှာရှိတဲ့ အခြေခံပညာကျောင်းတွေမှာ လူမျိုးတူ၊ ဘာသာစကားတူတဲ့ တိုင်းရင်းသားပညာရေးဝန်ထမ်းကောင်းတွေ ဖြည့်တင်းပေးနိုင်ဖို့ ရည်ရွယ်ပြီး ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။ ကျောင်းဆင်းတွေကို B.Ed ပညာရေးဘွဲ့ အပ်နှင်းပေးပြီး အရည်အချင်းပြည့်မီသူတွေကို မဟာပညာရေးဘွဲ့နဲ့ ပါရဂူဘွဲ့သင်တန်းတွေ ဆက်လက်တက်ရောက် သင်ကြားစေပါတယ်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် စတင်ဖွင့်လှစ်ခဲ့တဲ့ ၁၉၆၄ ခုနှစ်ကနေ ယနေ့အထိ စုစုပေါင်း ၁၃၃၀၄ ဦး မွေးထုတ်ပေးခဲ့ပြီး တတိယ(၁) နှစ်တာကာလအတွင်း ပညာရေးဘွဲ့ ၁၆၅ ဦး၊ မဟာပညာရေးဘွဲ့ ၁၁ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ကျောင်းဆင်းပြီး သင်တန်းသားသင်တန်းသူတွေကို ပညာရေးဝန်ကြီးဌာနမှာ အထက်တန်းပြရာထူးနဲ့ ဆရာ၊ ဆရာမတွေအဖြစ် ခန့်အပ်ပေးပြီး တိုင်းရင်းသားလူမျိုးအလိုက် သက်ဆိုင်ရာ ဒေသတွေမှာပဲ ပြန်လည်တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း ဖွံ့ဖြိုးရေးတက္ကသိုလ်မှာ ပညာရေးဘွဲ့ ၅ နှစ်သင်တန်း ပထမနှစ်ကနေ ပဉ္စမနှစ်အထိ ၁၆၂၉ ဦး၊ မဟာပညာရေးဘွဲ့(၂)နှစ်သင်တန်း ၂၅ ဦး စုစုပေါင်း ၁၆၅၄ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ရန်ကုန်နဲ့ စစ်ကိုင်းကို နယ်စပ်ဒေသက တိုင်းရင်းသားလူငယ်တွေ ဘွဲ့ရပညာတတ်ဖြစ်လာပြီး မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် ရည်ရွယ်ဖွင့်လှစ်ထားခြင်း ဖြစ်ပါတယ်။

ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ အေဂျီတီအိုင်ဒီပလိုမာနဲ့ အင်ဂျင်နီယာနည်းပညာဘွဲ့တွေ ပေးအပ်ချီးမြှင့်ပြီး အလုပ်ပါ တစ်ပါတည်းခန့်အပ်ပေးပါတယ်။ ဒီနေ့အထိ ဝန်ကြီးဌာန ၁၅ ခုနဲ့ တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တွေက နိုင်ငံ့ဝန်ထမ်းတွေအဖြစ်နဲ့ ၎င်းတို့ရဲ့သက်ဆိုင်ရာဒေသတွေမှာ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ယနေ့အထိ သင်တန်းဆင်းကျောင်းသားဦးရေ ၃၈၇၀ မွေးထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ကျောင်းဆင်း ကျောင်းသားတွေအနက် အရည်အချင်းပြည့်မီသူတွေကို ပါရဂူဘွဲ့၊ မဟာဘွဲ့တွေကို ဆက်လက်တက်ရောက်သင်ယူစေခဲ့ပါတယ်။ ယနေ့အထိ ဒီဂရီကောလိပ် ကျောင်းဆင်း ကျောင်းသားတွေထဲက ပါရဂူဘွဲ့ ၃၂ ဦး၊ မဟာသုတေသနဘွဲ့ ၆၇ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၆၉ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၇၇ ဦး၊ မဟာအင်ဂျင်နီယာဘွဲ့ ၅၇ ဦးနဲ့ အင်ဂျင်နီယာဘွဲ့ ၁၉၉ ဦး စုစုပေါင်း ၆၀၁ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြီးခဲ့တဲ့ ပညာသင်နှစ် ဒီဂရီကောလိပ် နှစ်ခုတို့မှာ ပထမနှစ်ကနေ စတုတ္ထနှစ်ထိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၃၂၅ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိပါတယ်။

ဝန်ကြီးဌာနက ဝန်ထမ်းတွေ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေဖို့အတွက် ဗဟိုလေ့ကျင့်ရေးကျောင်းကို ရန်ကုန်မြို့ မြောက်ဒဂုံမှာ ဖွင့်လှစ်ထားပြီး ခေါင်းဆောင်မှု စွမ်းရည်မြှင့်တင်ရေးသင်တန်း၊ စီမံခန့်ခွဲရေးသင်တန်း၊ စာရေးဝန်ထမ်းသင်တန်း၊ စက်ကြီး ပန်းထိုးသင်တန်း၊ အဆင့်မြင့်စက်ချုပ်နည်းပြသင်တန်းနဲ့ ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းတွေကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ဝန်ကြီးဌာနက ဝန်ထမ်းတွေအပြင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့တွေနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က ဝန်ထမ်းတွေပါ တက်ရောက် သင်ကြားလျက်ရှိပါတယ်။

ယနေ့အထိ သင်တန်းသား သင်တန်းသူ ဦးရေ ၁၄၇၄၀ လေ့ကျင့်ပေးနိုင်ခဲ့ပြီး တတိယ (၁)နှစ်တာကာလအတွင်း သင်တန်း ရှစ်မျိုးကို နှစ်ကြိမ် ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသားသင်တန်းသူ ၅၇၀ ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါတယ်။

**မေး။ သက်မွေးပညာကဏ္ဍ ဆောင်ရွက်မှုတွေကို သိပါရစေခင်ဗျာ။**

ဖြေ။ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားလူငယ်တွေကို စက်မှုလက်မှုပညာရပ်တွေ တတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေရရှိခြင်းဖြင့် ဝင်ငွေတိုးတက်ပြီး လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ဖို့ ရည်ရွယ်ချက်နဲ့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှု သက်မွေးပညာသင်တန်းကျောင်း ကိုးကျောင်း ဖွင့်လှစ်ထားပါတယ်။

အဲဒီသင်တန်းကျောင်းတွေမှာ လက်ကိုင်ဖုန်းပြုပြင်နည်း၊ ဆိုင်ကယ်ပြုပြင်နည်း၊ အခြေခံစက်ပြင်၊ မော်တော်ယာဉ်စက်ပြင်၊ ဆောက်လုပ်ရေးအခြေခံ၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း၊ လျှပ်စစ်၊ စတီး၊ အလူမီနီယံဂဟေသင်တန်းတွေ ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသား ၅၁၅၉ ဦး မွေးထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တတိယ(၁)နှစ်တာကာလအတွင်း (၆)လသင်တန်း နှစ်ကြိမ်ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းသား ၇၁၁ ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။

တိုင်းရင်းသူ အမျိုးသမီးငယ်တွေကို အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာရပ်တွေ သင်ကြားပေးကာ အလုပ်အကိုင် အခွင့်အလမ်းတွေရရှိစေဖို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၄၅ ကျောင်းကို ဖွင့်လှစ်ပြီး အခြေခံအိမ်တွင်းမှု သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်းတွေနဲ့ ခေတ်မီမော်တာအထည်ချုပ်သင်တန်းတွေကို သင်ကြားပေးပါတယ်။

ပခုက္ကူနဲ့ ပုသိမ် အိမ်တွင်းမှုသင်တန်းကျောင်းတို့မှာ အိမ်တွင်းမှုသင်တန်းများအပြင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းတွေဖြစ်တဲ့ ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်သင်တန်း၊ အဖျော်ယမကာနဲ့ အစားအစာဝန်ဆောင်မှုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးပြီး ဟိုတယ်တွေမှာ ဝန်ထမ်းအဖြစ် အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးနေပါတယ်။ ၁၉၉၂ ခုနှစ်ကနေ ယနေ့အထိ အိမ်တွင်းမှု သက်မွေးပညာ သင်တန်းကျောင်းတွေက သင်တန်းသား သင်တန်းသူ ၈၆၅၆၀ ကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး တတိယ (၁) နှစ်တာ ကာလအတွင်း အိမ်တွင်းမှုသင်တန်းကျောင်း ၄၅ ကျောင်းမှာ သင်တန်းသား သင်တန်းသူ ၆၀၁၀ ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါတယ်။

**မေး။ အလုပ်အကိုင် အခွင့်အလမ်းရှာဖွေပေးနိုင်မှုကို သိပါရစေခင်ဗျာ။**

ဖြေ။ အခြေခံ၊ အဆင့်မြင့်ပညာရပ်တွေနဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ သင်ကြားပေးရုံသာမက ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းပြီး သင်တန်းသား သင်တန်းသူ ၁၃၃၀၄ ဦးကို ပညာရေးဝန်ကြီးဌာနမှာ အထက်တန်းပြ ဆရာ ဆရာမတွေအဖြစ် အလုပ်ခန့်အပ်ပေးခဲ့ပါတယ်။ ဒီဂရီကောလိပ် ရန်ကုန်နဲ့ စစ်ကိုင်းကျောင်းဆင်းပြီး ကျောင်းသား ၃၈၇၀ ကို ဝန်ကြီးဌာန ၁၅ ခုနဲ့ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့တွေမှာ နိုင်ငံ့ဝန်ထမ်းတွေအဖြစ် အလုပ်ခန့်အပ်တာဝန်ပေးနိုင်ခဲ့ပါတယ်။

စက်မှုလက်မှုပညာသင်တန်းကျောင်းတွေက အောင်မြင်ပြီးသူတွေအနက် ၁၃၇၈ ဦးကိုဆောက်လုပ်ရေးကုမ္ပဏီတွေ၊ ကားဆားဗစ်စင်တာတွေ၊ ဆိုင်ကယ်ပြုပြင်ရေးဆိုင်တွေ၊ ဂဟေအလုပ်ရုံတွေနဲ့ ပြင်ပလျှပ်စစ်မီးသွယ်တန်းရေးအဖွဲ့တွေမှာ အလုပ်လုပ်ကိုင်လျက်ရှိပါတယ်။

အိမ်တွင်းမှုသင်တန်းကျောင်းတွေက အောင်မြင်ပြီးသူ ၂၁၉၅၅ ဦးကို တတ်မြောက်ထားတဲ့ အိမ်တွင်းမှုပညာရပ်တွေနဲ့ အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြောင်း စစ်တမ်းကောက်ယူရရှိထားပါတယ်။ အခြေခံအိမ်တွင်းမှုနဲ့ အဆင့်မြင့်စက်ချုပ်သင်တန်း အောင်မြင်ပြီးသူတွေကို ဗဟိုလေ့ကျင့်ရေးကျောင်းမှာ ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း တက်ရောက်စေပြီး အောင်မြင်ပြီးသူ ၂၅၄၄ ဦးကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမား အသိအမှတ်ပြုလက်မှတ်တွေပေးအပ်ပြီး ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံ ၂၉ ရုံမှာ ဝန်ထမ်းအဖြစ် အလုပ်ခန့်အပ်ပေးနိုင်ခဲ့ပါတယ်။

ပခုက္ကူနဲ့ ပုသိမ် အိမ်တွင်းမှုသင်တန်းကျောင်းတို့မှ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်း ၃၈၇ ဦးကို ဟိုတယ်ဝန်ထမ်းတွေအဖြစ် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေနဲ့ ဝန်ကြီးဌာနရဲ့လမ်းညွှန်မှုတွေခံယူပြီး မူလရည်ရွယ်ချက် နှစ်ရပ်အတိုင်း နယ်စပ်ဒေသက တိုင်းရင်းသားလူငယ်တွေကို လူ့စွမ်းအား အရင်းအမြစ်နဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ဆက်လက်အောင်မြင်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ■




## မိတ္ထီလာသင်္ကြန် ယိမ်းအကပြိုင်ပွဲတွင် ယိမ်းအဖွဲ့ ၁၃ ဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်

**မိတ္ထီလာ မေ ၁၀**

မိတ္ထီလာ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် သင်္ကြန်ယိမ်းအကပြိုင်ပွဲ ကို နှစ်စဉ်ကျင်းပမြဲအတိုင်း စည်ကားသိုက်မြိုက်စွာ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် သင်္ကြန်ယိမ်းအဖွဲ့ ၁၃ ဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

"မိတ္ထီလာမြို့ပေါ်ရပ်ကွက်များဖြစ်တဲ့ မြို့မ၊ ရတနာမာရ်၊ အရှေ့ပြင်ဈေး၊ နန်းတော်ကုန်း၊ ချည်စက်၊ အောင်ဇေယျာ၊ ကျီတော်ကုန်း ၊ ရန်မျိုးအောင်၊ ဝန်ဇင်း ၊ ပြည်သာယာ(တ+မ)၊ အောင်ဆန်း၊ ပေါက်ချောင်း ရပ်ကွက် ၁၂ ခုက ယိမ်းအဖွဲ့ ၁၂ ဖွဲ့နဲ့ တောမကျေးရွာအုပ်စုကိုယ်စားပြု ချောက်ပင်ကျေးရွာ ယိမ်းအဖွဲ့ စုစုပေါင်းပြိုင်ပွဲဝင် အဖွဲ့ ၁၃ ဖွဲ့ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ယိမ်းအကပြိုင်ပွဲဝင် အဖွဲ့တွေထဲက ဆုရရှိတဲ့ပြိုင်ပွဲဝင် ယိမ်းအဖွဲ့တွေကို ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ် လေးသိန်း၊ တတိယဆု ငွေကျပ်သုံးသိန်းနဲ့ ဆုမရရှိတဲ့ ယိမ်းအဖွဲ့တွေကို နှစ်သိမ့်ဆု ငွေကျပ် ၁၅၀၀၀၀ စီ ပေးအပ်ချီးမြှင့်သွားမှာဖြစ်ပါတယ်" ဟု သင်္ကြန်ယိမ်းအကပြိုင်ပွဲ ကျင်းပနိုင်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က ပြောသည်။

"သင်္ကြန်ယိမ်းအကပြိုင်ပွဲမှာ တောမကျေးရွာအုပ်စုကိုယ်စားပြု ချောက်ပင်ကျေးရွာမှ သင်္ကြန်ယိမ်းအဖွဲ့က ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ သင်္ကြန်ယိမ်းအကပြိုင်ပွဲမှာ ပထမဆု ရချင်ပါတယ်။ ဒါကြောင့် သင်္ကြန်ယိမ်းအကပြိုင်မယ့် အမျိုးသမီးငယ်များကို သင်္ကြန်ယိမ်းအက နည်းပြဆရာမနဲ့ ယိမ်းအက သင်ကြားလေ့ကျင့်တာမျိုး ပြင်ဆင်ကြိုးစားပြုလုပ်နေပါတယ်။ မနှစ်ကလိုပဲ တောမကျေးရွာကိုယ်စားပြု ရွှေထီလာ သင်္ကြန်အလှပြယာဉ်နဲ့အတူ ယိမ်းအဖွဲ့က မြို့ပေါ်ရပ်ကွက်များဖြစ်တဲ့ ဝန်ဇင်း၊ ရန်မျိုးအောင်၊ပြည်သာယာ၊ ကျီတော်ကုန်းရပ်ကွက်များကိုလည်း ညစဉ်လှည့်လည်ကပြဖျော်ဖြေတာမျိုးလည်း ပြုလုပ်သွားမှာပါ" ဟု တောမကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းထွန်းက ပြောသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ကျောက်ပန်းတောင်းမြို့နယ်ထွက် ဖရဲသီးများ ဈေးနှုန်းကျဆင်း

**ကျောက်ပန်းတောင်း မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ထွက်ကုန်ဖြစ်သည့် ဖရဲသီးများ စတင်ဆွတ်ခူးချိန် ဈေးနှုန်းကျဆင်းနေခြင်းကြောင့် ဖရဲစိုက် တောင်သူများ အရှုံးနှင့်ရင်ဆိုင်နေရကြောင်း ဂျပန်ဖရဲ (ခေါ်) 2.1.1 တံဆိပ်စိုက် ဖရဲစိုက်တောင်သူများထံမှ သိရသည်။

အဆိုပါ ဖရဲစိုက်တောင်သူများသည် နှိုဝင်ဘာလတွင် ပျိုးစေ့များအား စတင်ပျိုးထောင်ကြပြီး ၁၈ ရက်မှ ရက် ၂၀ သားပင်ပေါက် ရောက်လျှင် ဖရဲစိုက်ပျိုးမည့်ယာခင်းတွင်းရွှေ့ပြောင်း စိုက်ပေးရကြောင်းနှင့် စတင်စိုက်ပျိုးချိန်မှစတင်ကာ စိုက်ခင်းအား ဂရုစိုက်ပေးနေရကြောင်း ဖရဲညွန့်များ ထွက်လျှင် သုံးညွန့်သာချန်ထားပြီး ချန်ထားသည့် အညွန့်မှလွဲပြီး ထွက်လာသည့်အညွန့်များ ခူးပစ်ရကြောင်း သိရသည်။ ဖရဲတစ်ပင်တွင် ဖရဲသီး သုံးလုံးသာချန်ထားပြီး သီးလာသည့် ဖရဲသီးများ ခူးဆွတ်ပေးရကြောင်း သို့မှသာ ရောင်းတမ်းဝင် ဈေးကွက်ဝင် ဖရဲသီးဖြစ်လာမည်ဖြစ်ကြောင်း ဖရဲစိုက် တောင်သူ ဦးမောင်ဇော်က ပြောသည်။ ဖရဲများစိုက်ပြီး ရက်ပေါင်း ၆၅ ရက်ရှိလျှင် ခူးဆွတ်ချိန်ရောက်ရှိကြောင်းသိရပြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း စိုက်ရှိသည့် ဖရဲမျိုးများအား တစ်မျိုးတည်းသာစိုက်ပျိုးကြပြီး ဂျပန်ဖရဲ(ခေါ်)2.1.1 မျိုးဟု ခေါ်ဆိုကြောင်း၊ အခြားဒေသများတွင် ဒုံးကြည်သီးဖရဲဟု ခေါ်သေးကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က ကျောက်ပန်းတောင်းမြို့နယ်ထွက် ဖရဲသီးများဈေးကောင်းရသော်လည်း ဒီနှစ်ဈေးနှုန်းမရကြောင်း၊ ခေါင်သီးမှ တစ်လုံး ငွေကျပ် ၈၀၀ သာ ရောင်းချရပြီး ခေါင်သီးမဟုတ်သည့် အသီးများမှာ ငွေကျပ် ၄၅၀ သာ ရောင်းချရခြင်းကြောင့် ဒီနှစ်ဖရဲစိုက်တောင်သူများဈေးနှုန်းမရခြင်းကြောင့် တွက်ခြေမကိုက်ခြင်း၊ အရှုံးပေါ်ခြင်းများ ဖြစ်နေကြောင်း ကျောက်ပန်းတောင်းမြို့နယ် လဲဂွကျေးရွာဖရဲစိုက်တောင်သူများထံမှ သိရသည်။

**ကိုထိန်(ငါ့သရောက်)**



## နေပြည်တော်အဝေးပြေးယာဉ်လိုင်းများ သင်္ကြန်ကာလတွင် ပုံမှန်အတိုင်းပြေးဆွဲမည်

**နေပြည်တော် မေ ၁၀**

နေပြည်တော်အခြေပြု၍ တစ်နိုင်ငံလုံးသို့ ဖြန့်ကြက်ပြေးဆွဲနေသည့် အဝေးပြေးယာဉ်များ သင်္ကြန်ကာလအတွင်း နားရက်မရှိ ပုံမှန်အတိုင်း ပြေးဆွဲမည်ဖြစ်ကြောင်း (မ-ထ-သ အဝေးပြေး)မှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

နေပြည်တော်သည် အစိုးရရုံးများ ဆိုက်ရောက်ရာ မြို့တော်ဖြစ်သည့်အတွက် ရုံးဝန်ထမ်းများ သင်္ကြန်ကာလအတွင်း ခရီးသွားလာရေး အဆင်ပြေစေရန်အတွက် ခရီးထွက်ခွာမည့်ဝန်ထမ်းများ၏စာရင်းကို နေပြည်တော်ကောင်စီမှ စာရင်းပြုစုပေးမှုအပေါ် မ-ထ-သ(အဝေးပြေး)မှ ရောင်းချပေးလျက်ရှိပြီး ခရီးစဉ်ယာဉ်လိုင်း အဆင်ပြေစေရေးအတွက် ဝန်ထမ်းများသီးသန့် ရန်ကုန်ဘက်သို့ Express ယာဉ်နှစ်စီး၊ မန္တလေးဘက်သို့ Express ယာဉ် နှစ်စီး စီစဉ်ဆောင်ရွက်ထားကြောင်းနှင့် ခရီးသည်များ သွားလာရေးအဆင်ပြေချောမွေ့စေရေးကို အထူးဆောင်ရွက်ထားကြောင်း မ-ထ-သ(အဝေးပြေး)မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ မေ ၁၂ ရက် ညနေပိုင်းမှစတင်ကာ နေပြည်တော်မှ အထွက်ဂိတ်များဖြစ်တဲ့ စီလမ်းဆုံနဲ့ တောင်ညိုစစ်ဆေးရေးဂိတ်တွေမှာ ခရီးသည်တင်ယာဉ်တွေနဲ့ လူစီးယာဉ်ငယ်တွေအားလုံးကို မ-ထ-သ (အဝေးပြေး)မှ တာဝန်ရှိသူများ၊ ယာဉ်ထိန်း၊ နယ်မြေခံရဲ၊ မီးသတ် စတဲ့ အဖွဲ့ပေါင်းစုံနဲ့ ယာဉ်ကြံ့ခိုင်မှု ရှိ၊ မရှိ၊ ခရီးသည်များ ထိုင်ခုံခါးပတ် ပတ်မှု ရှိ၊ မရှိ၊ ယာဉ်စည်းကမ်းနဲ့ ကိုက်ညီမှု ရှိ၊ မရှိ စတဲ့ ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့အတွက် အဖွဲ့စုံနဲ့ စစ်ဆေးဆောင်ရွက်မှာဖြစ်ပါတယ်။ ခရီးသည်တွေ အဆင်ပြေဖို့အတွက် ယာဉ်လိုင်းအလိုက်၊ လုပ်ငန်းစီမံချက်ပါ ယာဉ်ပြေးဆွဲချိန်အတိုင်း(မလျှော့ဘဲ) ပြေးဆွဲရန်လည်း မှာကြားထားပါတယ်။ သင်္ကြန်လက်မှတ်များကိုလည်း ယခု မေ ၅ ရက်မှ စတင်ရောင်းချလျက်ရှိရာ လက်မှတ်ရောင်းဈေးကို တိုးမြှင့်၍ ရောင်းချခြင်းမပြုရန်၊ ပုံမှန်အတိုင်း ရောင်းချရန် ယာဉ်လိုင်းတာဝန်ခံများကို မှာကြားထားပြီးဖြစ်ပါတယ်"ဟု မ-ထ-သ(အဝေးပြေး)မှ လက်ထောက်ဌာနမှူး(ပို့ဆောင်ရေး) ဦးအောင်ကျော်နိုင်က ရှင်းပြသည်။

နေပြည်တော်ကို အခြေပြု၍ ပြေးဆွဲနေသော ယာဉ်အသင်း ၃၀ ရှိ၍ အခြားမြို့အခြေစိုက်ယာဉ်အသင်း ၁၀၄ သင်းရှိကာ နေပြည်တော် အခြေပြု၍ Up and Down Crossing ပြေးဆွဲနေကြောင်း မ-ထ-သ (အဝေးပြေး)မှ လက်ထောက်ဌာနမှူး (ပို့ဆောင်ရေး) ဦးအောင်ကျော်နိုင်က ပြောကြားသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## သဘာဝဘေးဒဏ်ခံနိုင်သော ရပ်ရွာအသိုက်အဝန်းဖြစ်ပေါ်စေရေး ပညာပေး

**ပဲခူး မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဦးဆောင်ပြီး ကဝမြို့နယ် တံတားဦးကျေးရွာအုပ်စု တံတားဦးရွာဟောင်းနှင့် အရိုးပုံ(ရွာဟောင်း)ကျေးရွာအတွင်းရှိ ဆင်းရဲနွမ်းပါးပြီး သဘာဝဘေးကျရောက်လျှင် ကြံ့ခိုင်မှုမရှိသော နေအိမ်များအား မိုးကြိုကာလ လေဘေးကြိုတင်ကာကွယ်ရေးအတွက် မေ ၉ ရက် နံနက်ပိုင်းက ပြန်လည်တည်ဆောက်ပေးမှုများ ပြုလုပ်ပေးကြသည်။

တံတားဦး ရွာဟောင်းနှင့် အရိုးပုံ(ရွာဟောင်း) ဆင်းရဲနွမ်းပါးပြီးကြံ့ခိုင်မှုမရှိသော နေအိမ် ၁၃၀ ကျော်အား တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင် ဦးဆောင်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်လုပ်အားပေးများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး နေအိမ်များကြံ့ခိုင်စေရန် ပြန်လည်ပြုပြင်ခြင်းများပြုလုပ်ပေးခြင်းဖြစ်သည်။

နွေဦးကာလနှင့် မိုးကြိုကာလ ရာသီပြောင်းချိန်တွင် လေပြင်းမုန်တိုင်း ကျရောက်လေ့ရှိသဖြင့် လေပြင်းဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှုနည်းနိုင်သမျှနည်းပါးစေရန် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပဲခူးခရိုင်အတွင်းမှ သနပ်ပင်၊ ညောင်လေးပင်၊ ရွှေကျင်၊ ကဝ၊ တောင်ငူခရိုင်အတွင်းမှ ရေတာရှည်၊ ထန်းတပင်၊ ဖြူး၊ ကျောက်ကြီး၊ ပြည်ခရိုင်အတွင်းမှ ပေါင်းတည်၊ သဲကုန်း၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ သာယာဝတီခရိုင်အတွင်းမှ မိုးညို၊ လက်ပံတန်း၊ နတ်တလင်း၊ ဇီးကုန်းစသည့်မြို့နယ် ၁၆ မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဆင်းရဲနွမ်းပါးပြီး ကြံ့ခိုင်မှုမရှိသော နေအိမ် ၂၀၀၀ ကျော်အား လေပြင်းဒဏ်ကြံ့ခိုင်နိုင်စွမ်းရှိစေရန် အိုးအိမ်များကို အသေးစားပြင်ဆင်ပေးခြင်းလုပ်ငန်းများကို လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## မုံရွာမဟာသင်္ကြန်ပွဲတော်တွင် သင်္ကြန်အလှပြယာဉ် ၂၅ စီးနှင့် သံချပ်အဖွဲ့ ၁၁ ဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်

**မုံရွာ မေ ၁၀**

မုံရွာမြို့တွင်ကျင်းပမည့် ၁၃၈၀ ပြည့်နှစ်မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် သင်္ကြန်အလှပြ ယာဉ် ၂၅ စီးနှင့် သံချပ်အဖွဲ့ ၁၁ ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြရန် စာရင်းပေးသွင်းထားကြောင်း သင်္ကြန်အလှပြယာဉ်နှင့် သံချပ်ပြိုင်ပွဲဗဟို အကဲဖြတ်ခုံသမာဓိအဖွဲ့မှ သိရသည်။

"အလှပြယာဉ်တွေကို စစ်ဆေးအကဲဖြတ်တာကို ဗဟိုမဏ္ဍပ်မှာလုပ်မှာဖြစ်တယ်၊ သံချပ်ပြိုင်ပွဲ စစ်ဆေးအကဲဖြတ်တာကိုတော့ လူမှုရေးမဏ္ဍပ်မှာ လုပ်မှာပါ၊ ပြိုင်ပွဲဝင် သံချပ်စာသားများကို မေ ၈ ရက်မှာ အကဲဖြတ်အဖွဲ့ကို အပြီးပေးရမှာပါ၊ သံချပ်စာသားတွေမှာ လူမျိုးရေး၊ ဘာသာရေး၊ သွေးထိုးလှုံ့ဆော်မှုတွေ၊ ဆူပူအုံကြွမှုတွေ ဖြစ်စေမည့် အသုံးအနှုန်းတွေပါရင် အမှတ်ပေးမှာ မဟုတ်ပါဘူး၊ အများနဲ့ဆိုင်တဲ့ပြင်ဆင်စရာ၊ အပြုသဘောဆောင်တဲ့ ထောက်ပြမှုတွေကို စပ်ဆိုတာတွေကို အမှတ်ပေးသွားမှာပါ" ဟု သင်္ကြန်အလှပြယာဉ်နှင့် သံချပ်ပြိုင်ပွဲဗဟိုအကဲဖြတ် ခုံသမာဓိအဖွဲ့ဝင် တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်းက ပြောသည်။



အလှပြယာဉ်ပြိုင်ပွဲနှင့် သံချပ်ပြိုင်ပွဲတို့တွင် ပထမဆုကိုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုကိုငွေကျပ် ရှစ်သိန်း၊ တတိယဆုကိုငွေကျပ် ခြောက်သိန်း၊ နှစ်သိမ့်ဆု နှစ်ဆုအတွက် တစ်ဆုလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် ပေးအပ်ချီးမြှင့်ရန် စီစဉ်ထားကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ဂျူဗင်တပ်အသင်းက မာဆယ်လိုအား ခေါ်ယူမည်ဖြစ်ပြီး အဲလက်စ်ဆန်ဒရိုက ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့မည်ဟုဆို

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းဟာ ရီးယဲလ်မက်ဒရစ်ဘယ်နောက်ခံကစားသမား မာဆယ်လိုကို ခေါ်ယူဖို့စိတ်ဝင်စားနေတာဖြစ်ပြီး ဂျူဗင်တပ်အသင်းရဲ့ဘယ်နောက်ခံကစားသမား အဲလက်စ်ဆန်ဒရိုကလည်း ပီအက်စ်ဂျီအသင်းဆီ ပြောင်းရွှေ့ဖို့ စီစဉ်နေတယ်လို့သိရပါတယ်။




လက်ရှိအချိန်မှာ ဂျူဗင်တပ်နောက်ခံလူ အဲလက်စ်ဆန်ဒရိုကို ပီအက်စ်ဂျီအသင်းက ခေါ်ယူဖို့စိတ်ဝင်စားနေတဲ့အပြင် ဂျူဗင်တပ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ဟာလည်း အဲလက်စ်ဆန်ဒရိုရဲ့အပြောင်းအရွှေ့နဲ့ပတ်သက်ပြီး သဘောတူညီထားတယ်လို့လည်း သိရပါတယ်။

ပီအက်စ်ဂျီအသင်းအနေနဲ့ နောက်တန်းကစားသမား အဲလက်စ်ဆန်ဒရိုရဲ့ အပြောင်းအရွှေ့နဲ့ ပတ်သက်ပြီး ယူရိုသန်း ၅၀ သုံးစွဲသွားမယ်လို့ တရားဝင်ပြောကြားထားပါတယ်။ အဲလက်စ်ဆန်ဒရိုဟာ ဒီဇင်ဘာလအတွင်းက စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုထားတာဖြစ်လို့ ချုပ်ဆိုထားတဲ့စာချုပ်သစ်အရ အဲလက်စ်ဆန်ဒရိုဟာ ဂျူဗင်တပ်အသင်းမှာ ၂၀၂၃ ခုနှစ်အထိ ဆက်ရှိနေမှာ ဖြစ်ပါတယ်။

ဒါပေမယ့် ပီအက်စ်ဂျီအသင်းက ခေါ်ယူဖို့ကမ်းလှမ်းထားတဲ့အပြင် သဘောတူညီမှုပါ ရရှိထားတာဖြစ်လို့ ဂျူဗင်တပ်အသင်းအနေနဲ့ ဘယ်နောက်ခံကစားသမားတစ်ဦးကို မဖြစ်မနေ ခေါ်ယူရတော့မှာဖြစ်ပါတယ်။

ဒီကစားသမားနှစ်ဦးရဲ့လက်ရှိအသင်းတွေနဲ့ ပါဝင်ကစားထားမှုကို ကြည့်မယ်ဆိုရင်တော့ အဲလက်စ်ဆန်ဒရိုဟာ ၂၀၁၅ ခုနှစ်မှစတင်ကာ ဂျူဗင်တပ်အသင်းနဲ့အတူ ပွဲပေါင်း ၁၀၂ ပွဲအထိပါဝင်ကစားပေးထားသူဖြစ်ပြီး မာဆယ်လိုကလည်း ၂၀၀၇ ခုနှစ်မှစတင်ကာ ပွဲပေါင်း ၃၃၇ ပွဲအထိ ပါဝင်ကစားပေးထားတာဖြစ်ပါတယ်။

## မန်ယူနောက်ခံလူ ဘိုင်လီအား ရီးယဲလ်မက်ဒရစ် ခေါ်ယူမည်

ရီးယဲလ်မက်ဒရစ်အသင်းသည် မန်ယူအသင်း၏ ဗဟိုနောက်ခံကစားသမား အဲရစ်ဘိုင်လီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းဖြင့် ခေါ်ယူမည်ဟုဆိုသည်။

မန်ယူနောက်တန်းကစားသမား အဲရစ်ဘိုင်လီအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများကြုံခဲ့ရသည့်အပြင် ပုံမှန်ပွဲထွက်ကစားခွင့်ပါ ပျောက်ဆုံးခဲ့ရခြင်းကြောင့် မန်ယူအသင်းမှ အခြားအသင်းသို့ ပြောင်းရွှေ့ကစားရန်လည်း မျှော်လင့်ထားကြောင်း သိရသည်။

အဲရစ်ဘိုင်လီသည် ၂၀၁၆ ခုနှစ်အတွင်းက စပိန်လာလီဂါကလပ် ဗီလာရီးယဲလ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ ဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ လက်ရှိတွင်မူ မန်ယူအသင်းနှင့် စာချုပ်သက်တမ်း ၁၅ လကျန်ရှိနေသေးသော်လည်း အိုးထရက်ဖို့ဒ်နှင့် လမ်းခွဲရန်ဆန္ဒရှိနေကြောင်း သိရသည်။



## ဘောလုံးလောကသတင်းတိုများ

- ❖ **အဲဗာတန်အသင်းသည် ဘာမင်ဂမ်စီးတီးအသင်းမှ အသက် ၂၂ နှစ်အရွယ်ရှိ အင်္ဂလန်လူငယ်ကစားသမား ချီအဒမ်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။**
- ❖ *တိုက်စစ်မှူး အန်ဒီကာရိုးသည် လက်ရှိကလပ်ဝက်စ်ဟမ်းအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပါက မေဂျာလိဂ်ကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။*
- ❖ **ဝက်စ်ဟမ်းအသင်းသည် လီဗာပူးအသင်းနှင့် အင်္ဂလန်အသင်းတို့၏ အသက် ၂၈ နှစ်အရွယ် နောက်တန်းကစားသမား ဒန်နီယယ်ကလိုင်းအား ခေါ်ယူရန် ဘုန်းမောက်အသင်းနှင့် အပြိုင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။**
- ❖ *အေဒင်ဟာဇက်နှင့် ညီအစ်ကိုတော်စပ်သူ သော်ဂန်ဟာဇက်သည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် မိုချန်ဂလာဘတ်ချ်အသင်းမှ ထွက်ခွာကာ ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၃၄ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့မည်ဖြစ်ကြောင်း သိရသည်။*
- ❖ **အေစီမီလန်အသင်းသည် နည်းပြ ဂတ်တူဆို၏ နေရာတွင် အစားထိုးရန်အတွက် စပါးအသင်းနည်းပြ ပိုချက်တီနိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။**
- ❖ *လီဗာပူးအသင်းနည်းပြ ကလော့သည် လက်ရှိကလပ် လီဗာပူးအသင်းတွင် နောက်ထပ်အနည်းဆုံးသုံးနှစ်အထိ ဆက်ရှိနေရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။*

# အသင်းနဲ့လမ်းခွဲတော့မယ့် ရမ်ဆေးရဲ့နေရာမှာ မက်ဒီဆင်နဲ့ အစားထိုးမယ်ဆိုတဲ့ အာဆင်နယ်

အာဆင်နယ်အသင်းရဲ့ကွင်းလယ်ပိုင်းမှာ အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်သော ရမ်ဆေးဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းကို ပြောင်းရွှေ့တော့မယ်လို့ဆိုပါတယ်။ ရမ်ဆေးအနေနဲ့ ဂျူဗင်တပ်အသင်းကို ပြောင်းရွှေ့မယ်ဆိုရင်လေးနှစ်ခွဲသက်တမ်းရှိတဲ့ စာချုပ်တစ်ရပ်ချုပ်ဆိုမယ်လို့လည်း သိရပါတယ်။

အဲဒီလို ရမ်ဆေးပြောင်းရွှေ့သွားပြီဆိုရင် အာဆင်နယ်အသင်းအတွက်တော့ ရမ်ဆေးနေရာမှာ အစားထိုးဖို့ ကစားသမားသစ်တစ်ဦးကို မဖြစ်မနေလိုအပ်လာတော့မှာ ဖြစ်ပါတယ်။ ရမ်ဆေးဟာ အခုနှစ်ဘောလုံးရာသီမှာ အာဆင်နယ်အသင်းအတွက် အကျိုးအရှိဆုံးကစားသမားတစ်ဦးဖြစ်ပေမယ့် အာဆင်နယ်အသင်းပရိသတ်တွေကတော့ ရမ်ဆေးရဲ့ နေရာမှာ အစားထိုးဖို့ အာဆင်နယ်အသင်းလိုအပ်နေပြီလို့ တောင်းဆိုလာပါတယ်။

လက်ရှိမှာ ချယ်လ်ဆီးအသင်းနဲ့ ဆဲလ်တစ်အသင်းတို့မှာ ကစားခဲ့တဲ့ ကတ်စ်ကာရီနိုက ရမ်ဆေးရဲ့နေရာမှာ အစားထိုးဖို့ လက်စတာစီးတီးကစားသမားဖြစ်တဲ့ မက်ဒီဆင်အား ခေါ်ယူဖို့ အကြံပြုထားသလို အာဆင်နယ်အသင်းကလည်း တိုက်စစ်ရော ကွင်းလယ်ပါ ကစားနိုင်စွမ်းရှိတဲ့ မက်ဒီဆင်အား ခေါ်ယူမယ်လို့ သတင်းတွေထွက်ပေါ်လာပါတယ်။

လက်စတာစီးတီးအသင်းဟာ ကွင်းလယ်တိုက်စစ်ကစားသမား မက်ဒီဆင်အား ပြီးခဲ့တဲ့ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက နော့ဝှစ်ချ်အသင်းထံမှ ခေါ်ယူခဲ့တာဖြစ်ပြီး အခုနှစ်ဘောလုံးရာသီမှာ လက်စတာစီးတီးအသင်းအတွက် ခုနစ်ဂိုးသွင်းယူထားကာ ဂိုးဖန်တီးမှု ခြောက်ကြိမ်အထိပြုလုပ်ထားနိုင်ခဲ့တာကြောင့် အာဆင်နယ်အသင်းက ခေါ်ယူဖို့ စီစဉ်နေတာလည်းဖြစ်ပါတယ်။

# ယခုနှစ်ရဲ့ပီအက်ဖ်အေအကောင်းဆုံးကစားသမားအဖြစ် မန်စီးတီးတောင်ပံကစားသမားစတာလင်ကို ဗန်ဒိုက် မဲပေး


လီဗာပူးအသင်းရဲ့ နောက်တန်းကစားသမား ဗန်ဒိုက်ဟာ ယခုနှစ်ရဲ့ပီအက်ဖ်အေ(ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့)ကပေးအပ်တဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် မဲပေးရွေးချယ်ရာမှာ မန်စီးတီးတောင်ပံကစားသမား စတာလင်ကို မဲပေးခဲ့တယ်လို့ သိရပါတယ်။

နောက်တန်းကစားသမားဗန်ဒိုက်ဟာ လီဗာပူးအသင်းရဲ့ အကောင်းဆုံးနောက်တန်းကစားသမားတစ်ဦးဖြစ်သလို ယခုနှစ်ဘောလုံးရာသီမှာလည်း ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ အကောင်းဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ထားသူလည်းဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ် လီဗာပူးတောင်ပံကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ စတာလင်ဟာလည်း ယခုနှစ်မှာ မန်စီးတီးအသင်းအတွက် ပရီမီယာလိဂ်သွင်းဂိုး ၁၅ ဂိုးအထိသွင်းယူထားသူဖြစ်ပါတယ်။ ဒါကြောင့် ဗန်ဒိုက်အနေနဲ့ ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုဟာ စတာလင်နဲ့ ထိုက်တန်ပါတယ်လို့ ပြောခဲ့ပြီး လက်ရှိလီဗာပူးကစားဖော်တွေကိုတောင် မဲပေးခဲ့ခြင်းမရှိခဲ့ဘူးလို့ ဆိုပါတယ်။

ဗန်ဒိုက်ဟာ စတာလင်ကို ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် မဲပေးခဲ့သလို အခြားသော မန်စီးတီးကစားသမားတစ်ဦးဖြစ်တဲ့ ဘာနာဒိုဆေးလ်ဗားကိုလည်း မဲပေးခဲ့ပါတယ်။

နယ်သာလန်ကြယ်ပွင့်ကစားသမား ဗန်ဒိုက်ဟာ ပြီးခဲ့တဲ့နှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်းနဲ့ လီဗာပူးအသင်းကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ဗန်ဒိုက်ဟာ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့တာကြောင့် သူကိုယ်တိုင်လည်း တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရရှိလိမ့်မယ်လို့ မျှော်လင့်ထားတာလည်းဖြစ်ပါတယ်။



ငွေကြယ် - ရေးသားသည်

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဧပြီ ၁၀**

နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၉ ရက် နံနက် ၈ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမ၌ကျင်းပရာ ဗိုလ်လုပွဲစဉ်အဖြစ် တပ်ကုန်းမြို့နယ် လက်ရွေးစင်ဘော်လီဘောအသင်းနှင့် ဇေယျာသီရိမြို့နယ် လက်ရွေးစင်ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဇေယျာသီရိမြို့နယ် လက်ရွေးစင်ဘော်လီဘောအသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ အကောင်းဆုံးကစားသမားဆုများကို နေပြည်တော်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထိုက်ဦးနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးပြီး ပထမ၊ ဒုတိယနှင့် တတိယရရှိကြသည့် အသင်းများအား တစ်ဦးချင်းဆုတံဆိပ်များကို နေပြည်တော်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဇော်ထွန်းနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးထိန်ဝင်းက ပထမ၊ ဒုတိယနှင့် တတိယရရှိကြသည့် အသင်းများအား ငွေသားဆုများကို ချီးမြှင့်ပေးသည်။

ယင်းနောက် ၂၀၁၉ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုဖလားရရှိသည့် ဇေယျာသီရိမြို့နယ် လက်ရွေးစင်ဘော်လီဘောအသင်းအား နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

၂၀၁၉ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲကို ဧပြီ ၃ ရက်မှ ၉ ရက်ထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဇေယျာသီရိမြို့နယ် လက်ရွေးစင်ဘော်လီဘောအသင်းက ပထမဆု၊ တပ်ကုန်းမြို့နယ် လက်ရွေးစင်အသင်းက ဒုတိယဆုနှင့် ပျဉ်းမနားမြို့နယ် လက်ရွေးစင်အသင်းက တတိယဆုအဖြစ် ဆုများအသီးသီးဆွတ်ခူးရရှိသွားကြောင်း သိရသည်။



**စိုးမိုး(ပြန်/ဆက်)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မယ်စဲ့ ဧပြီ ၁၀**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဧပြီ ၈ ရက် နံနက်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကြည့်ရှုစစ်ဆေးသည်။

လွှတ်တော်ကိုယ်စားလှယ်များနှင့်အဖွဲ့သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း ၅၀ ဖြင့် မယ်ဆည်နမ်ကျေးရွာရှိ တိုးချဲ့ရွာအတွင်း မြေသားလမ်း ပေ ၂၄၀၀ ဖောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# လုပ်ငန်းတွင် ထိခိုက်ခဲ့သူအား အမြဲတမ်းမသန်စွမ်းမှုအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့်ထုတ်ပေး



**ပြည်ကြီးတံခွန် ဧပြီ ၁၀**

လုပ်ငန်းတွင် ထိခိုက်၍ ဘယ်ဘက်လက် တံတောင်ဆစ်အောက် ပြတ်တောက်သူအား အမြဲတမ်းမသန်စွမ်းမှုအတွက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ထုတ်ပေးခြင်းကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စပါးနှံ့တာယာနှင့်ကျွတ်စက်ရုံ အစည်းအဝေးခန်းမ၌ ဧပြီ ၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းနှင်းဦးက လူမှုဖူလုံရေး အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လူမှုဖူလုံရေး ဥပဒေအကြောင်း သိကောင်းစရာများ ဆွေးနွေး ပြောကြားသည်။

အာမခံအလုပ်သမား ဦးဝေဖြိုးအောင်အား လူမှုဖူလုံရေးအကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၄၄၄၅၂၈၀ အား မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက ပေးအပ်သည်။

ဆက်လက်၍ စပါးနှံ့တာယာနှင့် ကျွတ်စက်ရုံမှ အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အဆိုပါ အလုပ်သမားအား ကရုဏာထောက်ပံ့ကြေးအဖြစ် ငွေကျပ် ၃၀၀၀၀၀၀ အား ပေးအပ်သည်။

ထို့နောက် မန္တလေးမြို့ မြို့နယ်လူမှုဖူလုံရေးရုံး (ရုံးခွဲ-၃) တွင် အကျုံးဝင်မှတ်ပုံတင်ထားသော စပါးနှံ့တာယာနှင့် ကျွတ်စက်ရုံမှ အာမခံအလုပ်သမား ဦးဝေဖြိုးအောင်သည် ၂၀၁၈ ခုနှစ် ဇွန် ၇ ရက်က ကျွတ်ညစ်စက်အတွင်းသို့ကျလာသော ရော်ဘာများအား လက်ဖြင့်စက်ထဲထည့်ရာမှ ဘယ်ဘက်လက် တံတောင်ဆစ်အောက် ပြတ်တောက်ခဲ့ကြောင်း သိရ သည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# တာချီလိတ်မြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး

**တာချီလိတ် ဧပြီ ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နားမွန်းကျေးရွာတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဧပြီ ၇ ရက် နံနက်က ဘုရားကျောင်း၌ပြုလုပ်ရာ ကျေးရွာနေပြည်သူ ၁၂၀ ခန့် တက်ရောက်သည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁) တာချီလိတ်မှ တပ်ဖွဲ့စိတ်မှူး ရဲမှူးရင်ရင်အေးက ခရိုင်အတွင်း ကျေးရွာများတွင် နေထိုင်သူအချင်းချင်း၊ လူမျိုးတူပွဲစားများက တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးမည်ဟူ၍လည်းကောင်း၊ တရုတ်အမျိုးသားများနှင့် လက်ထပ်ရန်လည်းကောင်း စည်းရုံး၍ လူကုန်ကူးမှုများဖြစ်ပွားလေ့ရှိကြောင်း ပညာပေးဟောပြောကာ ရဲအုပ်လှဘုန်းက ယခင်ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များနှင့်အတူ ရှင်းလင်းဆွေးနွေးသည်။

ဟောပြောပွဲအပြီးတွင် အသိပညာပေး ဗီဒီယိုပြသပေးပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များနှင့် ပိုစတာများအား ဖြန့်ဝေပေးသည်။

**ဝေယံလင်း (ပြန်/ဆက်)**



# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြ

**မုံးကိုး ဧပြီ ၁၀**

မူဆယ်ခရိုင် မုံးကိုးမြို့တွင် ဈေးမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြမှုကို ဧပြီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် မုံးကိုးမြို့ ပြည်သာယာဈေး၌ ပြုလုပ်သည်။

မီးဘေးအန္တရာယ်ကြုံလာပါက မီးငြိမ်းသတ်နိုင်အောင် မီးငြိမ်းသတ်ပုံ၊ ငြိမ်းသတ်နည်းကို မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြခဲ့ပြီး ပြည်သူများအား မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ငြိမ်းသတ်စေခဲ့သည်။ ထို့နောက် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ပုံ မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြခဲ့သည်။

"မီးသတ်ဆေးဘူးကို အသုံးပြုတတ်အောင် မီးငြိမ်းသတ်ပုံကို လက်တွေ့ပြုလုပ်ခိုင်းပါတယ်၊ ဈေးဆိုင်ခန်းတစ်ခန်းချင်း၊ တစ်ဦးချင်း မီးကို ပေါ့လျော့စွာ အသုံးမပြုရန်အတွက် ခုလိုပြုလုပ်ပေးရခြင်းဖြစ်ပါတယ်"ဟု မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ထွေးအောင်က ပြောသည်။

**ဗန်ရိုးထန်(ပြန်/ဆက်)**



# နိုင်ငံခြားဘာသာ(ဂျပန်) စကားပြောသင်တန်းဖွင့်

**မကွေး ဧပြီ ၁၀**

နိုင်ငံခြားဘာသာ (ဂျပန်) စကားပြောအခြေခံသင်တန်း (၃/၂၀၁၉) ကို ထနောင်းရင်ခွင်စာပေဝိုင်းနှင့် အောင်ပွဲစံကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်း၍ ဧပြီ ၈ ရက် နံနက် ၈ နာရီခွဲက မကွေးမြို့ အောင်ပွဲစံ ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ သင်တန်းဖွင့်ပွဲ ကျင်းပသည်။

"ဒီသင်တန်းက အခမဲ့သင်တန်းဖြစ်ပါတယ်။ မကွေး၊ မင်းဘူး၊ မင်းလှ၊ စလင်း၊ရေနံချောင်း၊ နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီးမြို့နယ်တို့မှ သင်တန်းသားစုစုပေါင်း ၂၀၀ နဲ့ ဖွင့်လှစ်ပို့ချနေတာဖြစ်ပါတယ်" ဟု စာရေးဆရာနိုင်ယုဝေက ပြောသည်။

အဆိုပါသင်တန်းတွင် သင်တန်းဆရာကြီး ဒေါက်တာသိန်းဆွေ (ဂျပန်တက္ကသိုလ်) နှင့် လက်ထောက်ဆရာ၊ ဆရာမ ဒေါ်ယုကလျာမြင့်တို့က ဧပြီ ၃၀ ရက်ထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဗဲ)**





# မြန်မာ့ရိုးရာမဟာသင်္ကြန်နှင့်ခရီးသွားဧည့်သည်များအကြားလူကြိုက်များသည့် ပါပန့်ကျွန်း(Smart Island)



**မြိတ် ဧပြီ ၁၀**

လှပရှည်လျားသော သဲတန်းဖြူကမ်းခြေ၊ ကျောက်စရစ်ကမ်းခြေ၊ ကြည်လင်စိမ်းလန်းသောရေပြင်၊ အလွန်လှပသောရေအောက်ရှုခင်းများ၊ သန္တာကျောက်တန်းများ၊ မျိုးစိတ်ပေါင်းများစွာသော ရေနေသတ္တဝါများဖြင့် အလွန်ဂုဏ်ယူဖွယ်ကောင်းသော သဘာဝပတ်ဝန်းကျင်တည်ရှိသည့် မြိတ်ကျွန်းစုရှိ ပါပန့်ကျွန်း(Smart Island )ကို သင်္ကြန်ကာလတွင် လာရောက်လည်ပတ်ရန် ကြိုတင်မှာယူမှုများ များပြားလျက်ရှိကြောင်း ခရီးသွားလုပ်ငန်းရှင်များထံမှ သိရသည်။

မြိတ်ကျွန်းစုတွင် ကျွန်းအပန်းဖြေခရီးသွားလုပ်ငန်း လုပ်ကိုင်နေသော ကုမ္ပဏီ/လုပ်ငန်း ၃၅ ခုရှိပြီး Speed Boat အစင်း ၄၀ ခန့်ရှိကြောင်း၊ သင်္ကြန်ကာလတွင် Speed Boat များ၌ ဝန်ပိုမတင်ရေး၊ အသက်ကယ်အင်္ကျီနှင့် ဆေးသေတ္တာများယူဆောင်ရေး၊ ဆက်သွယ်ရေးစက်များ တပ်ဆင်ရေး စသည်တို့ကို မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များအသင်း အစည်းအဝေးတွင် ညွှန်ကြားထားကြောင်း၊ ကျွန်းအပန်းဖြေခရီးသွားဧည့်သည်များအတွက် လုံခြုံရေးကို အသင်းအနေဖြင့် ရဲတပ်ဖွဲ့ကို အကူအညီတောင်းထားကြောင်း၊ သင်္ကြန်ကာလတွင် လာရောက်ကြသော ခရီးသွားများဆိပ်ကမ်းမှ လှေပေါ်တက်ဆင်း အန္တရာယ်ကင်းရှင်းအောင် ကြီးကြပ်ရေးကော်မတီဖွဲ့စည်းထားပြီး စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသိန်းဆွေမြင့်ထံမှ သိရသည်။

ပါပန့်ကျွန်း(Smart Island )သည် ဇရိယာအားဖြင့်(၅၄၅ ဒသမ ၀၆) ဧကခန့်ရှိကာ တောတောင်ထူထပ်၍ ကျွန်း၏ မြောက်ဘက်ပိုင်းတွင် ပေ ၄၀၀၀ ခန့်ရှည်လျားသော ကျောက်စရစ်ကမ်းခြေတစ်ခုနှင့် တောင်ဘက်တွင် ပေ ၆၀၀ ခန့်ရှည်လျားသော သဲဖြူကမ်းခြေ သုံးခုတည်ရှိပြီး ကျွန်း၏ အရှေ့ဘက်တွင် နှစ်ဖက်လှကျွန်း၊ အနောက်ဘက်တွင် ပဒန်းကျွန်း၊ မြောက်ဘက်တွင် ကွမ်းရွက်ကျွန်း၊ တောင်ဘက်တွင် ဒါန်းကျွန်းတို့ တည်ရှိကြောင်း မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များအသင်းမှ သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**







